ကြေးမုံ
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
The Mirror Daily
Established in 1957

e - paper ဖတ်ရှုရန်

**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရားခံ၍တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်းပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဝိယဝဂ်(ဓမ္မပဒ -၂၁၇)

၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက် တနင်္လာနေ့။ Monday, 28 September 2026 ၁၂၃၁၅

**ယနေ့ ဖတ်စရာ**

**တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှု ဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်**

စာမျက်နှာ » ၁၇







နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကမာရွတ်မြို့နယ် ဆေးတက္ကသိုလ်(၁) ရန်ကုန်ဝင်းအတွင်း ရှေးယခင်က တည်ရှိခဲ့သည့် လိပ်ခုံးပုံ (MULTI-PURPOSE ASSEMBLY HALL) အဆောက်အအုံအား မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)နှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်များ၏လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒဂုံတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)နှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆၇ သန်း ကုန်သွယ်နိုင်ခဲ့



မြစ်ကြီးနား စက်တင်ဘာ ၂၇

မြစ်ကြီးနားမြို့ အဝင် ကုန်စစ်ဆေးရေးစခန်းကို နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ တရားမဝင် ကုန်သွယ်မှုများ တရားဝင် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေးနှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ရရှိရေးအတွက် ဩဂုတ် ၂၉ ရက်က စတင်ဖွင့်လှစ်၍ ကုန်စစ်ဆေးရေး လုပ်ငန်းများကို

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✺

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်း

နေပြည်တော် စက်တင်ဘာ ၂၇

**အားကောင်းသောလေဖိအားနည်းရပ်ဝန်းအခြေအနေ**

ယနေ့ည ၉ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မွန်-တနင်္သာရီကမ်းရိုးတန်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ပွဲတော်၌ မီးပုံးပျံအလုံးရေ ၃၀၀၀၀ လွှတ်တင်မည်

ပုဂံ စက်တင်ဘာ ၂၇

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေတွင် ယခုလာမည့် သီတင်းကျွတ်ပွဲတော်၌ မီးပုံးပျံအလုံးရေ ၃၀၀၀၀ လွှတ်တင်သွားမည်ဖြစ်ပြီး ထိုသို့ လွှတ်တင်နိုင်ရန် ကြိုတင်စမ်းသပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ပုဂံသီတင်းကျွတ်ပွဲတော်မှာ မီးပုံးပျံ ၃၀၀၀၀ လွှတ်တင်ဖို့ရှိပါတယ်။ အဖိတ်နေ့နဲ့ လပြည့်နေ့မှာ နှစ်ရက်ခွဲပြီး လွှတ်တင်မှာပါ။ မီးပုံးပျံပြုလုပ်ဖို့ မြင်းကပါရွာကို အပ်ထားပါတယ်။ တောင်ကြီးက မီးပုံးပျံအဖွဲ့လည်း ရောက်နေပါတယ်။ အလုံးရေများတဲ့အတွက် မီးသတ်ဌာနအပါအဝင်သက်ဆိုင်ရာဌာနအားလုံးနဲ့ ဝိုင်းဝန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် လူငယ်တွေနဲ့ ဌာနဆိုင်ရာ၊ ဒေသခံတွေစုပေါင်းပြီး

**စာမျက်နှာ ၄ ကော်လံ ၄ သို့** ❄

**အနာဂတ်ကို ပြောင်းလဲမယ့် 5G လှိုင်းဂယက်**

ဆောင်းပါး စာမျက်နှာ » ၆

**ယှဉ်ပြိုင်တိုးတက်မှ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်မည်**

ဆောင်းပါး စာမျက်နှာ » ၁၄

# ငြိမ်းချမ်းရေးကိုလက်တွဲတည်ဆောက် ဖွံ့ဖြိုးရေးကိုအတူတကွဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အဓိကလိုအပ်ချက်မှာ ထာဝရငြိမ်းချမ်းရေးဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့် ငြိမ်းချမ်းရေးရရှိစေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး ငြိမ်းချမ်းစွာ အဖြေရှာ ဆောင်ရွက်လျက်ရှိသည်။ အလားတူ တိုင်းရင်းသားပြည်သူအားလုံးတို့ကလည်း နှစ်ပေါင်းများစွာ မျှော်လင့်စောင့်စားခဲ့ရသည့် ငြိမ်းချမ်းရေးအကျိုးရလဒ်များ ပေါ်ထွက်လာစေရန် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ရမည်ဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် ဆိုးမွေများကို ဦးစွာကြုံတွေ့ခံစားနေကြရသူများမှာ တိုင်းရင်းသားပြည်သူများဖြစ်သည်။ ၎င်းနောက် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသတိုးတက်မှုများကို ဖြောင့်တန်းအောင် မတည်ဆောက်နိုင်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့သည့်အဖြစ်ကို မြင်တွေ့ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးမှုကို မကြာခဏပြုလုပ်လျက်ရှိသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိနိုင်သည်။ ကိုယ်စီလိုလားချက်များကို လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် တောင်းဆိုခြင်းသည် မှားယွင်းသောလမ်းစဉ်ဖြစ်၍ မှန်ကန်သည့် အကျိုးရလဒ်ကောင်းများရရှိနိုင်မည်မဟုတ်ပေ။ တိုင်းရင်းသားများအကြား နားလည်မှုလွဲမှားခြင်းများ၊ လိုလားချက်များကို တွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းနိုင်ရေးငြိမ်းချမ်းရေးတံခါးကို အစဉ်အမြဲဖွင့်လှစ်ကြိုဆိုလျက်ရှိသည်။

“ငြိမ်းချမ်းရေးကို လက်တွဲတည်ဆောက်၊ ဖွံ့ဖြိုးရေးကို အတူတကွဖော်ဆောင်” ဆောင်ပုဒ်ဖြင့် အလွှာပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံပါဝင်သော “ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆”ကို စက်တင်ဘာလ ၂၆ ရက်နေ့က ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့သည်။ နှစ်ရက်ကြာကျင်းပသည့် ဖိုရမ်တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီအဖွဲ့ဝင်များ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ အကြံပေးအဖွဲ့ခေါင်းဆောင်၊ ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ ပြည်နယ်လွှတ်တော်၊ တိုင်းစစ်ဌာနချုပ်၊ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ ကျောင်းသား ကျောင်းသူများ စုံလင်စွာတက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးနှင့်အဓိကသက်ဆိုင်သည့် ပုဂ္ဂိုလ်များ၏ ဆွေးနွေးပြောကြားမှုများနှင့်အတူ ကြာအင်းဆိပ်ကြီး၊ ကော့ကရိတ်၊ ဖာပွန်မြို့နယ်ကိုယ်စားလှယ်များ၏ ကရင်ပြည်နယ်အတွင်း ဒေသအလိုက် ပဋိပက္ခဒဏ်ခံရသူများ၏ အသံနှင့် ပဋိပက္ခလျှော့ချရပ်တန့်ရေးဆန္ဒများ၊ ကရင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများရပ်တန့်ရေးနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းတည်ဆောက်ရေး၊ ကရင်ပြည်နယ်အတွင်း ပဋိပက္ခဒဏ်ခံရသူများအတွက် ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆွေးနွေးပြောကြားချက်များသည် ကရင်ပြည်နယ်ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေပြီး အနှစ်သာရပြည့်ဝသည့် လက်တွေ့ကျသော အကောင်အထည်ဖော်မှုများဖြစ်သည်။

ကရင်ပြည်နယ်တွင် ပထမဆုံးကျင်းပသည့် ယခုဖိုရမ်သည် ငြိမ်းချမ်းရေးကို သက်ဆိုင်သူများ ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်ယုံကြည်မှုကို ခိုင်မာစွာတည်ဆောက်နိုင်ရန်၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားများ၏ အမျိုးသားရေးလက္ခဏာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသော အမြင်များ ဖော်ထုတ်နိုင်ရန် အရေးကြီးသောအခွင့်အလမ်းကောင်းများဖြစ်သည်။ ဖိုရမ်မှ ပေါ်ထွက်လာမည့် ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသော ရလဒ်ကောင်းများဖြစ်ပေါ်စေကာ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်စေရေးအတွက် အမှန်တကယ် အထောက်အကူပြုမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာဖြစ်ပေါ်လျက်ရှိသော လက်နက်ကိုင်ပဋိပက္ခများသည် တိုင်းရင်းသားဒေသများ အထူးသဖြင့် ပြည်နယ်များတွင် ဖြစ်ပေါ်လျက်ရှိရာ ဆိုးမွေများကို ဒေသခံတိုင်းရင်းသားပြည်သူများ တိုက်ရိုက်ထိတွေ့ခံစားနေကြရသည်ကို အားလုံးသိရှိပြီးဖြစ်သည်။ တိုင်းရင်းသားဒေသများတွင် လက်နက်ကိုင်ပဋိပက္ခများလျှော့ချချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ယခုကျင်းပသော ကရင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ကဲ့သို့ လက်နက်ကိုင်ပဋိပက္ခများ ကြုံတွေ့နေရသော ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ဆက်လက်ကျင်းပပြီး ပြည်ထောင်စုကြီးတစ်ခုလုံး လက်နက်ကိုင်ပဋိပက္ခများလျှော့ချရေး၊ ချုပ်ငြိမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် အတူတကွလက်တွဲတည်ဆောက်၊ အတူတကွ လက်တွဲဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပါသည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ) ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါ ဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက် ရန်၊

( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

( ၅ ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

( ၈ ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်း မပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

( ၉ ) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေး နှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## ၂၇ - ၉ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၃၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

### ဒဂုံတက္ကသိုလ်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်ဘူတာရုံသို့ ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ဘူတာရုံအနီး ကျောင်းသား ကျောင်းသူများ နေ့စဉ် အဆင်ပြေချောမွေ့စွာ ကျောင်းတက်ရောက်နိုင်ရန် YBS ဘတ်စ်ကားဂိတ်ထားရှိနိုင်ရေး ယာဉ်ရပ်နားဝင်းနှင့် ယာဉ်လှည့်ကွင်းတည်ဆောက်နိုင်မည့် လျာထားနေရာ ရွေးချယ်ထားရှိမှု၊ ကျောင်းအတွင်းရှိ ဗိုလ်မှူးဗထူးလမ်း လမ်းဘေး ဘယ်ညာ လူသွားပလက်ဖောင်းများ ဆောင်ရွက်ခြင်းနှင့် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေ၊ တက္ကသိုလ်ဝင်းအတွင်း ယာဉ်ကြောမျဉ်းနှင့် လူကူးမျဉ်းကျားများ စနစ်တကျဆေးရေးဆွဲသွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယာဉ်ရပ်နားဝင်းနှင့် ယာဉ်လှည့်ကွင်းနေရာ တည်ဆောက်ရာ၌ မြေသားအောက်ခံဖောင်ဒေးရှင်း ကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်သွားရန်၊ ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာအသုံးပြုနိုင်ရေး လူသွားပလက်ဖောင်းများ ထည့်သွင်းတည်ဆောက်သွားရန်နှင့် ကျောင်းဆင်း၊ ကျောင်းတက်ချိန်များ၌ YBS ဘတ်စ်ကားများကို အချိန်နှင့်တစ်ပြေးညီ စီမံပြေးဆွဲပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘူတာရုံယာဒ်ဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဘူတာနယ်နိမိတ်အတွင်း စည်းကမ်းစနစ်တကျဖြစ်စေရေးနှင့် သန့်ရှင်းသာယာလှပရေး အမြဲမပြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒဂုံတက္ကသိုလ် ဧရိယာတစ်ခုလုံးအနေဖြင့်လည်း တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ ဖြစ်စေရေး လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာရှိ ချုံနွယ်များအား ရှင်းလင်းသွားရန်နှင့် သစ်ပင်ကြီးများကိုလည်း အလင်းဖွင့်ခုတ်ထွင်ခြင်းများ ဆောင်ရွက်သွားရန်လိုပြီး သန့်ရှင်းသာယာလှပသည့်၊ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် တက္ကသိုလ်ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖော်ဆောင်ပေးသွားရန်လိုကြောင်း၊ ရေဝပ်ဧရိယာများမရှိစေရေးအတွက်လည်း မြေဖို့ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျ ဖော်ထုတ်ပေးခြင်းများဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းတွင်းလမ်းများကိုလည်း သတ်မှတ်ချက်များနှင့် အညီဖြစ်စေရေး စနစ်တကျပြန်လည်အဆင့်မြှင့်တင်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ချစ်စိန်တို့က တက္ကသိုလ်၏ မျှော်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ တက္ကသိုလ်၏ လိုအပ်ချက်များ၊ ဘာသာရပ်များအလိုက် သင်ကြားပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ အကြီးစား ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် တက္ကသိုလ် အားကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်းနှင့် ပွဲကြည့်စင် အဆင့်မြှင့်တင်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဘောလုံးကွင်းအား မီတာ ၄၀၀ ပြေးလမ်းပါ စံကိုက်ကွင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် ပွဲကြည့်စင်ကိုလည်း သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး ပြန်လည်တည်ဆောက်သွားရန် လိုကြောင်း၊ အားကစားကွင်း အဆင့်မြှင့်တင်ခြင်းများနှင့် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ကျောင်းအားကစားပွဲများကို လေ့ကျင့်ရေးအားကစားကွင်း၌ ဆောင်ရွက်နိုင်ရေး စီမံပေးထားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

### ဆေးတက္ကသိုလ်(၁) ရန်ကုန်

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ် ဆေးတက္ကသိုလ်(၁) ရန်ကုန်ဝင်းအတွင်း ရှေးယခင်က တည်ရှိခဲ့သည့် လိပ်ခုံးပုံ (MULTI–PURPOSE ASSEMBLY HALL) အဆောက်အအုံအား မူလပုံစံမပျက်ခေတ်မီဆန်းသစ်သည့်အသွင်ဖြင့် အသစ်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိကြရာ ဆေးတက္ကသိုလ်(၁)နှင့် (၂) တို့မှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် တည်ဆောက်ရေး လုပ်ငန်းခွင်အား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုများအပေါ် ယခင်က တည်ရှိခဲ့သည့် လိပ်ခုံးပုံအဆောက်အအုံ၏သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာများကို ပြန်လည်ကြည့်ရှုလေ့လာဆန်းစစ်၍ မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့် အသွင်ဖြင့် လိပ်ခုံးပုံအဆောက်အအုံဖြစ်စေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ယခု တည်ဆောက်မည့်လိပ်ခုံးပုံအဆောက်အအုံသည် မော်တော်ယာဉ်များ အသွားအလာများပြားသည့် ပြည်လမ်းမကြီးဘေးတွင် တည်ရှိသည်ဖြစ်၍ အသံထိန်းစနစ်များကိုလည်း စနစ်တကျတွက်ချက်ထည့်သွင်းဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

အဆိုပါယခင်ကအထင်ကရအဆောက်အအုံတစ်ခုအဖြစ် ကျော်ကြားတည်ရှိခဲ့သည့် လိပ်ခုံးပုံသစ်သားခန်းမကြီး (MULTI–PURPOSE ASSEMBLY HALL) အဆောက်အအုံကိုဗြိတိသျှဗိသုကာပညာရှင် Ragian Squire က ဒီဇိုင်းရေးဆွဲခဲ့ခြင်းဖြစ်ပြီး ၁၉၅၄ – ၁၉၅၆ ခုနှစ်များအတွင်း ရန်ကုန် စက်မှုတက္ကသိုလ်အတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် အဆိုပါ လိပ်ခုံးသစ်သားခန်းမကြီးကို ၁၉၈၀ ပြည့်နှစ် ဝန်းကျင်ခန့်တွင် ယိုယွင်းပျက်စီးလာခြင်း၊ အပူပိုင်းမိုးရေချိန်နှင့် ကာလကြာမြင့်မှုတို့ကြောင့် သစ်သားဖွဲ့စည်းပုံများ ပျက်စီးယိုယွင်းလာကာ လူအများအသုံးပြုနိုင်မှုမရှိတော့ခြင်း၊ ရေရှည်ပြုပြင်ထိန်းသိမ်းရန် ကုန်ကျစရိတ်ကြီးမားလှခြင်းတို့ကြောင့် ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် အညီ မူလပုံစံမပျက် ခေတ်မီဆန်းသစ်သည့် အသွင်ဖြင့် အဆိုပါလိပ်ခုံးပုံအဆောက်အအုံအား ပြန်လည်တည်ဆောက်လျက်ရှိကြောင်း သိရသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

### ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)သို့ ရောက်ရှိကြပြီး အုပ်ချုပ်မှုအဆောက်အအုံ ရှင်းလင်းဆောင်ခန်းမ၌ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဇော်ဦးက လှိုင်တက္ကသိုလ်များနယ်မြေဆိုင်ရာ အချက်အလက်များနှင့် တက္ကသိုလ်များ၊ စာသင်ဆောင်များ တည်ဆောက်ထားရှိမှု အခြေအနေ၊ လှိုင်တက္ကသိုလ် နယ်မြေအတွင်း တက္ကသိုလ်များအလိုက် အိပ်ဆောင်များနှင့် စာသင်ဆောင်များ တည်ရှိမှုအခြေအနေ၊ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ထားရှိမှု၊ စာသင်ဆောင်များ၊ Theater များ တည်ရှိမှုနှင့် လှိုင်တက္ကသိုလ်များနယ်မြေအတွင်း သင်ကြားမှု၊ သင်ယူမှုနှင့် အုပ်ချုပ်မှုအခြေခံအဆောက်အအုံများ၏အခြေအနေနှင့် ထပ်မံလိုအပ်လျက်ရှိသည့် အခြေခံအဆောက်အအုံဆိုင်ရာများနှင့် ပတ်သက်၍လည်းကောင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ကေသွယ်လှိုင်က ရန်ကုန်ပညာရေးတက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းဆိုင်ရာများနှင့် ပေးအပ်လျက်ရှိသည့်ဘွဲ့များ၊ သင်ကြား၊ သင်ယူမှုဆိုင်ရာ အခြေခံအဆောက်အအုံလိုအပ်ချက်များနှင့် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများအလိုက် ခွင့်ပြုရရှိသည့် ဘဏ္ဍာငွေသုံးစွဲမှု၊ လုပ်ငန်းပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်ဘူတာရုံ ယာဒ်ဝင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

- ❖ ပညာရေးအရ ရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံအတွက် အသိပညာ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို တက္ကသိုလ်များမှ စဉ်ဆက်မပြတ် မွေးထုတ်ပေးသွားရန်လို
- ❖ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများမွေးထုတ်၍ ဒေသ၏ကောင်းရာကောင်းကျိုးများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြန်လည်အကျိုးပြု တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို

☆ စာမျက်နှာ ၃ မှ

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းကာ လှိုင်တက္ကသိုလ်များနယ်မြေနှင့် ကမာရွတ်တက္ကသိုလ်နယ်မြေတို့အတွင်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ တစုတစည်းတည်း ဆောင်ရွက်နိုင်ရေးနှင့် သင်ကြားသင်ယူမှုဆိုင်ရာကိစ္စရပ်များ ပိုမိုလျင်မြန်အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး ပေါင်းစည်းထားရှိနိုင်ရန်လိုကြောင်း၊ ပညာရေးအရ ရင်းနှီးမြှုပ်နှံခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်အနာဂတ်နိုင်ငံတော်ကောင်းကို ပုံဖော်တည်ဆောက်နေခြင်းပင်ဖြစ်သည့်အတွက် နိုင်ငံအတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို တက္ကသိုလ်များမှ စဉ်ဆက်မပြတ် မွေးထုတ်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်များ၊ ကောလိပ်များအနေဖြင့်လည်း ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်၍ ဒေသ၏ ကောင်းရာကောင်းကျိုးများကို နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြန်လည်အကျိုးပြုတာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တက္ကသိုလ်များအလိုက် ဘာသာရပ်များအလိုက် တက်ရောက်ကြသည့် ကျောင်းသားဦးရေ အချိုး၊ သင်ကြားသင်ယူမှု အခြေခံအဆောက်အအုံနှင့် သင်ကြားရေးဝန်ထမ်းအချိုးတို့ကို စနစ်တကျတွက်ချက်၍ လိုအပ်ပါက အခြေခံအဆောက်အအုံတိုးချဲ့တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခြင်း၊ လူဦးရေအနည်းငယ်သာရှိသည့် ဘာသာရပ်များအား စုပေါင်းသင်ကြားစေခြင်းတို့ကို လေ့လာဆန်းစစ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သင်ကြား၊ သင်ယူမှု အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ကဲ့သို့သော တက္ကသိုလ်တစ်ရပ်၏ အဓိကပြယုဂ်နှင့် ဂုဏ်ဒြပ်ဖြစ်သည့် အရေးကြီးအဆောက်အအုံများ တည်ဆောက်ရာ၌ ဘက်ပေါင်းစုံမှ စဉ်းစားတွက်ချက်ခြင်း၊ အဆိုပြုနေရာနှင့် အဆိုပြုပုံစံ ဒီဇိုင်းအကြမ်းများရေးဆွဲ၍ ဦးစားပေးအဆင့်အလိုက် သတ်မှတ်ရွေးချယ်ခြင်းတို့ကို အဆင့်ဆင့် စနစ်တကျ ဆောင်ရွက်တည်ဆောက်သွားကြရန်နှင့် ရေရှည်အကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)၊ ရန်ကုန်တက္ကသိုလ်၊ ပညာရေးတက္ကသိုလ်တို့အား ကျောင်းသားဦးရေနှင့် သင်ကြားရေးဝန်ထမ်းများ၏ အချိုး၊ အခြေခံအဆောက်အအုံလိုအပ်ချက်အချိုးတို့ကို ဆန်းစစ်လေ့လာတွက်ချက်၍ တစုတစည်းတည်းဖြစ်စေရေး စုစည်းဆောင်ရွက်နိုင်မည့်အခြေအနေများကို အဖြေရှာ ဆောင်ရွက်သွားကြရန် လိုကြောင်း၊ တက္ကသိုလ်များအလိုက် အခြေခံအဆောက်အအုံများ၏ အသုံးပြုမည့်အကြောင်းအရာ၊ လူဝင်ဆံ့မှုတို့အလိုက် အဆောက်အအုံ ကြံ့ခိုင်မှုများကိုလည်း ပြန်လည်တိုင်းတာဆန်းစစ်ပြုစု၍ စနစ်တကျဖြစ်စေရေး ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်သမ္မတသည် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)အတွင်း လှည့်လည်၍ Theater များ၊ စာသင်ဆောင်များ၊ဘာသာရပ်အလိုက်စာပေဌာနများ၊ စာကြည့်တိုက်ဆောင်ရွက်ထားရှိမှုများ၊ ကျောင်းသား ကျောင်းသူများ၏ အဆောင်များ စသည်ဖြင့် တက္ကသိုလ်အဆောက်အအုံအကွက်ချ ဆောင်ရွက်ထားရှိမှု မြေပြင်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✺ မြစ်ကြီးနားမှ

ဆောင်ရွက်လျက်ရှိပြီး စက်တင်ဘာ ၁ ရက်မှ ၂၅ ရက်အထိ သွင်းကုန်/ပို့ကုန်ယာဉ် အစီးရေ ၆၁ စီး ကုန်သွယ်မှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၆၇ သန်း ကုန်သွယ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စခန်းအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စခန်းဧရိယာအတွင်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယမန်နေ့မွန်းလွဲပိုင်းက ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန် သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေး OSS အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ကုန်စည်စီးဆင်းမှု လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေး၊ ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေး၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဒေသတွင်းစားသောက်ကုန် ပြတ်လပ်မှု မဖြစ်ပေါ်စေရေး အလေးထားဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ထိုသို့တွေ့ဆုံစဉ် စခန်းဖွင့်လှစ်ပြီး ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေ၊ ကုန်စစ်ဆေးရေးစခန်းအတွင်း လိုအပ်ချက်များနှင့် စခန်းအတွင်း လမ်းများတိုးချဲ့ဆောင်ရွက်မှု၊ အခြေခံအဆောက်အအုံများ တည်ဆောက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ စခန်းအတွင်း ကုန်တင်ယာဉ်ကြီးများရပ်နားနိုင်ရေး ခြံစည်းရိုးနှင့် သံပန်းတံခါး စနစ်တကျ တပ်ဆင်ကာရံဆောင်ရွက်ထားရှိမှု၊ ရေတွင်းတူးဖော်ခြင်း၊ ရေစင်၊ ရေချိုးခန်းနှင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ နားနေဆောင်တည်ဆောက်နေမှု၊ ကုန်တင်ယာဉ်ကြီးများ ဝင်/ထွက်သွားလာမှု အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေး စခန်းပတ်လည်တွင် မြေသားလမ်းပြုပြင်တိုးချဲ့ခြင်းလုပ်ငန်းနှင့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အဆိုပါလမ်းပိုင်းအတွင်း Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပြီးစီးရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ခဲ့သည်။

**ချီးမြှင့်ငွေများပေးအပ်**

ယနေ့ မွန်းလွဲပိုင်းတွင်လည်း ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် လက်ဝှေ့ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်လက်ရွေးစင် ပြေးခုန်ပစ်အသင်းနှင့် လက်ဝှေ့အသင်းတို့ကို အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ငွေများ ပေးအပ်ပွဲသို့ တက်ရောက်အားပေးပြီး လက်ရွေးစင်ပြေးခုန်ပစ်အသင်းနှင့်လက်ဝှေ့အသင်း နည်းပြ၊ အုပ်ချုပ်သူနှင့် အားကစားသမားများအတွက် အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❄ ပုဂံမှ

လုပ်ဆောင်တာ ဖြစ်ပြီးတော့ မြန်မာ့အလှနဲ့ မြန်မာ့ယဉ်ကျေးမှုကို တွေ့မြင်ရမယ့် အထူးစည်ကားတဲ့ ပွဲတော်တစ်ခုဖြစ်မှာပါ" ဟု Bagan Lover မှ ဦးပြည့်စုံက ပြောသည်။

ထိုသို့ မီးပုံးပျံ လွှတ်တင်ရာတွင် ပလတ်စတစ်နှင့် စက္ကူဖြင့် ပြုလုပ်ထားသည့် မီးပုံးပျံများကို အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရားနှင့် Sunset ကုန်းတို့တွင် နေရာသုံးနေရာခွဲ၍ လွှတ်တင်သွားမည်ဖြစ်ပြီး ဒေသစုံမှ ဓာတ်ပုံဝါသနာရှင်များ၊ ပန်းချီဆရာများ၊ မြန်မာ့ရှုခင်းအလှ ရိုက်ကူးသူများနှင့် မီဒီယာအဖွဲ့များလည်း လာရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပုဂံဒေသ၏ သီတင်းကျွတ်ပွဲတော်ကို မီးပုံးပျံများတွင် ငွေပဒေသာပင်ချိတ်ဆွဲ၍ ပုံသကူပစ်သော ကုသိုလ်ပြုသည့် အစီအစဉ်၊ ပွဲတော်၌ အညာဒေသထွက် အစားအစာများကို နွားလှည်းပေါ်တွင် ရောင်းချပေးသည့် အစားအစာ ပွဲတော်အစီအစဉ် အပါအဝင် အခြားအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီမံဆောင်ရွက်နေကြောင်း သိရသည်။



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ပွဲတော်၌ မီးပုံးပျံအလုံးရေ ၃၀၀၀၀ လွှတ်တင်နိုင်ရန် ကြိုတင်စမ်းသပ်နေစဉ်။

ပုဂံဒေသ၏ ခရီးသွားရာသီအစဖြစ်သည့် သီတင်းကျွတ်ပွဲတော်တွင် ပထမဆုံးအကြိမ်အဖြစ် မီးပုံးပျံအလုံးရေများစွာ လွှတ်တင်၍ မြတ်ဗုဒ္ဓအား အလင်းရောင်ဖြင့် ပူဇော်ခြင်းကို ခရီးသွားများ ကုသိုလ်ယူနိုင်ရန်နှင့် ပြည်တွင်း/ပြည်ပခရီးသွားများ ပုဂံဒေသ၏ သီတင်းကျွတ်လပြည့် ညအလှကို အားပါးတရ ကြည့်ရှုခံစားနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ – BL**

**❍ အားကောင်းသောလေဖိအားနည်းရပ်ဝန်းမှ နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၃၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေ ခန့်ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေ မှ ၁၀ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

**❂ ကျောဖုံးမှ**

နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှု ပညာဌာနမှူးများနှင့် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ကမ္ဘာမြေကို ပုံဖော်မည့်နည်းပညာ" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဆောင်ပုဒ်မှာ "ခရီးသွား ကဏ္ဍ ဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တု နည်းပညာသုံးကြစို့" (Digital Agenda and Artificial Intelligence to Redesign Tourism) ဖြစ်ကြောင်း၊ ယင်းဆောင်ပုဒ်သည် ခေတ်သစ်ကမ္ဘာကြီး၏ လျင်မြန်စွာပြောင်းလဲနေသည့် နည်းပညာရေစီးကြောင်းနှင့်အညီ ခရီးသွားလုပ်ငန်းကို အမြော်အမြင်ရှိရှိနှင့် တိုးမြှင့်ဆောင်ရွက်နိုင်ရန် အလွန်သင့်လျော်ပြီး အချိန်ကိုက်ဖြစ်သည့် လမ်းညွှန်ချက်တစ်ခု ဖြစ်ကြောင်း။

ဉာဏ်ရည်တုနှင့် ဒီဂျစ်တယ် နည်းပညာများကို အသုံးပြုခြင်းသည် ခရီးသွားဧည့်သည်များအတွက် ပိုမိုကောင်းမွန်သည့် ခရီးသွား အတွေ့အကြုံများကို ဖန်တီးပေးနိုင်သကဲ့သို့ ခရီးသွားလုပ်ငန်း ဆောင်ရွက်နေကြသည့် လုပ်ငန်းရှင်များ အတွက်လည်း လုပ်ငန်းစီမံခန့်ခွဲမှု၊ ဈေးကွက်ရှာဖွေမှုနှင့် ဆုံးဖြတ်ချက် ချမှတ်မှုများကို ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နည်းပညာကိုအသုံးချရာတွင် နည်းပညာ၏ အကျိုးကျေးဇူးများကို အာရုံစိုက်ရမည်ဖြစ်သကဲ့သို့ လုံခြုံရေး၊ ကိုယ်ရေး အချက်အလက် ကာကွယ်ရေး၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှုနှင့် လူသားဗဟိုပြုမှု အစရှိသည့် အချက်များကိုလည်း အလေးထားသတိပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဝန်ဆောင်မှုစွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိသည့် ခရီးလှည့်လည်ရေးလုပ်ငန်းကုမ္ပဏီများအား ဂုဏ်ပြုဆုပေးအပ်စဉ်။


ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး အဆင့်မြင့်ပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံကို နိုင်ငံတကာက ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရန် ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာကိစ္စရပ်များတွင် ဖြေလျှော့မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာတွင် ကျင်းပပြုလုပ်သည့် ခရီးသွားပြပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြု ခရီးသွားပြခန်းများ ပါဝင်ပြသခြင်း၊ ရင်းနှီးကျွမ်းဝင်မှုခရီးစဉ်များ ဆောင်ရွက်ခြင်းများအပြင် ဒီဂျစ်တယ်နည်းပညာသုံး ခရီးသွားမြှင့်တင်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်သွားကြမည်ဆိုပါက ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

နည်းပညာအသစ်များကို အသုံးပြုသည့်အခါ ဒေသခံပြည်သူလူထု၏ အလုပ်အကိုင် အခွင့်အလမ်းများ ထိခိုက်မသွားဘဲ ပိုမိုကောင်းမွန်လာရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖြစ်ကြသည့် ဒေသထွက် လက်မှုပညာလုပ်ငန်းရှင်များ၊ တည်းခိုခန်းလုပ်ငန်းရှင်များနှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များပါ ဒီဂျစ်တယ်စနစ်၏ အကျိုးကျေးဇူးကို ခံစားရရှိရန် အရေးကြီးကြောင်း၊ လက်မှုလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ်ရောင်းချသည့် ထုတ်ကုန်ပစ္စည်းများကို ဒီဂျစ်တယ်ပလက်ဖောင်းများမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်တွင် ရောင်းချနိုင်အောင် ချိတ်ဆက်ပေးရမည်ဖြစ်ကြောင်း၊ ယနေ့ကျရောက်သည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ရည်မှန်းချက်နှင့်အညီ ချမှတ်ထားသည့် ဆောင်ပုဒ်အတိုင်း ခေတ်မီနည်းပညာဆန်းသစ်မှုများကို တီထွင်ဖန်တီးအသုံးချပြီး နိုင်ငံတော်၏ ခရီးသွားကဏ္ဍကို အဆင့်အတန်းသစ် တစ်ခုထိ တက်လှမ်းနိုင်အောင် အတူတကွ လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတထံ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် လက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် တက်ရောက်လာကြသူများသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးချုပ် Ms. Shaikha Al Nuwais ၏ သတင်းစကား ရုပ်သံဗီဒီယိုနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်းအမျိုးအစား Video ကို လည်းကောင်း၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ "ခရီးသွားခြင်းနှင့် ကမ္ဘာ" သီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ဝန်ဆောင်မှု စွမ်းဆောင်ရည် အကောင်းဆုံးဆုရရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဟိုတယ်များ၊ ခရီးလှည့်လည်ရေး လုပ်ငန်းကုမ္ပဏီများနှင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် Short Video ပြိုင်ပွဲ၊ စာတမ်းဖတ်ပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများအားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြခန်း၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်ပြခန်းများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်ပြခန်း၊ ဆုရရှိခဲ့ကြသည့် ဓာတ်ပုံ၊ ဆောင်းပါး၊ စာတမ်း၊ စာစီစာကုံး၊ ကုမ္ပဏီများနှင့် ဟိုတယ်များမှ ပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုဖြင့် ၁၉၈၀ ပြည့်နှစ်မှ စတင်ပြီး နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်သည် (၄၆) နှစ်တိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်းပြုလုပ်သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက်က အဆိုပါဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ အသင်းနာယက၊ စာရေးဆရာအသင်းဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် စာရေးဆရာမ ပျိုပျိုယောဂ(သစ်တော)နှင့် စာရေးဆရာ ကျော်မောင်မောင်(မြင်းဝင်း)တို့က "ဖေမြင့်၏ ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း" စာအုပ်ပါအကြောင်းအရာများကို စိတ်ဝင်စားဖွယ် ဆွေးနွေးကြကာ စာရေးဆရာအသင်းနှင့် စာပေဥယျာဉ်အသင်းဝင်များက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြင့်ဦး**

## ပညာဘူမိတက္ကသိုလ် ထပ်ဆင့်ဂုဏ်ပြုပွဲ သန်လျင်မြို့၌ ကျင်းပ

**သန်လျင် စက်တင်ဘာ ၂၇**

ပညာဘူမိတက္ကသိုလ် ၂၀၂၅ ခုနှစ် BA ဘွဲ့ရသံဃာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ယမန်နေ့နံနက်ပိုင်းတွင် သန်လျင်မြို့ အမှုထမ်းရပ်ကွက် မြတ်လေးလမ်းရှိ ဓမ္မဝိဇ္ဇာလယ သုဗောဓာရုံ ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မဟာသုဗောဓာရုံကျောင်းတိုက် တွဲဖက်ဦးစီးနာယက အဂ္ဂမဟာပဏ္ဍိတ သ.စ.အ သီရိပဝါယဓမ္မာစရိယပညာဘူမိတက္ကသိုလ်ပါမောက္ခချုပ် မတ္တရာမြို့ သာသနဓဇောတာရုံကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ထံမှ ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ရွှေကျင်) ပညာဘူမိတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဘိဓမ္မာတက္ကသိုလ် ဧည့်ပါမောက္ခ ဓမ္မဝိဇ္ဇာလယ သုဗောဓာရုံကျောင်းတိုက်နာယကဆရာတော်က သရဏဂုံယကထာမိန့်ကြားတော်မူခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# အနာဂတ်ကို ပြောင်းလဲမယ့် 5G လှိုင်းဂယက်

မောင်ပီတိ

**တနင်္ဂနွေနေ့ မနက်ခင်းရဲ့နေရောင်ခြည်က အိမ်ရှေ့ဝရန်တာကို ဖြာကျနေတယ်။ လမ်းမပေါ်က ကားသံတချို့ကလွဲရင် ပိတ်ရက်မို့ ပတ်ဝန်းကျင်က တော်တော်လေး တိတ်ဆိတ်နေပါတယ်။ ဝရန်တာက ကော်ဖီဝိုင်းလေးမှာ ကျွန်တော်ရယ်၊ ဇနီးဖြစ်သူ မမာရယ်၊ တက္ကသိုလ်ကျောင်းသား သားကြီး သူရနဲ့ ဆေးကျောင်းသူ သမီးငယ် ဆုဆုတို့ မိသားစုလေးယောက် စုံစုံလင်လင် ထိုင်နေကြတယ်။**

> **5G ရဲ့ အဓိကစွမ်းအားသုံးရပ်ရှိတယ်။ ပထမတစ်ခုက Enhanced Mobile Broadband (eMBB) လို့ခေါ်တဲ့ မြန်နှုန်းမြင့်တာပေါ့။ ဒါက လမ်းမကြီးကို အကျယ်ကြီးချဲ့လိုက်တာနဲ့တူတယ်။ 4K/8K ရုပ်ထွက်နဲ့ ဗီဒီယိုတွေ၊ Cloud Gaming တွေ၊ Virtual Reality (VR) တွေကို ထစ်ငေါ့မှုမရှိဘဲသုံးနိုင်မယ်။ ဒုတိယတစ်ခုက Ultra-Reliable Low-Latency Communications (URLLC)။ မင်းခုနက ဂိမ်းဆော့သလိုမျိုး အချက်အလက်ပို့တဲ့အခါ ဆိုင်းငံ့ချိန် သုညနီးပါး ဖြစ်သွားမယ်။ အမှားအယွင်းခံလို့မရတဲ့ လုပ်ငန်းတွေအတွက် သီးသန့် VIP လမ်းကြောင်းဖောက်ပေးလိုက်တာမျိုးပေါ့။ တတိယတစ်ခုက Massive Machine-Type Communications (mMTC) တဲ့။ စတေဒီယမ်ကြီးထဲ လူတွေပြည့်နေရင် 4G လိုင်းကျသွားတတ်တယ်မလား။ 5G ကတော့ စက်ပစ္စည်းပေါင်း သန်းနဲ့ချီပြီး တစ်ပြိုင်နက်ချိတ်ဆက်နိုင်တယ်**

နည်းပညာနယ်ပယ်မှာ နှစ် ၂၀ ကျော်ကြာ အလုပ်လုပ်ခဲ့ရတဲ့ ကျွန်တော့်အတွက် ဒီဂျစ်တယ်ပစ္စည်းတွေနဲ့ ရုံးဖွင့်ရက်တွေမှာ အမြဲထိတွေ့နေရတော့ အခုလိုပိတ်ရက်လေးမှာ အနားယူရင်း လေထဲမှာ လွင့်ပျံ့လာတဲ့ ကော်ဖီနံ့သင်းသင်းလေးကိုရှူရှိုက်ရင်း သတင်းစာဖတ်နေတုန်း...

“ဟာကွာ... လိုင်းကလည်း ထစ်လိုက်တာ၊ ပွဲကြမ်းနေတဲ့အချိန်မှ ပင်း (Ping)တွေတက်ပြီး ရပ်သွားတယ်၊ ဂိမ်းဆော့နေတာ ပွဲတောင်ပျက်တယ်ဗျာ” လို့ သားဖြစ်သူ သူရက ညည်းတွားရင်းဖုန်းကို စားပွဲပေါ် ခပ်ဆောင့်ဆောင့်ချလိုက်တယ်။

ကျွန်တော်က သတင်းစာကိုခေါက်တင်လိုက်ပြီး သားကို ပြုံးကြည့်ကာ...

“အခု 4G ခေတ်က အရင်ခေတ်တွေကထက်စာရင် အများကြီး မြန်နေပါပြီကွာ။ ဒါပေမဲ့ မင်းလို အွန်လိုင်းဂိမ်းဆော့တဲ့သူတွေအတွက်ကတော့ အချက်အလက်ပို့တဲ့အခါ ဆိုင်းငံ့ချိန် (Latency) က ရှိနေတုန်းပဲလေ။ မကြာခင် 5G ခေတ်ရောက်လာရင်တော့ မင်းတို့ ဂိမ်းဆော့တာလောက်ကတော့ ဘာမှကြန့်ကြာမှုရှိတော့မှာ မဟုတ်ဘူး” လို့ ပြောလိုက်တယ်။

သမီးဖြစ်သူဆုဆုက စာအုပ်ဖတ်နေရာကနေ ခေါင်းမော့လာပြီး “ဖေဖေ... 5G ဆိုတာ အခု 4G ထက် အင်တာနက် ပိုမြန်သွားတာလောက်ပဲ မဟုတ်ဘူးလား။ အခုလည်း YouTube တွေ၊ Facebook တွေ သုံးလို့ အဆင်ပြေနေတာပဲလေ” လို့ ဝင်မေးတယ်။

“အင်တာနက်မြန်သွားတာက တစ်စိတ်တစ်ပိုင်းပဲသမီးရဲ့။ ဖေဖေတို့ဖြတ်သန်းခဲ့တဲ့ခေတ်တွေကို ပြန်ကြည့်ရအောင်။ 1G ခေတ်မှာ အသံ (Voice) ပဲ ရတယ်။ 2G ခေတ်ရောက်တော့ စာတို (SMS) တွေ ပို့လို့ရလာတယ်။ 3G ခေတ်ကျမှ မိုဘိုင်းအင်တာနက်စသုံးနိုင်ပြီး 4G ခေတ်မှာ မြန်နှုန်းမြင့် ဒေတာတွေ၊ ဗီဒီယိုတွေ ကြည့်လို့ရလာတယ်။ ဆိုလိုတာက 1G ကနေ 4G အထိက လူအချင်းချင်း ဆက်သွယ်ဖို့လောက်ပဲ အဓိကထားခဲ့တာ။”

ကျွန်တော်က ကော်ဖီတစ်ငုံသောက်ပြီး စကားဆက်လိုက်တယ်။

“ဒါပေမဲ့ 5G (Fifth Generation) ကျတော့ လူတွေတင်မကဘူး၊ စက်နဲ့စက်၊ လူနဲ့စက် အချိန်နဲ့တစ်ပြေးညီ ချိတ်ဆက်နိုင်မယ့် ဒီဂျစ်တယ် အခြေခံအဆောက်အအုံကြီးတစ်ခု ဖြစ်သွားပြီကွ။ 4G နဲ့ ယှဉ်လိုက်ရင် 5G နည်းပညာက အဆပေါင်းများစွာ ပိုမိုမြန်ဆန်ပြီး ဆိုင်းငံ့ချိန် Latency အလွန်နည်းပါးတာကို တွေ့ရမယ်။ ဥပမာအားဖြင့် 4G နဲ့ဆိုရင် မိနစ်အနည်းငယ်ကြာအောင် ဒေါင်းလုတ်ဆွဲရမယ့် ဗီဒီယိုဖိုင်ကြီးတွေကို 5G ကွန်ရက်နဲ့ဆိုရင် စက္ကန့်ပိုင်းအတွင်း ပြီးဆုံးစေနိုင်ပါတယ်။”

သားဖြစ်သူက စိတ်ဝင်စားသွားပုံနဲ့ ကိုယ်ကို ရှေ့ကိုကိုင်းလာပြီး “ဘယ်လိုမျိုးလဲ ဖေဖေ၊ ဘာတွေကွာခြားသွားမှာမို့လို့လဲ” လို့ ဆိုလာတယ်။

“ဒီလိုလေ... 5G ရဲ့ အဓိက စွမ်းအားသုံးရပ်ရှိတယ်။ ပထမတစ်ခုက Enhanced Mobile Broadband (eMBB) လို့ခေါ်တဲ့ မြန်နှုန်းမြင့်တာပေါ့။ ဒါက လမ်းမကြီးကို အကျယ်ကြီးချဲ့လိုက်တာနဲ့တူတယ်။ 4K/8K ရုပ်ထွက်နဲ့ ဗီဒီယိုတွေ၊ Cloud Gaming တွေ၊ Virtual Reality (VR) တွေကို ထစ်ငေါ့မှုမရှိဘဲ သုံးနိုင်မယ်။ ဒုတိယတစ်ခုက Ultra-Reliable Low-Latency Communications (URLLC)။ မင်းခုနက ဂိမ်းဆော့သလိုမျိုး အချက်အလက်ပို့တဲ့အခါ ဆိုင်းငံ့ချိန် သုညနီးပါးဖြစ်သွားမယ်။ အမှားအယွင်းခံလို့မရတဲ့ လုပ်ငန်းတွေအတွက် သီးသန့် VIP လမ်းကြောင်း ဖောက်ပေးလိုက်တာမျိုးပေါ့။ တတိယတစ်ခုက Massive Machine-Type Communications (mMTC) တဲ့။ စတေဒီယမ်ကြီးထဲ လူတွေပြည့်နေရင် 4G လိုင်းကျသွားတတ်တယ်မလား။ 5G ကတော့ စက်ပစ္စည်းပေါင်း သန်းနဲ့ချီပြီး တစ်ပြိုင်နက်ချိတ်ဆက်နိုင်တယ်။”

ကျွန်တော်က ရှင်းပြရင်း သမီးဖြစ်သူ ဆုဆုဘက်ကို လှည့်လိုက်တယ်။

“သမီးက ဆေးကျောင်းသူဆိုတော့ ကျန်းမာရေးနယ်ပယ်ကနေ အရင်ပြောပြမယ်။ 5G ခေတ်မှာ ဆေးပညာသင်ကြားရေးက Smart Classroom တွေဖြစ်လာမယ်။ အရင်လို စာအုပ်ကြီးတွေချည်း ကြည့်နေရမှာ မဟုတ်ဘူး။ သမီးတို့က VR Headset ကြီးတွေတပ်ပြီး လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို 3D ပုံရိပ်တွေနဲ့ လက်တွေ့ခွဲစိတ်နေရသလို လေ့လာနိုင်မယ်။ အန္တရာယ်ရှိတဲ့ ဓာတုဗေဒစမ်းသပ်မှုတွေကိုလည်း Virtual Laboratory ထဲမှာ လုံလုံခြုံခြုံလုပ်နိုင်မယ်။”

ဆုဆုက မျက်လုံးလေးပြူးသွားပြီး “ဟယ်... တကယ်ကြီးလား ဖေဖေ။ စာတွေ့ထက် လက်တွေ့လုပ်ရသလိုမျိုးဆိုတော့ ပိုမှတ်မိလွယ်မှာပဲနော်”

“ဒါပေါ့ သမီးရဲ့... ကုသရေးအပိုင်းမှာဆိုရင်လည်း Telemedicine နဲ့ Remote Consultation တွေက တကယ့်ကိုအဆင့်မြင့်သွားပြီ။ ဥပမာ- သမီးက ရန်ကုန်ဆေးရုံကြီးမှာရှိနေပြီး ချင်းတောင်တန်းက လူနာကို အဝေးကနေ High-Definition Video နဲ့ ကြည့်ပြီး တိုင်ပင်ကုသနိုင်မယ်။ ပြီးတော့ လူနာတွေဝတ်ထားတဲ့ Smart Watch တွေ၊ IoT Sensor တွေကနေ နှလုံးခုန်နှုန်း၊ သွေးပေါင်ချိန်၊ အောက်ဆီဂျင်တွေကို အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်နိုင်မယ်။”

ကျွန်တော်က လက်ကို လှုပ်ရှားဟန်ပြရင်း “အံ့သြစရာအကောင်းဆုံးက ဆိုင်းငံ့ချိန် မရှိတဲ့အတွက် အဝေးမှာရှိနေတဲ့ အတွေ့အကြုံရင့် ခွဲစိတ်ဆရာဝန်ကြီးက စက်ရုပ်လက်တံတွေကို လှမ်းထိန်းချုပ်ပြီး နယ်ကလူနာကို ခွဲစိတ်မှုတွေပါ လုပ်လာနိုင်မယ်။ ဆေးရုံတွင်းက စက်ပစ္စည်းတွေ၊ CCTV တွေ၊ လူနာမှတ်တမ်းတွေကို 5G နဲ့ချိတ်ဆက်ပြီး Smart Hospital တွေ ဖြစ်လာမယ်။ ဟောင်ကောင်က CUHK ဆေးရုံဆိုရင် 5G သုံးပြီး 4K ဗီဒီယိုတွေ၊ 3D ပုံရိပ်တွေနဲ့ ဆေးဘက်ဆိုင်ရာ သင်ကြားရေးတွေ၊ ကုသရေးတွေ (AR-guided medical applications) ကို အောင်အောင်မြင်မြင် လုပ်နေပြီလေ” လို့ ရှင်းပြလိုက်တယ်။

ဒီအချိန်မှာ သားဖြစ်သူ သူရက ဝင်ပြီး “ဒါဆို 5G ကြောင့် စက်ရုံတွေမှာ လူတွေနေရာမှာ စက်ရုပ်တွေ အကုန်ဝင်နေရာယူသွားမှာလား” လို့ မေးတယ်။

“အကုန်လုံးတော့မဟုတ်ဘူးပေါ့ သားရယ်၊ ဒါပေမဲ့ စက်မှုနယ်ပယ်မှာ 5G က Industry 4.0 ဆိုတဲ့ စတုတ္ထအကြိမ် စက်မှုတော်လှန်ရေးကို အသက်သွင်းပေးမှာ။ စက်ရုံတွေကို Smart Factory တွေအဖြစ် ပြောင်းပစ်နိုင်တယ်။ အခုဆိုရင် စက်ရုံတွေအတွက် Private 5G လို့ခေါ်တဲ့ သီးသန့်ကွန်ရက်တွေတောင် တည်ဆောက်သုံးလာနိုင်ပြီ။ Network Slicing နည်းပညာနဲ့ လုပ်ငန်းတစ်ခုချင်းစီအတွက် လိုအပ်တဲ့ မြန်နှုန်းနဲ့ လုံခြုံရေးကို ကွန်ရက်ခွဲ (Virtual Network) အနေနဲ့ သီးသန့်ခွဲထုတ် သုံးနိုင်တယ်လေ။”

သားဖြစ်သူက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေတာကို တွေ့တော့ ကျွန်တော် ပိုပြီးအသေးစိတ်ရှင်းပြလိုက်တယ်။

“စက်ရုံထဲက စက်ယန္တရားတွေ၊ စက်ရုပ်တွေ၊ ကုန်ပစ္စည်းသယ်တဲ့ ကားလေး (Automated Guided Vehicles – AGV) တွေ၊ AI ကင်မရာတွေကို 5G နဲ့ အကုန်ချိတ်ဆက်လိုက်မယ်။ လူတွေဝင်ဖို့ အန္တရာယ်များတဲ့ သတ္တုတွင်းတွေ၊ ဓာတုစက်ရုံတွေမှာ စက်ရုပ်တွေကို အဝေးကနေ အချိန်နဲ့တစ်ပြေးညီ ထိန်းချုပ်ခိုင်းစေနိုင်မယ် (Industrial Robotics/ Remote Operation)။ အရည်အသွေးစစ်ဆေးတဲ့အခါမှာလည်း AI နဲ့ High-Resolution ကင်မရာတွေသုံးပြီး ချို့ယွင်းချက်ကို ချက်ချင်းရှာဖွေနိုင်မယ်။”

“နောက်တစ်ခုက အလွန်အရေးကြီးတဲ့ Predictive Maintenance ပဲ။ စက်တွေမှာ Sensor တွေတပ်ထားပြီး အပူချိန်၊ တုန်ခါမှု၊ ဖိအားတွေကို စောင့်ကြည့်မယ်။ လူတစ်ယောက်ကို ဆရာဝန်က စမ်းသပ်သလိုပဲပေါ့။ ရလာတဲ့အချက်အလက်တွေကို AI က ခွဲခြမ်းစိတ်ဖြာပြီး စက်မပျက်ခင် ကြိုတင်ခန့်မှန်းပေးမယ်။ ဒါဆိုရင် စက်ရပ်နားရတဲ့အချိန်နဲ့ ပြင်ဆင်စရိတ်တွေကို အများကြီးလျှော့ချနိုင်တာပေါ့။ Warehouse တွေမှာဆိုရင်လည်း ကုန်ပစ္စည်းဘယ်နေရာရောက်နေလဲဆိုတာကို အချိန်နဲ့တစ်ပြေးညီ သိနိုင်တဲ့ Asset Tracking စနစ်တွေ ပိုကောင်းလာမယ်။”

ဒီအချိန်မှာ မီးဖိုချောင်ထဲကနေ ကိတ်မုန့်နဲ့ သစ်သီးပန်းကန်လာချပေးတဲ့ ဇနီးဖြစ်သူမမာက ဝင်ပြောတယ်။

“ရှင်တို့ သားအဖတွေက ဆေးပညာနဲ့ အင်ဂျင်နီယာအကြောင်းချည်းပဲ ပြောနေကြတာ၊ ကျွန်မတို့ ဘဏ်လုပ်ငန်းတွေ၊ ငွေကြေးဝန်ဆောင်မှုတွေမှာရော 5G က ဘယ်လို အကျိုးပြုမှာလဲ။ အခုတောင် Mobile Banking တွေက အတော်လေးအဆင်ပြေနေပြီပဲဟာ”

“ဘဏ်နဲ့ ငွေကြေးဝန်ဆောင်မှုတွေက Digital Transformation လုပ်တဲ့နေရာမှာ အမြန်ဆုံးပြောင်းလဲမှာပေါ့ မမာရဲ့။ 5G ရဲ့ အမြန်နှုန်းနဲ့ Latency နည်းပါးမှုကြောင့် ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ အချက်အလက်တွေက မျက်စိတစ်မှိတ်အတွင်းရောက်မယ်။ ဘဏ်ခွဲတွေမှာဆိုရင်လည်း AI Video Analytics တွေ၊ မျက်နှာသွင်ပြင်နဲ့ အလိုအလျောက်မှတ်မိတဲ့ Biometric Authentication စနစ်တွေ၊ Video Banking တွေနဲ့ Virtual Customer Service တွေပါတဲ့ Smart Branch တွေ ဖြစ်လာမယ်။”

“အရေးအကြီးဆုံးက ငွေလိမ်လည်မှုကို တားဆီးနိုင်တာပဲ။ နေ့စဉ် ငွေလွှဲပြောင်းမှုမှတ်တမ်းတွေနဲ့ သုံးစွဲသူရဲ့ အလေ့အထတွေကို AI က အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်နေမှာ။ ပုံမှန်မဟုတ်တဲ့ငွေကြေးလှုပ်ရှားမှုတစ်ခုတွေ့တာနဲ့ ချက်ချင်းဖမ်းထုတ်ပြီး ပိတ်ပင်နိုင်တော့မှာလေ။ ဒါပေမဲ့ ဒီလိုလုပ်ဖို့က Data Privacy နဲ့ Cybersecurity ကတော့ အထူးကို ခိုင်မာဖို့လိုအပ်တယ်” လို့ ရှင်းပြလိုက်တော့ မမာက သဘောကျသွားပုံနဲ့ ခေါင်းညိတ်ထောက်ခံတယ်။

ကျွန်တော်က ဝရန်တာအပြင်ဘက်က ကားလမ်းမကြီးကို လက်ညှိုးထိုးပြရင်း စကားကိုဆက်လိုက်တယ်။

“5G ရဲ့ အကျိုးသက်ရောက်မှုက လုပ်ငန်းခွင်တွေထဲမှာတင် မဟုတ်ဘူး၊ အပြင်ဘက် ပတ်ဝန်းကျင်အထိပါ ကျယ်ပြန့်တယ်။ အဲဒီ ကားလမ်းကို ကြည့်လိုက်။ 5G သာ အပြည့်အဝရလာရင် Smart City (စမတ်စီးတီး) တွေ ဖြစ်လာမယ်။ ယာဉ်ကြောပိတ်ဆို့မှုတွေကို CCTV Camera နဲ့ Sensorတွေက သိပြီး AI ကနေ Traffic Light တွေကို အလိုအလျောက်ချိန်ညှိပေးမယ်။ လူသူကင်းမဲ့နေတဲ့လမ်းတွေမှာ မီးတိုင်တွေကို မှိန်ထားပြီး ကားလာမှလင်းစေတဲ့ Smart Street Lighting စနစ်တွေသုံးပြီး လျှပ်စစ်မီး ချွေတာနိုင်မယ်။ မီးလောင်တာ၊ ရေကြီးတာတွေကိုလည်း သဘာဝဘေးအန္တရာယ် သတိပေးစနစ်တွေကနေတစ်ဆင့် အချိန်နဲ့တစ်ပြေးညီ သိနိုင်မယ်။”

“မြို့ပေါ်တင်မကဘူး နယ်က သားတို့ဦးလေး ခြံကိုပဲကြည့်... စိုက်ပျိုးရေးမှာ (Smart Agriculture) မြေဆီလွှာအစိုဓာတ်၊ ရာသီဥတု၊ ရေအရည်အသွေးတွေကို IoT Sensor တွေနဲ့တိုင်းပြီး ရလာတဲ့ Data တွေကို AI က တွက်ချက်ပေးမယ်။ ရေဘယ်အချိန်သွင်းရမယ်၊ မြေဩဇာဘယ်လောက်ကျွေးရမယ်ဆိုတာကို ဖုန်းထဲကနေ အတိအကျ သိနိုင်တော့မှာမို့ အလေအလွင့်မရှိတော့ဘူးပေါ့။"

“ဟယ်... ဒါဆို 5G က တကယ့်ကို မှော်ဆန်တာပဲနော်” လို့ ဆုဆုက အသံကျယ်ကျယ်လေးနဲ့ ရေရွတ်တယ်။

“တကယ်တော့ 5G ချည်းသက်သက်ဆိုရင် ဒီလောက် မစွမ်းနိုင်ဘူး သမီးရဲ့။ 5G က အချက်အလက်တွေ အမြန်ဆုံးသွားနိုင်တဲ့ လမ်းမကြီးတစ်ခု၊

စာမျက်နှာ ၇ သို့ ❖

# ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ငါးမြို့နယ်၌ ရေဝင်ရောက်ခြင်းများ တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့်ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားကာ ဆည်မြောင်းတာ အိပ့်ကျမှုဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာအနီးတစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှု ဖြစ်ပေါ်ခဲ့သည့်နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိပ့်ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့်နေရာများတွင် ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ တာမိုင် (၁၁/၅) နှင့် (၁၁/၆)ကြားတွင် ယာယီပန်းတာတည်ဆောက်ပြီးစီးသည့်နေရာ၏ Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက် ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက်ခုနစ်ခုနှင့် ကျေးရွာအချို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ငဝန်မြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ၅ ပေ ၉ လက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ၇ ပေ ၉ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ၈ ပေ ၇ လက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ၄ ပေ ၄ လက်မခန့်နှင့် ကျောင်းကုန်းမြို့နယ်အတွင်း ၅ ပေ ၈ လက်မခန့် ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးနှင့် စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

❖ စာမျက်နှာ ၆ မှ

ဒါမှမဟုတ် ပိုက်လိုင်းကြီးတစ်ခုဆိုရင် အဲဒီလမ်းပေါ်မှာ ပြေးမယ့်အရာတွေ၊ ပိုက်လိုင်းထဲစီးဆင်းမယ့်အရာတွေက AI (ဉာဏ်ရည်တု)၊ IoT (Internet of Things) နဲ့ Cloud Computing တွေပဲ။ Data တွေကို ဆာဗာကြီးဆီ မပို့တော့ဘဲ အနီးဆုံးနေရာမှာပဲ ချက်ချင်းတွက်ချက်ပေးမယ့် Edge Computing တွေလည်းပါတယ်။ ဒီနည်းပညာတွေအားလုံးပေါင်းစပ်သွားမှသာ (Digital Foundation Technology) အခု ဖေဖေပြောတဲ့အရာတွေ အကုန်ဖြစ်လာမှာ။”

သူရက နည်းနည်း စဉ်းစားဟန်နဲ့… “ဒါဆို မြန်မာနိုင်ငံမှာရော ဖေဖေ၊ 5G ရောက်ဖို့က လွယ်ပါ့မလား။”လို့ မေးတယ်။

ကျွန်တော်ပြုံးလိုက်ပြီး မြန်မာနိုင်ငံရဲ့ ဒီဂျစ်တယ်အနာဂတ်အတွက် ပြင်ဆင်နေမှုတွေကို ရှင်းပြလိုက်တယ်။

“မြန်မာနိုင်ငံမှာလည်း 5G ခေတ်ကြီးဆီကို ကူးပြောင်းဖို့ ခြေလှမ်းတွေ စတင်နေပါပြီသား။ ဖေဖေတို့နိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍမှာ ဆယ်စုနှစ်ပေါင်းများစွာ ခိုင်ခိုင်မာမာရပ်တည်လာခဲ့တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ဆိုရင် ပြည်သူတွေအတွက် အကောင်းဆုံးနဲ့ နောက်ဆုံးပေါ်ဆက်သွယ်ရေးနည်းပညာတွေကို အချိန်နဲ့တစ်ပြေးညီ အသုံးပြုနိုင်ဖို့ အမြဲတမ်းရှေ့တန်းကနေ ကြိုးပမ်းနေတာသားလည်း အသိပဲလေ။ အခု 5G နည်းပညာအတွက်ဆိုရင်လည်း သုံးစွဲသူတွေ 5G ကွန်ရက်ရဲ့ အတွေ့အကြုံသစ်တွေကို လက်တွေ့ခံစားနိုင်ဖို့ စမ်းသပ်မှုတွေကို အောင်မြင်စွာလုပ်ဆောင်နေပြီဖြစ်တယ်။ ‘ရှေ့သို့လှမ်းချီ မြန်မာပြည်’ ဆိုတဲ့ သူတို့ရဲ့ ဆောင်ပုဒ်နဲ့အညီ အနာဂတ်ရဲ့ ဒီဂျစ်တယ်လူနေမှုဘဝ (Digital Lifestyle) ကို မြန်မာပြည်သူတွေဆီ အရောက်ပို့ဆောင်ပေးနိုင်ဖို့ ခိုင်မာတဲ့ အခြေခံအဆောက်အအုံတွေနဲ့ အတူ အစွမ်းကုန်ကြိုးပမ်းနေတာကို တွေ့ရတယ်။ ပြိုင်ဆိုင်မှုတွေများပြားတဲ့ ခေတ်ကြီးထဲမှာ အများပြည်သူ ယုံကြည်အားထားရတဲ့ အော်ပရေတာတစ်ခုအနေနဲ့ 5G နည်းပညာကို အလုံခြုံဆုံးနဲ့ အကောင်းမွန်ဆုံး ဝန်ဆောင်မှုပေးနိုင်ဖို့ အဘက်ဘက်ကနေ အသေအချာ ပြင်ဆင်နေတာပေါ့။”

ကျွန်တော်က ဆက်လက်ပြီး လက်တွေ့ကျတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို ရှင်းပြလိုက်တယ်။

“အကျိုးကျေးဇူးတွေများသလို အကောင်အထည်ဖော်ရမယ့် စိန်ခေါ်မှုတွေလည်း အများကြီးရှိတယ်သား။ 5G ကွန်ရက်တည်ဆောက်ဖို့ဆိုတာ တိုင်တစ်ခုထောင်ပြီး အင်တင်နာတပ်လိုက်ရုံနဲ့မပြီးဘူး။

> **❛မြန်မာနိုင်ငံအနေနဲ့ဆိုရင် 5G ကို ရိုးရိုးမိုဘိုင်းအင်တာနက် ဝန်ဆောင်မှုတစ်ခုလို့မမြင်ဘဲ နိုင်ငံရဲ့ အမျိုးသားဒီဂျစ်တယ် အခြေခံအဆောက်အအုံအနေနဲ့ မြင်ဖို့လိုတယ်။ တစ်နိုင်ငံလုံး ချက်ချင်းမလုပ်နိုင်ရင်တောင် Pilot Project (စမ်းသပ်စီမံကိန်း) တွေအနေနဲ့ 5G Smart Hospital၊ 5G Smart Factory Pilot ဒါမှမဟုတ် 5G Education Campus စတာတွေကို သီးသန့်နယ်မြေတွေ သတ်မှတ်ပြီး အရင်ဆုံး စမ်းသပ်လုပ်ဆောင်သင့်တယ်။ အစိုးရ၊ ဆက်သွယ်ရေးအော်ပရေတာတွေ၊ တက္ကသိုလ်တွေနဲ့ စက်မှုလုပ်ငန်းတွေပူးပေါင်းပြီး မြန်မာနိုင်ငံနဲ့ ကိုက်ညီမယ့် 5G Innovation Lab တွေ တည်ဆောက်ပြီး စမ်းသပ်ကြရမယ်လေ❜**

Radio Access Network တွေ၊ Fiber Backhaul လို့ခေါ်တဲ့ ဖိုင်ဘာကေဘယ်လ်ကြိုး အခိုင်အမာတွေ၊ Data Center တွေနဲ့ Edge Computing တွေမှာ ငွေကြေးအရင်းအနှီးအမြောက်အမြား ရင်းနှီးမြှုပ်နှံရမယ်။ ပြီးတော့ ဝန်ဆောင်မှုပေးဖို့လိုအပ်တဲ့ ရေဒီယိုလှိုင်းနှုန်းစဉ်တွေကို စနစ်တကျစီမံခန့်ခွဲပေးရမယ်။”

“နောက်ပြီး ကွန်ရက်ကျယ်ပြန့်လာပြီး စက်တွေအများကြီး ချိတ်ဆက်လာတာနဲ့အမျှ Cyber Attack လို ဆိုက်ဘာတိုက်ခိုက်မှု အန္တရာယ်တွေအတွက် ပစ်မှတ်ပိုများလာလို့ Network Security, Data Encryption နဲ့ Identity Management တွေကို အထူးဂရုစိုက်ရမယ်။ ဒီနည်းပညာတွေကို ကိုင်တွယ်နိုင်မယ့် လူသားအရင်းအမြစ်တွေလည်း အများကြီးလိုသေးတယ်။ ဒါတွေကို ဆက်သွယ်ရေးအော်ပရေတာတွေချည်းပဲလုပ်လို့မရဘူး။ အစိုးရ၊ နည်းပညာကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေနဲ့ တက္ကသိုလ်တွေအားလုံးပါဝင်တဲ့ Digital Ecosystem ကြီးတစ်ခုလုံး ပူးပေါင်းပါဝင်မှရမှာ။”

“အဲဒါဆို မြန်မာနိုင်ငံအတွက် ဘယ်ကနေ စလုပ်ရမလဲဟင်” လို့ ဆုဆုက စိတ်ဝင်တစားနဲ့ဝင်မေးတယ်။

“မြန်မာနိုင်ငံအနေနဲ့ဆိုရင် 5G ကို ရိုးရိုးမိုဘိုင်းအင်တာနက် ဝန်ဆောင်မှုတစ်ခုလို့မမြင်ဘဲ နိုင်ငံရဲ့ အမျိုးသားဒီဂျစ်တယ် အခြေခံအဆောက်အအုံအနေနဲ့ မြင်ဖို့လိုတယ်။ တစ်နိုင်ငံလုံး ချက်ချင်းမလုပ်နိုင်ရင်တောင် Pilot Project (စမ်းသပ်စီမံကိန်း) တွေအနေနဲ့ 5G Smart Hospital၊ 5G Smart Factory Pilot ဒါမှမဟုတ် 5G Education Campus စတာတွေကို သီးသန့်နယ်မြေတွေ သတ်မှတ်ပြီး အရင်ဆုံး စမ်းသပ်လုပ်ဆောင်သင့်တယ်။ အစိုးရ၊ ဆက်သွယ်ရေး အော်ပရေတာတွေ၊ တက္ကသိုလ်တွေနဲ့ စက်မှုလုပ်ငန်းတွေ ပူးပေါင်းပြီး မြန်မာနိုင်ငံနဲ့ ကိုက်ညီမယ့် 5G Innovation Lab တွေ တည်ဆောက်ပြီး စမ်းသပ်ကြရမယ်လေ။”

စကားပြောရင်းနဲ့ ကော်ဖီတွေတောင် ကုန်သွားပြီ။ မနက်ခင်းနေရောင်ကလည်း ပိုပြီးတောက်ပလာတယ်။

ကျွန်တော်က သားနဲ့သမီးကိုကြည့်ပြီး အမှာစကားအနေနဲ့ ပြောလိုက်တယ်။

“5G ဆိုတာ အင်တာနက် ပိုမြန်လာတာလောက်ပဲ မဟုတ်ဘူး သားနဲ့သမီး။ အနာဂတ်ဒီဂျစ်တယ်စီးပွားရေးကြီးတစ်ခုလုံးရဲ့ အုတ်မြစ်ပဲ။ ပညာရေး၊ ကျန်းမာရေး၊ စက်မှုလုပ်ငန်းနဲ့ အများပြည်သူဝန်ဆောင်မှုတွေအားလုံးကို ဒီဂျစ်တယ်အသွင်ကူးပြောင်းပေးမယ့် တွန်းအားတစ်ခုပေါ့။ မင်းတို့ခေတ်ရောက်ရင် ဒီနည်းပညာတွေက ရေလိုလေလို မရှိမဖြစ် ဖြစ်လာတော့မှာ။ ဒါကြောင့် နည်းပညာသစ်တွေကို အမြဲလေ့လာပြီး ကိုယ့်နယ်ပယ်အသီးသီးမှာ ဘယ်လို အသုံးချရမလဲဆိုတာကို ကြိုတင်ပြင်ဆင်ထားကြဖို့လိုတယ်။”

သားနဲ့သမီးက ခေါင်းတညိတ်ညိတ်နဲ့ အလေးအနက် စဉ်းစားနေကြတယ်။ မမာကတော့ စားပွဲပေါ်က ပန်းကန်တွေကို သိမ်းဆည်းရင်း ပြုံးနေတယ်။ 5G ဆိုတဲ့ မမြင်ရတဲ့ လှိုင်းဂယက်ကြီးက ကျွန်တော်တို့ရဲ့ နေထိုင်မှု၊ သင်ယူမှုနဲ့ အလုပ်လုပ်ကိုင်မှု ပုံစံအားလုံးကို မကြာခင်မှာ အလုံးစုံပြောင်းလဲပစ်တော့မယ်ဆိုတာကိုတော့ တနင်္ဂနွေမနက်ခင်းရဲ့ ကော်ဖီဝိုင်းလေးကနေ ကျွန်တော်တို့ မိသားစုလေး သေချာနားလည်သဘောပေါက်လိုက်ကြပါပြီ။ ။

---

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကရင်ပြည်နယ်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၆) ဒုတိယနေ့ ဆက်လက်ကျင်းပ



ဘားအံ စက်တင်ဘာ ၂၇

ကရင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၆) ကို ပြည်နယ်၏ မြို့တော် ဘားအံမြို့တွင် စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက် နှစ်ရက်တာ ကျင်းပလျက်ရှိပြီး ယနေ့ဖိုရမ် ဒုတိယနေ့ကို နံနက် ၈ နာရီတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဖိုရမ်တွင် ပြည်ထောင်စု အတိုင်ပင်ခံ ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမှာစကား ပြောကြားပြီး အဖွဲ့(၃) ကိုယ်စားလှယ် ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစသိန်းကျော်က ကရင်ပြည်နယ်အတွင်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် လူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်ရေး စာတမ်းကို လည်းကောင်း၊ အဖွဲ့(၄)ကိုယ်စားလှယ် ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ ခင်မာလာထွန်းက ကရင်ပြည်နယ် အတွင်း နည်းပညာသက်ရောက်မှုများ ဉာဏ်ရည်တုနည်းပညာ AI စနစ်ထူထောင်ရေး၊ ဆိုက်ဘာ (Cyber)၊ Online Security၊ လူမှုကွန်ရက် (Social Media) အဖွဲ့များ ထိရောက်သော သတင်းမှန်ပြန်ကြားရေးစာတမ်းကိုလည်းကောင်း ဖတ်ကြားကြသည်။

ထို့အတူ ဖိုရမ်ပထမနေ့တွင် ကရင်ပြည်နယ် လူငယ်စင်တာ၌ အစုအဖွဲ့လေးဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြသည့် ကရင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ရေးနှင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်း တည်ဆောက်ရေး၊ ကရင်ပြည်နယ်အတွင်း ပဋိပက္ခဒဏ်ခံရသူများအတွက် ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရေးနှင့် ဒေသဖွံ့ဖြိုးမှုတိုးတက်ရေး၊ ကရင်ပြည်နယ်အတွင်း လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားမြှင့်တင်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် လူမျိုးပေါင်းစုံအတူယှဉ်တွဲနေထိုင်ရေး ခေါင်းစဉ်များကို အဖွဲ့လိုက် သုံးသပ်၍ ရှေ့လုပ်ငန်းစဉ် စီမံချက်များကို တက်ရောက်လာသူများနှင့်အတူ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အလားတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အကြံပေးအဖွဲ့ ခေါင်းဆောင် ဦးအောင်မင်းက ဆွေးနွေးသုံးသပ်ချက်များ၊ ရှေ့လုပ်ငန်းစဉ် စီမံချက်များအပေါ် အကြံပြုပြောကြားပြီး မြန်မာလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း(ဗဟို) MYDA ဥက္ကဋ္ဌက သုံးသပ်ချက်၊ ရှေ့လုပ်ငန်းစဉ် စီမံချက်များကို အကြံပြုဆွေးနွေးကာ အဖွဲ့လိုက် ဆွေးနွေးခဲ့ကြသည့် ခေါင်းစဉ် အကြောင်းအရာများ အလိုက် သုံးသပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ် စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ကရင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၆) ဆုံးဖြတ်ချက်စာတမ်းကို ပါဝင် ဆွေးနွေးခဲ့ကြသူများက ဖတ်ကြားကြသည်။

ဆက်လက်၍ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဖိုရမ်သည် အခမ်းအနားတစ်ရပ်အဖြစ် ကျင်းပပြီးစီးသွားမည် မဟုတ်ဘဲ ပြည်နယ်၏ငြိမ်းချမ်းရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုအသိုက်အဝန်းများအကြား အပြန်အလှန်နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်မျိုးဆက်များအတွက် ပိုမိုကောင်းမွန်သော လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရေးတို့အတွက် အတွေးအမြင်များ၊ အတွေ့အကြုံများ၊ အကြံပြုချက်များနှင့် လက်တွေ့လုပ်ငန်းစဉ်များကို အတူတကွ ဆွေးနွေးဖော်ထုတ်ခဲ့ကြသည့် အရေးပါသော ပလက်ဖောင်းတစ်ရပ် ဖြစ်ကြောင်း ပြောကြားသည်။

ယမန်နေ့ကလည်း ကရင်ပြည်နယ်လူငယ်စင်တာ၌ အစုအဖွဲ့လေးဖွဲ့ ခွဲ၍ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်းလေးစောင်ကို ဆွေးနွေးခဲ့သည်။ ထိုသို့ ဆွေးနွေးမှုကို ပြည်ထောင်စု အတိုင်ပင်ခံ ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့်ဦးဇော်အေးမောင်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ၏ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်မင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သူ ဦးသက်နိုင်ဝင်း၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးပြီး သက်ဆိုင်ရာစာတမ်းများအလိုက် ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ငါးသိုင်းချောင်းမြို့၌ ရေလွှမ်းလယ်ကေများ ပြန်လည်စိုက်ပျိုးမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

ငါးသိုင်းချောင်း စက်တင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်သန်း၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းမန်နေဂျာ ဦးဇော်ဝမ်း၊ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် တာဝန်ရှိသူများသည် ငါးသိုင်းချောင်းမြို့ ရေလွှမ်းလယ်ကေများ ပြန်လည်ထွန်ယက်စိုက်ပျိုးနေမှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ကြပ်ကွင်းကျေးရွာအုပ်စုရှိ တောင်သူ ဦးကံမြင့်၏ လယ် ၁၆ ဒသမ ၉၉ ကေနှင့် ဦးထွန်းထွန်း၏ လယ် ၉ ဒသမ ၇၇ ကေတို့အား တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်ခြောက်စီးဖြင့် ထွန်ယက်ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုခဲ့သည်။

ထို့နောက် ဒေါင့်ကြီးအုပ်စု မီးသွေးကုန်းကျေးရွာ တောင်သူ ဒေါ်သန်းသန်းမော်၏ လယ် ၇ ဒသမ ၁၂ ကေကို GW–11 မျိုးစပါးအား မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးနေမှုများကိုလည်းကောင်း၊ ဆီဆုံကုန်းကျေးရွာ တောင်သူသုံးဦး၏ လယ်ခြောက်ကေအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုများကို ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**



# သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကွင်းဆင်းစစ်ဆေး

ကျွန်းလှ စက်တင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို စက်တင်ဘာ ၂၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကန့်ဘလူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့် တာဝန်ရှိသူများက Switchyard များအတွင်း ရေဝင်ရောက်မှုရှိ မရှိ၊ ရေယူအဆောက်အအုံကရိန်း(အကြီး)ကို မိုးကာဖြင့် စနစ်တကျ ကာရံထားရှိမှုနှင့် စက်ရုံအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**





# ပုသိမ်မြို့၌ ခွေးနှင့်ကြောင်များအား ခွေးရူးကာကွယ်ဆေး အခမဲ့ထိုးနှံပေး

ပုသိမ် စက်တင်ဘာ ၂၇

အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပုသိမ်မြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး၌ စက်တင်ဘာ ၂၇ ရက်နှင့်၂၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ခွေးနှင့်ကြောင်များအား အခမဲ့ခွေးရူးကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ပုသိမ်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့တွင် ပုသိမ်မြို့ရှိ ခွေး ၃၂၁ ကောင်နှင့် ကြောင် ၄၈ ကောင်တို့အား ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အောက်တိုဘာ ၁ ရက်တွင် ကြခတ်ချောင်ကျေးရွာ၊ အောက်တိုဘာ ၂ ရက်တွင် ရွှေမြင်တင်ကျေးရွာနှင့် အောက်တိုဘာ ၄ ရက်တွင် ရွှေသောင်ယံမြို့၌ ကွက်ပြည့်ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ဟိုပုံး စက်တင်ဘာ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဟိုပုံးမြို့နယ် ပြည်ထောင်စုလမ်းမမှ ဟွေ့ရေခေါက်-ဟိုဆင်-ဟွေ့လုံ-ဖက်ရမ်းလေး-ဖက်ရမ်းကြီး-ဒုံလိတန်-ဟိုနွဲ့-ဆီဟိုးလမ်း ကတ္တရာခင်းခြင်းနှင့် ဆီဆိုင်မြို့နယ် ကုန်းဆွတ်-လာဇရူး-တောင်သာ-တရောက်-ဖာလိုင်လမ်းပေါ်ရှိ ပေ ၂၀၀ သံကူကွန်ကရစ်တံတား(ဒုတိယပိုင်း) တည်ဆောက်ခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးကျော်ကျော်ထွေး၊ ရှမ်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းဆွေ၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ညီမောင်တို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



စာအုပ်စာပေ လူ့မိတ်ဆွေ

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

**စာတည်းအဖွဲ့**

စက်တင်ဘာ ၂၁ ရက်မှ ၂၇ ရက်အတွင်း ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့် သတင်းများအနက် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အုပ်ချုပ်ရေး၊ နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရေး၊ ကျန်းမာရေး၊ ဆေးတက္ကသိုလ်များဝင်ခွင့်လျှောက်ထားနိုင်၊ ဆီစက်လုပ်ငန်းရှင်များ ချေးငွေလျှောက်ထားနိုင်၊ ပြန်လည်ထူထောင်ရေး၊ အကြမ်းဖက်တိုက်ခိုက်မှု၊ ဖမ်းဆီးခံရသည့် ကျောင်းသားများ ပြန်လည်ကယ်တင်၊ ငြိမ်းချမ်းရေး၊ ခရီးသွားလုပ်ငန်း၊ မိုးလေဝသ၊ အားကစားနှင့်မှုခင်း စသည့်သတင်းများကို စုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

## ကုန်ထုတ်လုပ်မှုတိုးတက်ရေး

နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ၌ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် "လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။ စိုက်ပျိုးမွေးမြူရေး၊ ကုန်ထုတ်လုပ်မှု၊ ဘဏ္ဍာရေးနှင့် ပို့ကုန်တိုးမြှင့်ရေးစသည့် ကဏ္ဍများအလိုက် စာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများကို စက်တင်ဘာ ၂၂ ရက်အထိ ဆက်လက်ကျင်းပခဲ့သည်။

## အုပ်ချုပ်ရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၃ ရက်တွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် တွေ့ဆုံခဲ့ပါသည်။ အစည်းအဝေးတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့အပြင် အခြေခံပညာ မူလတန်းအဆင့် အခမဲ့မသင်မနေရစနစ်မှ အလယ်တန်းအဆင့် (KG+9) အထိ မသင်မနေရ ပညာရေးအဖြစ် စနစ်တကျ ဆက်လက်အကောင်အထည်ဖော်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများကို စေတနာထား စစ်ဆေးသုံးသပ်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

## နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရေး

အမျိုးသားအဆင့် နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီအစည်းအဝေးကို စက်တင်ဘာ ၂၃ ရက်တွင် နေပြည်တော် နိုင်ငံတော်သမ္မတရုံးတော်၌ ကျင်းပခဲ့ရာ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံ၏ နျူကလီးယားစွမ်းအင်စီမံကိန်းများကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍတို့တွင် အသုံးပြုနိုင်ရေး၊ နိုင်ငံတကာမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာမူဝါဒများ ထုတ်ပြန်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါသည်။

## ကျန်းမာရေး

ရှမ်းပြည်နယ် အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံတွင် အကြိမ် (၄၀) မြောက်နှင့် အတွဲ (၁၀၀) ပြည့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို စက်တင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ခွဲစိတ်မှုအောင်မြင်ပြီးနောက် လူနာများနှင့် ကျောက်ကပ်အလှူရှင်များ၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိသည်။

## ဆေးတက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များသို့ ပထမဦးစားပေးလျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာစာအိတ်များကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ (ရုံးပိတ်ရက်မရှိ) သတ်မှတ်ထားသော လျှောက်လွှာလက်ခံသည့်နေရာ ရှစ်ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားနိုင်ကြောင်း စက်တင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

## ဆီစက်လုပ်ငန်းရှင်များ ချေးငွေလျှောက်ထားနိုင်

ပြည်တွင်းဆီစက်များ အဆင့်မီစက်ပစ္စည်းများ တိုးချဲ့တပ်ဆင်ခြင်းနှင့် လုပ်ငန်းသုံးရင်းနှီးလည်ပတ်ငွေအတွက် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေရန်ပုံငွေမှ အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ချေးငွေများ လျှောက်ထားရယူနိုင်ကြောင်း စက်တင်ဘာ ၂၅ ရက်တွင် အသိပေးထုတ်ပြန်ခဲ့ပါသည်။

## ပြန်လည်ထူထောင်ရေး

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစ၍ လုပ်ငန်းများ ခေတ္တရပ်နားခဲ့ရသည့် ဖလမ်းမြို့ မြန်မာ့စီးပွားရေးဘဏ်အား တပ်မတော်က ပြန်လည်ထိန်းချုပ်ပြီးနောက် စက်တင်ဘာ ၂၁ ရက်တွင် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားပင်စင်လစာများကို ပထမဆုံးအကြိမ် ပြန်လည်ထုတ်ပေးခဲ့သည်။ ထို့ပြင် တိုက်ပွဲများနှင့် ဖျက်ဆီးမှုများကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့သည့် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နှင့် သီပေါမြို့တို့ရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းမှစ၍ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

## အကြမ်းဖက်တိုက်ခိုက်မှု

စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေစဉ် CDF အမည်ခံအဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်ခဲ့ပါသည်။

## ဖမ်းဆီးခံရသည့် ကျောင်းသားများ ပြန်လည်ကယ်တင်

ထားဝယ်မြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ Grade-7 ကျောင်းသား ခြောက်ဦးသည် စက်တင်ဘာ ၂၂ ရက်တွင် ရေတံခွန်သို့ သွားရောက်စဉ် PDF အဖွဲ့၏ အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေရှင်းလင်းကယ်တင်မှုကြောင့် စက်တင်ဘာ ၂၄ ရက်တွင် ကျောင်းသား နှစ်ဦးနှင့် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ကျန်ရှိသော ကျောင်းသား လေးဦးတို့အား ပြန်လည်ရှာဖွေတွေ့ရှိကယ်တင်နိုင်ခဲ့ပြီး မိသားစုများထံ ပြန်လည်အပ်နှံပေးခဲ့ပါသည်။

## ငြိမ်းချမ်းရေး

စစ်ကိုင်းတိုင်းဒေသကြီး ဆားတောင်နယ်မြေအတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား ၂၉ ဦး၊ အမျိုးသမီး သုံးဦးနှင့် မိသားစုဝင် ခြောက်ဦး စုစုပေါင်း ၃၈ ဦးတို့သည် လက်နက်မျိုးစုံ ၁၃ လက်၊ ခဲယမ်းများနှင့်အတူ နီးစပ်ရာ နယ်မြေခံတပ်ရင်းသို့ ဆက်သွယ်၍ စက်တင်ဘာ ၂၂ ရက်တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပါသည်။

ထို့ပြင် တိုင်းရင်းသားလက်နက်ကိုင်နယ်မြေအတွင်း သင်တန်းတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် PDF အဖွဲ့ဝင် ၂၃ ဦးသည် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ရာ ဆုကြေးငွေများ ထောက်ပံ့ပေးအပ်ခဲ့ပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ လွှဲပြောင်းပေးခဲ့ပါသည်။

ထို့နောက် "ငြိမ်းချမ်းရေးကို လက်တွဲတည်ဆောက် ဖွံ့ဖြိုးရေးကို အတူတကွ ဖော်ဆောင်" ဆောင်ပုဒ်ဖြင့် ကရင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ စက်တင်ဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည်။

## ခရီးသွားလုပ်ငန်း

တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစု၊ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်အတွင်းရှိ သဘာဝအခြေခံ ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ လာမည့် နိုဝင်ဘာ ၁ ရက်မှစ၍ နိုင်ငံခြားသားခရီးသွားများ စတင်ဝင်ရောက်မည်ဖြစ်ကြောင်း စက်တင်ဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ယမန်နှစ် ခရီးသွားရာသီကလည်း ဥရောပနှင့် အာရှနိုင်ငံအသီးသီးမှ ခရီးသွားများ အများအပြား လာရောက်အပန်းဖြေခဲ့ကြသည်။

## မိုးလေဝသ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာ ၂၆ ရက် နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ကပ္ပလီပင်လယ်ပြင်တွင် လေထုမငြိမ်မသက်မှုများနှင့် မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းခြင်းတို့ကြောင့် စက်တင်ဘာ ၂၆ ရက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်၊ မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သတိပေးထားသည်။

## အားကစား

ဂျပန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲ၏ တက်ဂ်ဘော (Teqball) အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာအားကစားသမား ခင်နှင်းဝေက အင်ဒိုနီးရှားနိုင်ငံ အားကစားသမားအား အနိုင်ရရှိကာ မြန်မာနိုင်ငံအတွက် ပထမဦးဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးရယူပေးခဲ့ကြောင်း စက်တင်ဘာ ၂၀ ရက် သတင်းတွင်ဖော်ပြခဲ့သည်။

## မှုခင်း

စက်တင်ဘာ ၁၇ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဗားကရာလမ်းမပေါ်ရှိ မုန့်ဈေးတန်းတွင် လူငယ်အချင်းချင်း စကားများရန်ဖြစ်ရာမှ အုပ်စုဖွဲ့ရိုက်နှက်၍ ဓားဖြင့်ထိုးခဲ့သည့် ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများကို စက်တင်ဘာ ၂၂ ရက်တွင် ဖမ်းဆီးရမိခဲ့ပြီး ဥပဒေအတိုင်း ဆက်လက်စစ်ဆေး အရေးယူလျက်ရှိပါသည်။



မကွေးတိုင်းဒေသကြီး အောင်လံခရိုင် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး၊ အောင်လံမြို့နယ် မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် အောင်လံမြို့ပေါ်ရှိ KTV ဆိုင်များ၌ မီးဘေးလုံခြုံရေး စစ်ဆေးစဉ်။

ကောင်းစစ်နိုင်

# တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့)၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားခဲ့

**မိုင်းယောင်း စက်တင်ဘာ ၂၇**

တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့)၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီလစောင့်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့သည်။

မြို့ကျက်သရေဆောင် ဟိုခုံပရိယတ္တိစာသင်တိုက်နှင့် ရပ်ကွက်/ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဥပုသ်သီတင်းသီလဆောက်တည်သူများ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်း၍ ကုသိုလ်ကောင်းမှုပြုသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိပြီး ရှေးဟောင်းသမိုင်းဝင်



ထပ်လုံစေတီတော်၊ ဗောဓိရွှေညောင်ပင်စသည့် တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီလစောင့်သူများ၊ ကုသိုလ်ကောင်းမှုပြုသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ ၂၀၂၆-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ် တစ်ခုခုသို့ ပထမဦးစားပေးလျှောက်ထားလိုသူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့ (အဆင့်မြင့်ပညာဦးစီးဌာန)မှထုတ်ပေးသည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ **ဆေးဝါးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များနှင့် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ပထမဦးစားပေးလျှောက်ထားသူများသည်** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသောတက္ကသိုလ်များသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ **ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ပထမဦးစားပေးလျှောက်ထားသူများအတွက်မူ** တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို အောက်ဖော်ပြပါ လျှောက်လွှာလက်ခံမည့်နေရာ(၈)ခုအနက် တစ်ခုခုသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်-

(က) ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန (နေပြည်တော်)
(ခ) ဆေးတက္ကသိုလ်(၁) ရန်ကုန်
(ဂ) ဆေးတက္ကသိုလ်(၂) ရန်ကုန်
(ဃ) ဆေးတက္ကသိုလ်၊ မန္တလေး
(င) ဆေးတက္ကသိုလ်၊ မကွေး
(စ) ဆေးတက္ကသိုလ်၊ တောင်ကြီး
(ဆ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)
(ဇ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)

၄။ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်းနှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၈)ရက်နေ့မှ အောက်တိုဘာလ(၁၆)ရက်နေ့အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ကြသည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့၊ အမြောက်တပ်ဖွဲ့နှင့် ဒုံးတပ်ဖွဲ့တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များ၏ သားသမီးများ၊ စစ်သည်များ၊ တပ်ဖွဲ့ဝင်အငြိမ်းစားများ၏ သားသမီးများ စုစုပေါင်း ၂၀၄ ဦးတို့အား Artillery Gunners Foundation မှ စက်တင်ဘာ ၂၆ ရက်တွင် ရန်ကုန်နယ်မြေခံတပ်၊ မိတ္ထီလာနယ်မြေခံတပ်နှင့် အောင်ပန်းနယ်မြေခံတပ်တို့၌ တစ်ပြိုင်တည်းပညာရည်ချွန်ဆုပေးအပ်သည့်အခမ်းအနားများ ကျင်းပသည်။




**ချီးမြှင့်**

အခမ်းအနားများသို့ ဖောင်ဒေးရှင်းအမှုဆောင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဆုရရှိသူများ၏မိဘများ တက်ရောက်ကြပြီး ပညာရည်ချွန်ဆုများကို ဖောင်ဒေးရှင်းနာယက၊ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် တပ်မတော်အရာရှိကြီးများက ချီးမြှင့်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၇

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲမှူးချုပ်လင်းထွဋ် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် ယနေ့တွင် ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံ၌ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းကြသည့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူးနှင့် တပ်မတော်ဆေးရုံ တပ်မှူးတို့က အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## နောင်ချိုမြို့နယ်အတွင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေသဝက်များ ထောက်ပံ့ဖြန့်ဖြူးပေးအပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများဆက်လက်ဆောင်ရွက်

နောင်ချို စက်တင်ဘာ ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် နေရပ်စွန့်ခွာပြီး ပြန်လည် အခြေချနေထိုင်လျက်ရှိသည့် ပြည်သူများ၏ လူမှုစီးပွား ဘဝ ပြန်လည်ထူထောင်စေရေး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေသဝက် ၃၅ ကောင်ကို ပြည်သူ ၃၅ ဦးထံသို့ ထောက်ပံ့ပေးအပ်ခြင်းနှင့် ဒေသဝက်များ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို ယမန်နေ့က သရက်ကုန်းကျေးရွာ၌ ဆောင်ရွက်သည်။



အဆိုပါ ထောက်ပံ့ပေးအပ်ခြင်းကို ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်သန်း၊ ကျောက်မဲခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာစိုးနိုင်ဝင်း၊ နောင်ချိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာဇော်လွင်နှင့် အဖွဲ့ဝင်များက ဒေသခံပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ပြီး နောင်ချိုမြို့နယ် သရက်ကုန်းကျေးရွာအုပ်စုအတွင်း တစ်ပိုင်တစ်နိုင် ဒေသဝက်မွေးမြူမှု ဖွံ့ဖြိုးကာ ပိုမိုအကျိုးဖြစ်ထွန်းစေရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးဆောင်၍ ဒေသဝက်များ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးခြင်းနှင့် မွေးမြူရေးအသိပညာပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်အရှေ့ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် အစည်းအဝေးပြုလုပ်

ရန်ကုန် စက်တင်ဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်(GEC) ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ခြင်း၊ ကတိသစ္စာခံယူခြင်းအခမ်းအနားကို သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သပြေခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဘုန်းမြင့်က သဘာပတိအဖြစ်ဆောင်ရွက်ကာ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများအား အတည်ပြုချက်ရယူကြသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့ဝင်အသစ်များရွေးချယ်ခြင်း၊ တာဝန်ခွဲဝေခြင်းနှင့် ကတိသစ္စာခံယူခြင်းတို့ကို တိုင်းဦးစီးမှူးရှေ့မှောက်၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



## ပခုက္ကူမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ယာဉ်စည်းကမ်းလမ်းစည်းကမ်းအသိပညာပေး

ပခုက္ကူ စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



ဦးစွာ ပခုက္ကူမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်သီတာဦးက ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးညွှန့်ဦးနှင့် တာဝန်ရှိသူများက အသိပညာပေးဟောပြောကြသည်။

အဆိုပါဟောပြောပွဲတွင် ပခုက္ကူမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဗီဒီယိုပြသခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ ယာဉ်မတော်တဆဖြစ်ပွားမှု လျှော့ချနိုင်စေရေး လိုက်နာဆောင်ရွက်ရမည့် Quick Win (၅)ချက်အား ဉာဏ်စမ်းပဟေဠိမေးမြန်းခြင်းများ ဆောင်ရွက်ကာ အဖြေမှန်ရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ ဘာမီသာ(ပခုက္ကူ)

# လျှပ်စစ်ရေးရာစကားဝိုင်း

ဝေယံ

**❛အိမ်သုံးမီတာတစ်လုံးဟာ စုစုပေါင်း လျှပ်စီး ၃၀ အမ်ပီယာပဲ သုံးနိုင်တယ်။ အဲဒီထက်ပိုသုံးရင် မီတာလောင်မယ်။ ဆားဗစ်ကြိုးတွေ အပူဒဏ်ကြောင့် Short ဖြစ်တာ၊ ပြတ်ကျတာတွေဖြစ်ပြီး လျှပ်စစ်အန္တရာယ်ဖြစ်စေနိုင်တယ်။ ဒါကြောင့် မီးသုံးသူတွေအနေနဲ့ မိမိအိမ်ရဲ့ လျှပ်စစ်ပစ္စည်းတွေကို တစ်ပြိုင်နက် မသုံးရဘူး။တချို့အိမ်ဆို စက်မှုလုပ်ငန်းတောင် လုပ်ကိုင်ကြတယ်။ မိမိအိမ် လျှပ်စစ်အဝင်မှာ ၃၀ အမ်ပီယာ Breaker နဲ့ Fuse တွေကို တပ်ထားဖို့ လိုတာပေါ့။ ၃၀ အမ်ပီယာထက် ပိုသုံးတဲ့အိမ်ဆိုရင် ပါဝါမီတာ ထပ်လျှောက်တပ်ရမှာဖြစ်❜**

(ယမန်နေ့မှအဆက်)

**အာဆီယံနိုင်ငံတွေရဲ့ ဓာတ်အားပျောက်ဆုံးမှုရာခိုင်နှုန်းသုံးသပ်ချက်မှာ မြန်မာနိုင်ငံမှာ မီတာမမှန်ခြင်းနဲ့ ဓာတ်အားခိုးယူသုံးစွဲမှုတွေ (Non-Technical Losses) ဆိုတာ တွေ့ရတယ်။ အခြားအာဆီယံနိုင်ငံတွေမှာ ဘာကြောင့်မတွေ့ရတာလဲ။**

တကယ်သိသင့်တဲ့ အချက်ပါပဲ။ အခြားအာဆီယံနိုင်ငံတွေမှာ မီတာမမှန်ခြင်းနဲ့ ဓာတ်အားခိုးယူမှုတွေ မတွေ့ရတဲ့ အချက်တွေကို လေ့လာကြည့်ရင်

(က) လျှပ်စစ်မီတာကို အိမ်ခြံဝင်းအပြင်မှာပဲ တပ်ဆင်ထားခြင်း(အဓိကအချက်)။
(ခ) မီတာနှင့် မီတာဖတ်စနစ် ကောင်းမွန်အောင် ဆောင်ရွက်ထားခြင်း။
(ဂ) တရားမဝင် ဓာတ်အားသုံးစွဲမှုကို ဥပဒေအရ ထိရောက်စွာ အပြစ်ပေးအရေးယူခြင်း။ (အချို့နိုင်ငံများတွင် ငွေဒဏ်ထောင်ဒဏ် နှစ်ခုစလုံး ကျခံရ)

**လျှပ်စစ်မီတာကို အိမ်ခြံအပြင်ဘက်မှာ တပ်ဆင်ထားခြင်းကြောင့် လျှပ်စစ်ဌာနနဲ့ မီးသုံးသူတို့ ဘယ်လိုအကျိုးသက်ရောက်မှုရှိလို့လဲ။**

နိုင်ငံတကာမှာ မီတာတွေကို အိမ်ခြံအပြင်ဘက်မှာ ထားရှိကြပါတယ်။ အကျိုးသက်ရောက်မှုတွေကတော့

(က) တရားမဝင် ဓာတ်အားသုံးစွဲမှုပြုလုပ်ဖို့ မလွယ်ကူတာကြောင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးကို များစွာအထောက်အကူဖြစ်စေပါတယ်။
(ခ) မီတာဖတ်ခြင်းနဲ့ မီတာပြုပြင်ထိန်းသိမ်းခြင်းတို့ကို လွယ်ကူစေပါတယ်။
(ဂ) ရှည်လျားဆားဗစ်ကြိုးတွေကြောင့် ဓာတ်အားပျောက်ဆုံးမှုကို ကျခံနေရမှုမှ သက်သာစေပါမယ်။
(ဃ) မီးသုံးသူနဲ့ မီတာဖတ်ဝန်ထမ်းတို့အတွက် လုံခြုံမှုကို အထောက်အကူဖြစ်စေပါတယ် (အယောင်ဆောင် ငွေလိမ်လည်မှု၊ လုယက်မှု၊ အသက်အန္တရာယ်ရှိမှု)။
(င) ရောဂါကူးစက်မှုကို ကာကွယ်ရာရောက်ပါတယ်။
(စ) သဘာဝဘေးဒဏ်ဖြစ်တဲ့ မီးလောင်မှု၊ ရေကြီးမှုများတွင် မီတာများပျက်စီးဆုံးရှုံးမှုကို လျော့နည်းစေပါတယ်။

**လုံခြုံမှုနဲ့ ရောဂါကူးစက်မှုကိုတော့ အလေးထားရမယ်ကွ။ တချို့နေရာတွေမှာ အမျိုးသမီး မီတာဖတ်ဝန်ထမ်းတွေ တွေ့နေရတယ်။ သူတို့ရဲ့လုံခြုံရေးလည်း အရေးကြီးတာပဲ။ ကိုယ့်အိမ်က မီတာကို အပြင်မှာပဲ ထားတော့မယ်။ ဒါနဲ့ မီတာကို ခြံအပြင်မှာထားရင် မီးသုံးသူက မီတာယူနစ် ဖတ်ရခက်မယ်၊ မီတာဖျက်ဆီးခံရမှု၊ မီတာအခိုးခံရမှုတွေလည်း ဖြစ်နိုင်တာပေါ့။**

ရိုးရိုးမျက်မြင်ဖတ် မီတာတွေကတော့ လူတစ်ရပ်အမြင့်ကနေဖတ်နိုင်တဲ့ ဓာတ်တိုင်၊ အိမ်ခြံစည်းရိုး၊



မီတာ ခြံအပြင် တွင်တပ်ထားပုံ (ရန်ကုန်မြို့ တစ်နေရာ)

အုတ်နံရံတွေမှာ တပ်ဆင်တယ်။ တချို့အိမ်တွေမှာ ခြံစည်းရိုးအုတ်နံရံထဲမှာ မီတာအိမ်လုပ်ပြီးထားတယ်။ အိမ်ရှင်လည်း ဖတ်နိုင်ပါတယ်။

Remote နဲ့ဖတ်တဲ့ မီတာ၊ အွန်လိုင်းက ဖတ်တဲ့ မီတာတွေကတော့ ဓာတ်တိုင်အမြင့်မှာ တပ်ထားကြပါတယ်။ ခေတ်မီ မီတာစနစ် (အွန်လိုင်း) တွေရဲ့ မီတာ Display Screen မှာ သုံးစွဲယူနစ်တစ်ခုတည်း ဖော်ပြထားခြင်းမဟုတ်ဘဲ Date၊ Time၊ Voltage၊ Current၊ Power Factor၊ Unit၊ Tariff၊ Demand၊ Error Code စတဲ့ Data များစွာကို တစ်မျိုးစီ ပြောင်းလဲဖော်ပြနေခြင်း၊ ဖော်ပြချက် Code Data တွေကိုလည်း သိထားဖို့ လိုအပ်ခြင်းတို့ကြောင့် ခြံဝင်းထဲမှာထားလည်း မျက်မြင်ဖတ်ဖို့ ခက်ခဲပါတယ်။ ဒါပေမဲ့ Remote Unit၊ Android Phone နဲ့ Online မှ ဖတ်ရှုနိုင်ပါတယ်။

မီတာမှာ မီးသုံးစွဲသူရဲ့ ရာဇဝင်နဲ့တွဲလျက် မီတာနံပါတ်သတ်မှတ်ထားပါတယ်။ မီတာပျောက်ဆုံးမှု၊ မီတာအခိုးခံရမှုတွေက မီတာပြတ်လပ်မှု၊ မီတာရှားပါးမှုအချိန်မှာ တရားမဝင်တပ်ဆင်မှုအတွက် ဆောင်ရွက်ကြခြင်းဖြစ်ပါတယ်။

မီတာနံပါတ်အလိုက် စစ်ဆေးနိုင်ရင်တော့ တွေ့နိုင်ပါတယ်။ အွန်လိုင်းစနစ်ဆိုရင် ပိုစစ်ဆေးဖို့ လွယ်ကူပါတယ်။

**အာဆီယံနိုင်ငံတွေမှာ ခေတ်မီ မီတာစနစ်တွေ၊ Smart Meter စနစ်တွေတပ်ထားလို့ ဓာတ်အားပျောက်ဆုံးမှု နည်းတာလား။ မြန်မာနိုင်ငံမှာ Smart Meter စနစ်တပ်ဆင်မယ် ပြောတယ်၊ ဘယ်လောက်ကြာနိုင်မယ်ထင်သလဲ။**

စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံကတော့ ရာနှုန်းတော်တော်များများ Smart Meter သုံးနိုင်တယ်။ ဒါတောင် တချို့နေရာတွေမှာ Remote နဲ့ ဖတ်တာတွေ ရှိနေသေးတယ်။ ကျန်နိုင်ငံတွေကတော့ စတင်လုပ်ဆောင်နေဆဲပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမြို့တို့မှာ ဆောင်ရွက်တာ သိရပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာဆိုရင်တော့ အချိန်တော့ပေးရမယ် ထင်တယ်။

**မီတာကို အဝေးကနေ Remote နဲ့ ဖတ်မယ်၊ ခေတ်မီစနစ်နဲ့ အွန်လိုင်းကဖတ်ပြီး မီတာဖတ်တာမြန်မယ်၊ မှန်မယ်ဆိုရင် မီတာကို ခြံဝင်းအပြင်မှာ ထားဖို့လိုသေးလား။ အွန်လိုင်းကနေ Monitor လုပ်လို့ ရတယ်မဟုတ်လား။**

Remote နဲ့ ဖြစ်ဖြစ်၊ အွန်လိုင်းကပဲဖြစ်ဖြစ် မီတာဖတ်တာတော့ မှန်မယ်၊ မြန်မယ်၊ လူအင်အားအသုံးပြုမှု သက်သာသွားမယ်၊ ဒါပေမဲ့ တရားမဝင် ဓာတ်အားသုံးစွဲမှု စစ်ဆေးရမယ်၊ စောင့်ကြည့်ရမယ့် (Monitor) အလုပ်တွေ ပိုလာမယ်။ နည်းပညာခေတ်မှာ စိတ်ချလို့မရတော့ဘူး၊ Direct Current ကို သုံးတာကတော့ Monitor လုပ်ဖို့ ခက်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတကာမှာ မီတာကို ခြံအပြင်မှာပဲ တပ်ထားကြတာ ဖြစ်ပါတယ်။

**မီတာ Bill မမှန်တာတွေ၊ တစ်လထဲမှာ မီတာယူနစ်တွေ ပိုတောင်းတာတွေလည်း ရှိနေတယ်။ တိုင်ပေါ်တင်ထားတဲ့ မီတာတွေရဲ့ Breaker တွေ ပြုတ်ကျလို့ လျှပ်စစ်ဝန်ထမ်းတွေ မကြာခဏခေါ်နေရတဲ့ အခက်အခဲတွေလည်းရှိနေတယ်။ ဘယ်လိုဆောင်ရွက်ကြရမလဲ။**

မီတာ Bill မမှန်တာက မီတာပုံမှန် မဖတ်နိုင်မှုကြောင့်ဖြစ်ပြီး အိမ်ခြံပိတ်မှု၊ ဝန်ထမ်းအင်အားမမျှမှုနဲ့ တာဝန်မကျေတဲ့ဝန်ထမ်းအချို့ကြောင့် ဖြစ်ပါတယ်။ အထူးသဖြင့် DCS ဝန်ထမ်းတွေကြောင့် ဝန်ထမ်းအင်အားနည်းသွားခြင်း၊ အဖျက်သမားတွေက လျှပ်စစ်ဓာတ်အားခမပေးရေးနဲ့ လျှပ်စစ်ဝန်ထမ်းတွေကို ခြိမ်းခြောက်လှုံ့ဆော်မှု၊ အသက်အန္တရာယ်ပြုမှုတွေကြောင့် မီတာမဖတ်နိုင်ခြင်း၊ မီတာခတောင်းခံငွေ (Bill) မဝေနိုင်တဲ့ ကာလတွေရှိခဲ့တယ်။ အဲဒီအကျိုးဆက်တွေရဲ့ အရှိန်ကတော့ ကျန်နေမှာဖြစ်တယ်။ Bill မမှန်တာရှိရင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှာ Complaint လုပ်လို့ရပါတယ်။

အိမ်သုံးမီတာတစ်လုံးဟာ စုစုပေါင်း လျှပ်စီး ၃၀ အမ်ပီယာပဲ သုံးနိုင်တယ်။ အဲဒီထက်ပိုသုံးရင် မီတာလောင်မယ်။ ဆားဗစ်ကြိုးတွေ အပူဒဏ်ကြောင့် Short ဖြစ်တာ၊ ပြတ်ကျတာတွေဖြစ်ပြီး လျှပ်စစ်အန္တရာယ် ဖြစ်စေနိုင်တယ်။ ဒါကြောင့် မီးသုံးသူတွေအနေနဲ့ မိမိအိမ်ရဲ့ လျှပ်စစ်ပစ္စည်းတွေကို တစ်ပြိုင်နက်မသုံးရဘူး။ တချို့အိမ်ဆို စက်မှုလုပ်ငန်းတောင် လုပ်ကိုင်ကြတယ်။ မိမိအိမ်လျှပ်စစ်အဝင်မှာ ၃၀ အမ်ပီယာ Breaker နဲ့ Fuse တွေကို တပ်ထားဖို့ လိုတာပေါ့။ ၃၀ အမ်ပီယာထက် ပိုသုံးတဲ့ အိမ်ဆိုရင် ပါဝါမီတာ ထပ်လျှောက်တပ်ရမှာ ဖြစ်ပါတယ်။ ရေခဲသေတ္တာ၊ Aircon၊ ရေပူရေအေး၊ ရေစက် စတဲ့ ပစ္စည်းတွေ အသုံးများရင် ပါဝါမီတာလျှောက်ဖို့လိုပါတယ်။

**မီတာတွေကို အပြင်မှာ တပ်ထားရင် မပျက်စီးဘူးလား၊ ရာသီဥတုဒဏ်ခံနိုင်ရဲ့လား။**

မီတာကလည်း အမျိုးအစားအလိုက် အရည်အသွေးအလိုက် ဈေးနှုန်းကွာခြားမှု၊ ရာသီဥတုဒဏ်ခံနိုင်မှု၊ နှစ်ရှည်ခံမှုကွဲပြားပါတယ်။ အိမ်ခြံအပြင်မှာတပ်တဲ့ မီတာတွေက အရည်အသွေးကောင်းပြီး ရာသီဥတုဒဏ်ခံနိုင်တာကို ဝယ်ယူရပါတယ်။ Meter Seal၊ Termianl Seal၊ Box Seal ကတော့ ခတ်ရပါတယ်။ Meter Box တွေကိုလည်း အလုပ်လုပ်ပြီး စနစ်တကျပြန်လည်တပ်ပေးရပါမယ်။ Meter Box တွေ ပျက်စီးမှု၊ ပျောက်ဆုံးမှုတွေကိုလည်း စစ်ဆေးပြင်ဆင်မှုတွေ ဆောင်ရွက်ကြရတယ်။

**မီတာတွေကို အရင်က နိုင်ငံခြားက တင်သွင်းရတယ်လို့ သိရတယ်။ အခုပြည်တွင်းမှာ ထုတ်လုပ်နိုင်ပြီဆိုတော့ သုံးလို့ရောအဆင်ပြေရဲ့လား။**

မီတာတွေ ဝယ်ယူသုံးစွဲမှုနဲ့ပတ်သက်ပြီး ရွေးချယ်မှု မှန်ကန်ဖို့ လိုမယ်ထင်တယ်။ အရည်အသွေးကောင်းတဲ့အပြင် System Upgrade၊ Service ပေးနိုင်မှု၊ နည်းပညာရရှိမှုတွေကိုပါ စဉ်းစားရပါတယ်။ ယခင်က မီတာကို နိုင်ငံခြားက တင်သွင်းမှုကိုသာ မှီခိုနေရပြီး နည်းပညာလည်းမရ၊ Service မရ၊ လိုအပ်ချိန် ဝယ်ယူမရတာတွေရှိတယ်။ ကုမ္ပဏီမျိုးစုံက နည်းပညာမျိုးစုံနဲ့ တင်သွင်းနေရတယ်။ တစ်နည်းပြောရရင် မီတာကျွန်ဖြစ်ခဲ့တာပေါ့။

အခုအချိန်မှာ နည်းပညာမြင့်တဲ့ Smart Meter အဆင့်အထိရောက်အောင် မြန်မာပြည်မှာ ထုတ်လုပ်နိုင်တာကတော့ ဝမ်းသာစရာပါ။ ပြည်တွင်း နည်းပညာရရှိမှု၊ အလုပ်အကိုင်ရရှိမှု၊ GDP တိုးတက်မှု၊ ပြုပြင်ထိန်းသိမ်းပေးနိုင်မှု (Service) စတဲ့ အကျိုးရှိမှုတွေကို ရရှိမှာဖြစ်ပါတယ်။ ထရန်စဖော်မာတွေကိုလည်း ယခင်က နိုင်ငံခြားကနေတင်သွင်းနေခဲ့ရာ အခုဆိုရင် 66 kVk အထိ ပြည်တွင်းမှာ စံချိန်မီ ထုတ်လုပ်နိုင်တာ၊ နိုင်ငံတော်က အားပေးခဲ့မှုကြောင့် ဖြစ်ပေါ်လာတာကို တွေ့ရမှာပါ။

ကဲ ကိုယ်တို့ စကားဝိုင်းက တော်တော်ကြာသွားပြီ။ သိသင့်တဲ့အချက်တွေလည်း သိရပြီ။ လျှပ်စစ်ဆိုင်ရာ သိချင်တာတွေကတော့ များတယ်။ နောက်ဆုံတဲ့အခါကျရင်လည်း ဆွေးနွေးလို့ရပါတယ်။ လက်ဖက်ရည်ဆိုင်ရှင်က မျက်စောင်းထိုးတာများပြီ။ တော်ကြဦးစို့။ ။



ဖိလစ်ပိုင် နိုင်ငံတွင် မီတာတပ်ဆင်မှုပုံ



ကမ္ဘောဒီးယားနိုင်ငံတွင် မီတာတပ်ဆင်မှုပုံ

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့

INTERNATIONAL DAY OF OLDER PERSONS

သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်

" The Age of Longevity: Rethinking Systems for Longer Lives"

၁.၁၀.၂၀၂၆ နေပြည်တော်





# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကုန်စည်စီးဆင်းမှုလွယ်ကူလုံခြုံမြန်ဆန်စေရေး ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးဂိတ်ကို ကြည့်ရှုစစ်ဆေး

ပဲခူး စက်တင်ဘာ ၂၇



စစ်ဆေးရေး ဂိတ်များသည် လုံခြုံရေးနှင့် တရားမဝင်ကုန်သွယ်မှုပပျောက်စေရေး၊ မူးယစ်ဆေးဝါးနှင့် အခြားကန့်သတ်ပစ္စည်းများ ဝင်ရောက်မှု မရှိစေရေးအတွက် ဖွင့်လှစ်ပေးထားခြင်းဖြစ်၍ တရားဥပဒေနှင့်အညီ ထိထိရောက်ရောက် ဆောင်ရွက်ရန်နှင့် တစ်ဖက်တွင်လည်း ခရီးသွားပြည်သူများနှင့် တရားဝင်ခွင့်ပြုထားသည့် ကုန်ပစ္စည်းများကို ငွေကြေးကောက်ခံမှုမရှိဘဲ လွယ်ကူလုံခြုံလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် ဝေါမြို့နယ် ညောင်ခါးရှည် (X-Ray) အမြဲတမ်းစစ်ဆေးရေးဂိတ်သို့ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သွားရောက် ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မှာကြားသည်။

ဆက်လက်၍ မူးယစ်တပ်ဖွဲ့စုမှူးနှင့် အကောက်ခွန်ဦးစီးဌာန တာဝန်ခံတို့က မူးယစ်ဆေးဝါးနှင့် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရရှိမှုနှင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ညီလန်းချိုနှင့် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မျိုးထူးတို့က လိုအပ်သည်များ အကြံပြုတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများပေးအပ်ကာ ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုနှင့် ဝန်ထမ်းဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ညောင်ခါးရှည် (X-Ray) အမြဲတမ်းစစ်ဆေးရေး ပို့ကုန်ဂိတ်နှင့် သွင်းကုန်ဂိတ်များ၌ ခရီးသွားများကို FRS စနစ်ဖြင့် စစ်ဆေးနေမှု၊ ကုန်စည်ပို့ဆောင်သည့် ယာဉ်များကို X-Ray စက်ကြီးများဖြင့်စစ်ဆေးနေမှု၊ မော်တော်ယာဉ်ငယ်များကို လူနှင့် Mobile X-Ray စက်များဖြင့် စစ်ဆေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အောင်လံမြို့ မြဝတီစက်သုံးဆီဆိုင်ကို မီးဘေးလုံခြုံရေး အကြံပြုစစ်ဆေး

အောင်လံ စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အောင်လံခရိုင် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး၊ အောင်လံမြို့နယ် မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက FSC လက်မှတ်လျှောက်ထားပြီးဖြစ်သည့် အောင်လံမြို့ရှိ မြဝတီစက်သုံးဆီဆိုင်သို့ သွားရောက်၍ မီးသတ်တပ်ဖွဲ့၏ စစ်ဆေးအကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိ၊ မီးဘေးလုံခြုံရေးအတွက် လိုအပ်သည့်အစီအမံများပြည့်စုံမှု ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှင်းခန့်အောင်



# ထန်းတပင်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ထန်းတပင် စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက ထန်းတပင် - အုန်းပင်သွားကားလမ်းဘေး၌ ကျင်းပသည်။

အဆိုပါစိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကျွန်းပင် ၅၀၊ ယမနေပင် ၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ရေးအတွက် အီရန်၏ အဆိုပြုချက်ကို သမ္မတထရမ့် ပယ်ချ



**ဝါရှင်တန် စက်တင်ဘာ ၂၇**

ဟော်မုဇ်ရေလက်ကြားကို ပြန်လည်ဖွင့်လှစ်ရေးအတွက် အီရန်ဘက်က တင်ပြထားသည့် စည်းကမ်းချက်များပါဝင်သော အဆိုပြုချက်ကို မိမိအနေဖြင့် ပယ်ချလိုက်ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့က ပြောကြားခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် အဆိုပါရေလက်ကြားကို ချက်ချင်းပြန်လည်ဖွင့်လှစ်လိုကြောင်း ထရမ့်က အိမ်ဖြူတော်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် သုံးသပ်ပြောကြားခဲ့သည်။ ရေလက်ကြားကို ဖြတ်သန်းသွားလာမှုမှတစ်ဆင့် ရရှိမည့်ဝင်ငွေများ ဆုံးရှုံးနေရခြင်းကြောင့် အီရန်နိုင်ငံသည် ခက်ခဲသော အခြေအနေတစ်ခုနှင့် ရင်ဆိုင်နေရကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ကြားဝင်စေ့စပ်ပေးသူအဖြစ် ဆောင်ရွက်နေသည့် ကာတာနိုင်ငံမှတစ်ဆင့် အမေရိကန်ထံသို့ အစီအစဉ်တစ်ခု တင်ပြခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေယက် အာဘတ်စ် အာရာချီက ပြောကြားခဲ့သည်။ ယခုအခါ ဆုံးဖြတ်ချက်ချရန် အမေရိကန်အပေါ် မူတည်နေကြောင်းလည်း အာရာချီက ပြောကြားခဲ့သည်။

နိုဝင်ဘာလတွင် ကျင်းပမည့် အမေရိကန်ကြားဖြတ်ရွေးကောက်ပွဲများအပြီးတွင် အီရန်နိုင်ငံကို ဖိုးကြဲတိုက်ခိုက်မှုများ ပြန်လည်စတင်ရန် မျှော်လင့်ထားကြောင်း ထရမ့်က ၎င်း၏ လက်ထောက်အရာရှိများအား ပြောကြားခဲ့ကြောင်း သည်ဝေါစထရိ သတင်းစာက သတင်းဖော်ပြခဲ့သည်။

သို့သော် ထရမ့်၏ သဘောထားသည် ပြောင်းလဲသွားနိုင်ပြီး ရွေးကောက်ပွဲရလဒ်များ၏ သက်ရောက်မှုအပေါ် မူတည်နိုင်ကြောင်း အဆိုပါအရာရှိများက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်နှင့် အစ္စရေးတို့၏ အီရန်အပေါ် တိုက်ခိုက်မှုများကြောင့် အရပ်သား ၅၀၀၀ ကျော် သေဆုံးခဲ့

**တီဟီရန် စက်တင်ဘာ ၂၇**

အမေရိကန်နှင့် အစ္စရေးတို့၏ အီရန်အပေါ် တိုက်ခိုက်မှုများကြောင့် အမျိုးသမီးနှင့် ကလေးငယ် ရာနှင့်ချီ အပါအဝင် အရပ်သား ၅၀၀၀ ကျော် သေဆုံးခဲ့ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဆေယက် အာဘတ်စ် အာရာချီက ပြောကြားခဲ့သည်။

အမေရိကန်နှင့် အစ္စရေးတို့၏ တိုက်ခိုက်မှုများအတွင်း ပစ်မှတ်ထားခံခဲ့ရသည့် အရပ်သားဆိုင်ရာ နေရာများအဖြစ် လူနေအိမ်များ၊ ကျောင်းများ၊ ဆေးရုံများ၊ စွမ်းအင်ဆိုင်ရာ အဆောက်အအုံများ၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာနေရာများအပြင် သယ်ယူပို့ဆောင်ရေးအခြေခံ အဆောက်အအုံများပါဝင်ကြောင်း အာရာချီက နယူးယောက်မြို့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် အစ္စရေးနှင့် အမေရိကန်တို့သည် အီရန်မြို့တော် တီဟီရန်နှင့် အခြားမြို့များအပေါ် ပူးတွဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ ထိုအချိန်မှစ၍ အီရန်သည် ဟော်မုဇ်ရေလက်ကြားအပေါ် ၎င်း၏ ထိန်းချုပ်မှုကို တင်းကျပ်ခဲ့သည်။

ဧပြီ ၁၈ ရက်တွင် အမေရိကန်နှင့် အီရန်တို့သည် လက်ဘနွန်နိုင်ငံ အပါအဝင် ဒေသတွင်းရှိ စစ်ပွဲမျက်နှာစာအားလုံးတွင် အဆုံးသတ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်အရ ၎င်းတို့သည် နောက်ဆုံးသဘောတူညီချက်ရရှိရန် ရက်ပေါင်း ၆၀ အတွင်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန် စီစဉ်ထားခဲ့သော်လည်း အဆိုပါသတ်မှတ်ရက်မှာ ဩဂုတ် ၁၇ ရက်တွင် ကုန်ဆုံးခဲ့သည်။ မကြာသေးမီက တင်းမာမှုများ မြင့်တက်လာခြင်းကြောင့် ဆွေးနွေးပွဲများ၏ အခြေအနေမှာ မရေမရာ ဖြစ်နေဆဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်တပ်ဖွဲ့၏ ရေငုပ်သင်္ဘောအား ဟော်မုဇ်ရေလက်ကြားတွင် ဖမ်းဆီးရမိကြောင်း အီရန်ပြောကြား

**တီဟီရန် စက်တင်ဘာ ၂၇**

အမေရိကန်တပ်ဖွဲ့၏ လူလိုက်ပါခြင်းမရှိသည့် ရေငုပ်သင်္ဘောအား ဟော်မုဇ်ရေလက်ကြားတွင် ဖမ်းဆီးရမိခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့၏ရေတပ်က စက်တင်ဘာ ၂၇ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ဟော်မုဇ်ရေလက်ကြားတွင် သူလျှိုလုပ်ငန်းများဆောင်ရွက်နေသည့် အလိုအလျောက်မောင်းနိုင်သည့်ရေငုပ်သင်္ဘောအား အီလက်ထရောနစ်စစ်ဆင်ရေးအတွင်း အီရန်တပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်မှုဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း အီရန်နိုင်ငံ တရားဝင်သတင်းဌာနဆီပါ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ၎င်းရေငုပ်သင်္ဘောမှ အချက်အလက်များ ရရှိရေးအတွက် ကျွမ်းကျင်သူများက ဆောင်ရွက်နေကြောင်း သိရသည်။ ဟော်မုဇ်ရေလက်ကြားအား လက်ရှိအချိန်တွင် ပိတ်ထားပြီး ဟော်မုဇ်ရေလက်ကြားရှိ တရားမဝင်လမ်းကြောင်းများမှ သင်္ဘောများသွားလာမှု မရှိစေရေးအတွက် အစီအမံများဆောင်ရွက်နေကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ ရေတပ်က ပြောကြားသည်။

ယခုလ အစောပိုင်းက ဟော်မုဇ်ရေလက်ကြားတွင် အမေရိကန်တပ်ဖွဲ့၏ လူလိုက်ပါခြင်းမရှိသည့် ခေတ်မီရေငုပ်သင်္ဘောတစ်စင်းအား ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါရေတပ်ဖွဲ့က ပြောကြားသည်။ ယခုဖမ်းဆီးရမိသည့် သင်္ဘောသည် ဒုတိယမြောက်ဖမ်းဆီးရမိသည့် ရေငုပ်သင်္ဘောဖြစ်သည်။

**ဆင်ဟွာ**

## တရုတ် ရှန်ကျိုး-၁၃ အာကာသယာဉ်မှူးများ အာကာသအတွင်းမှ တရုတ်လမုန့်ပွဲတော်အတွက် ဆုတောင်းစကားများပေးပို့

**ပေကျင်း စက်တင်ဘာ ၂၇**



တရုတ်ရှန်ကျိုး - ၁၃အာကာသယာဉ်မှ ယာဉ်မှူးများသည် တရုတ်လမုန့်ပွဲတော်အတွက် ဆုတောင်းစကားများအား အာကာသအတွင်းမှ ပေးပို့ခဲ့ကြောင်းသိရသည်။

ယခုကဲ့သို့ လမုန့်ပွဲတော်အတွက် ဆုတောင်းစကားပေးပို့ခြင်းသည် လေးကြိမ်မြောက်ပေးပို့ခြင်းဖြစ်သည်။ ကမ္ဘာမြေနှင့်ကွာဝေးသည့် နေရာသို့ ရောက်ရှိနေသော်လည်း မိမိတို့၏ နှလုံးသားရင်ခုန်သံ စည်းချက်များမှာ အမိမြေနှင့် တစ်သားတည်းရှိနေပြီး နိုင်ငံသားများနှင့် နီးကပ်စွာ တည်ရှိနေကြောင်း အာကာသယာဉ်မှူးခေါင်းဆောင် ဇူယန်ဇူက ပြောကြားသည်။ မိမိအတွက် ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက် အာကာသခရီးဖြစ်ပြီး အာကာသထဲတွင် ဒုတိယအကြိမ်မြောက် လမုန့်ပွဲတော်ကို ဆင်နွှဲခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ချစ်ခင်ရသည့် မိသားစုဝင်များအနေဖြင့် ကောင်းကင်ရှိကြယ်များထဲတွင် အတောက်ပဆုံးကြယ်တစ်လုံးကို တွေ့ရှိပါက ၎င်းကြယ်သည် မိမိတို့၏ တိုင်ဂွန်အာကာသစခန်းပင်ဖြစ်ပြီး ကမ္ဘာမြေပေါ်ရှိ မိသားစုများအား မိမိက သတိရလျက်ရှိကြောင်း အခြားအာကာသယာဉ်မှူးတစ်ဦးဖြစ်သည့်ဇန်ဇီယန်က ပြောကြားသည်။

ယခုအချိန်သည် တရုတ်လမုန့်ပွဲတော် အချိန်အခါဖြစ်ပြီး အာကာသယာဉ်ပြတင်းပေါက်မှနေ၍ မိမိလွမ်းဆွတ်မိသည်မှာ တရုတ်နိုင်ငံတစ်ဝန်းရှိ အိမ်များတွင် မီးများထွန်းညှိထားခြင်းနှင့် ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လပြည့်ဝန်းကြီး ထိန်ထိန်သာနေခြင်းကို ဖြစ်ကြောင်း တရုတ်ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှ အမျိုးသမီး အာကာသယာဉ်မှူး လီဂျာယင်းက ပြောကြားသည်။

ရှန်ကျိုး-၁၃အာကာသယာဉ်သည် အာကာသယာဉ်မှူး သုံးဦးလိုက်ပါ၍ ယခုနှစ် မေ ၂၄ရက်တွင် အာကာသထဲသို့ လွှတ်တင်ခဲ့ပြီး ၎င်းအာကာသယာဉ်မှူး သုံးဦးသည် မေ ၂၅ရက်တွင် တိုင်ဂွန်အာကာသစခန်းသို့ ဝင်ရောက်ခဲ့၍ လက်ရှိအချိန်အထိ တာဝန်ထမ်းဆောင်နေကြောင်း သိရသည်။

**ဆင်ဟွာ**

## သမုဒ္ဒရာကြမ်းပြင်ရှိ ပလတ်စတစ်နှင့် အခြားစွန့်ပစ်ပစ္စည်းများကို အလိုအလျောက်ရှာဖွေဖော်ထုတ်ပေးနိုင်သည့် ဉာဏ်ရည်တုစနစ်တစ်ခု တီထွင်အောင်မြင်

**တိုကျို စက်တင်ဘာ ၂၇**

ဂျပန်နိုင်ငံရှိ သုတေသီအဖွဲ့တစ်ဖွဲ့က ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်ချက်ဖြင့် သမုဒ္ဒရာကြမ်းပြင်ရှိ ပလတ်စတစ်နှင့် အခြားစွန့်ပစ်ပစ္စည်းများကို အလိုအလျောက် ရှာဖွေဖော်ထုတ်ပေးနိုင်သည့် ဉာဏ်ရည်တုစနစ်တစ်ခုကို တီထွင်အောင်မြင်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ရေကြောင်း-ကမ္ဘာမြေ သိပ္ပံနှင့် နည်းပညာဆိုင်ရာ အေဂျင်စီမှ အဆိုပါအဖွဲ့သည် ယခင်က ရိုက်ကူးထားသော ပင်လယ်ရေနက်ပိုင်းဆိုင်ရာ ဗီဒီယိုမှတ်တမ်းများကို အသုံးပြု၍ အဆိုပါစနစ်ကို တီထွင်ခဲ့ခြင်းဖြစ်သည်။

သုတေသီများက လူမပါဝင်သော စူးစမ်းလေ့လာရေးယာဉ်များနှင့် အခြားကိရိယာများကို အသုံးပြုကာ နှစ်ပေါင်း ၄၀ ကျော်ကြာ ဂျပန်နိုင်ငံဝန်းကျင်ရှိ ပင်လယ်ကြမ်းပြင်များကို စစ်ဆေးလေ့လာခဲ့ကြသည်။ ၎င်းတို့သည် ဗီဒီယိုများမှ ပုံရိပ်ပေါင်း ၁၂၀၀၀ ကျော်ကို ထုတ်ယူခဲ့ပြီး ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၏ ပုံသဏ္ဌာန်နှင့် အခြားအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာကာ ၎င်းတို့၏ လက္ခဏာရပ်များကို ကွန်ပျူတာက လေ့လာမှတ်သားနိုင်စေရန် ထည့်သွင်းပေးခဲ့သည်။



အဆိုပါစနစ်သည် အရွယ်အစား နှစ်စင်တီမီတာမှ တစ်မီတာအထိရှိသော မြင်တွေ့နိုင်သည့် စွန့်ပစ်ပစ္စည်းများကို ခွဲခြားသိရှိနိုင်ပြီး အရေအတွက်ကို ရေတွက်ပေးနိုင်သော်လည်း မိုက်ခရိုပလတ်စတစ်ကဲ့သို့သော ပိုမိုသေးငယ်သည့်အရာများကိုမူ ခွဲခြားသိရှိနိုင်ခြင်း မရှိကြောင်း သုတေသီများက ပြောကြားသည်။

ပင်လယ်ကြမ်းပြင်ရှိ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများသည် သဘာဝအတိုင်း ပြိုကွဲပျက်စီးခြင်းမရှိဘဲ ပတ်ဝန်းကျင်တွင် ဆက်လက်တည်ရှိနေသောကြောင့် ၎င်းပြဿနာကို ဖြေရှင်းရန် အစီအမံများ လိုအပ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။ ယခင်က သုတေသီများသည် ဗီဒီယိုများကို ထပ်ခါတလဲလဲ ပြန်ဖွင့်ကြည့်ခြင်းနှင့် ခေတ္တရပ်နားကြည့်ရှုခြင်းတို့ ပြုလုပ်ကာ စွန့်ပစ်ပစ္စည်းများ၏ တည်နေရာနှင့် ပမာဏကို မျက်မြင်စစ်ဆေး ရှာဖွေခဲ့ကြရသည်။ သို့သော် ယခု AI စနစ်အသစ်ကြောင့် အဆိုပါလုပ်ငန်းစဉ်အတွက် လိုအပ်သောအချိန်ကို တစ်ဝက်ကျော်အထိ လျှော့ချနိုင်ခဲ့ပြီဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အကြီးတန်းသုတေသီ နာကာဂျီမာ ယိုတာက ပြိုကွဲပျက်စီးခြင်းမရှိသော ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ စုပုံလာခြင်းသည် ပြင်းထန်သော ပြဿနာတစ်ရပ်ဖြစ်ပြီး သင့်လျော်သော အစီအမံများ မလုပ်ဆောင်ပါက ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ပိုမိုဆိုးရွားလာစေလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းတို့အဖွဲ့အနေဖြင့် AI စနစ်၏ တိကျမှန်ကန်မှုကို မြှင့်တင်ရန်နှင့် လျင်မြန်စွာ အရေးယူဆောင်ရွက်နိုင်ရန်အတွက် ၎င်းစနစ်ကို အသုံးပြုသွားရန် စီစဉ်ထားကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ယှဉ်ပြိုင်တိုးတက်မှ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်း မြင့်တက်မည်

ဒေါက်တာ သုတအောင်

ပို့ကုန်တိုးမြှင့်ရေးကို ဆွေးနွေးကြသည့်အခါ ပြည်ပဈေးကွက်အသစ်များ ရှာဖွေခြင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ ကုန်သွယ်မှုဘဏ္ဍာငွေ၊ အရည်အသွေးစံနှုန်းများ၊ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရေး စသည့်အချက်များကို အဓိကထား စဉ်းစားလေ့ရှိကြသည်။

ယင်းအချက်များသည် ပို့ကုန်တိုးတက်ရေးအတွက် အရေးကြီးသည်မှာ မငြင်းနိုင်ပေ။ သို့သော် ပို့ကုန်တိုးတက်ရေးနှင့်ပတ်သက်၍ စဉ်းစားသင့်သည့် အခြားမေးခွန်းတစ်ခုလည်း ရှိနေသည်။ **“ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်မည့် မိမိတို့၏စီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းဈေးကွက်၌ မည်မျှယှဉ်ပြိုင်နိုင်စွမ်းရှိကြသနည်း။ ပြည်တွင်းယှဉ်ပြိုင်မှုက ယင်းတို့အား ပိုမိုထိရောက်လာစေရန်၊ ကုန်ကျစရိတ်လျှော့ချရန်၊ အရည်အသွေးမြှင့်တင်ရန်နှင့် ဆန်းသစ်တီထွင်ရန် မည်မျှတွန်းအားပေးနိုင်သနည်း”** ဟူသော မေးခွန်းဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ မူဝါဒများတွင် MSME များကို အားပေးခြင်းအားဖြင့် ပို့ကုန်ကဏ္ဍကို အားကောင်းစေရန်၊ နိုင်ငံတကာဈေးကွက်ဝေစု ပိုမိုရရှိစေရန်၊ ကုန်သွယ်မှုကို မျှတပြီး လွယ်ကူချောမွေ့စေရန်နှင့် Digital Trade မှ အကျိုးကျေးဇူးများရရှိစေရန် ရည်မှန်းထားသည်။ ထို့ကြောင့် ယှဉ်ပြိုင်မှုမူဝါဒနှင့် ပို့ကုန်မြှင့်တင်ရေးမူဝါဒတို့ကို သီးခြားကိစ္စနှစ်ရပ်အဖြစ်သာမကြည့်ဘဲ အပြန်အလှန် အထောက်အကူပြုနိုင်သည့် မူဝါဒများအဖြစ်လည်း စဉ်းစားနိုင်သည်။

**အိန္ဒိယနိုင်ငံ၏ စိတ်ဝင်စားဖွယ်အတွေ့အကြုံ**

ထိုကိစ္စနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ၏ အတွေ့အကြုံကို လေ့လာထားသည့် စာတမ်းတစ်စောင်မှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ စီးပွားရေးပညာရှင် Tushar Poddar က ၂၀၀၄ ခုနှစ်တွင် ရေးသားခဲ့သည့် International Monetary Fund Working Paper အမှတ် 04/173 ကို “Domestic Competition Spurs Exports: The Indian Example” ဟု အမည်ပေးထားသည်။ စာတမ်းအမည်ကိုပင် **“ပြည်တွင်းယှဉ်ပြိုင်မှုက ပို့ကုန်ကိုတွန်းအားပေးသည် အိန္ဒိယနိုင်ငံ၏ ဥပမာ”** ဟု အနီးစပ်ဆုံး ဘာသာပြန်နိုင်သည်။

၁၉၉၀ ပြည့်လွန်နှစ်များအတွင်း အိန္ဒိယနိုင်ငံ၏ ပို့ကုန်သည် သုံးဆနီးပါး တိုးလာခဲ့သည်။ Poddar သည် ယင်းတိုးတက်မှုကို လုပ်ငန်းအဆင့် အချက်အလက်များအသုံးပြု၍ လေ့လာခဲ့ရာ အရေးကြီးသည့်တွေ့ရှိချက်တစ်ခုမှာ ပို့ကုန်တိုးတက်မှုသည် ပို့ကုန်လုပ်ငန်းအသစ်များ ဝင်ရောက်လာခြင်းကြောင့်သာမဟုတ်ဘဲ ယခင်ကတည်းကရှိနေသော အိန္ဒိယလုပ်ငန်းများက ပို့ကုန်ပိုမိုပြုလုပ်လာခြင်းကြောင့်ဖြစ်သည်ဟူသော အချက်ဖြစ်သည်။

အိန္ဒိယနိုင်ငံတွင် ၁၉၉၁ ခုနှစ်နောက်ပိုင်း စီးပွားရေးဖြေလျှော့မှုများ ပြုလုပ်လာခြင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းတို့ကြောင့် အချို့သော ပြည်တွင်းလုပ်ငန်းများသည် ယှဉ်ပြိုင်မှုဖိအားပိုမိုကြုံတွေ့ခဲ့ရသည်။ ယင်းဖိအားသည် လုပ်ငန်းများကို ထိရောက်မှုမြှင့်တင်ရန်၊ ကုန်ကျစရိတ်လျှော့ချရန်နှင့် ဆန်းသစ်တီထွင်ရန် တွန်းအားပေးခဲ့သည်။ အဆိုပါ စာတမ်း၏ လေ့လာတွေ့ရှိချက်အရ ပိုမိုထိရောက်သော လုပ်ငန်းများသည် ပို့ကုန်ပြုလုပ်နိုင်ရန် အလားအလာပိုများခဲ့ပြီး ပြည်တွင်းယှဉ်ပြိုင်မှုမှ ဖြစ်ပေါ်လာသော ထိရောက်မှုနှင့် ဆန်းသစ်တီထွင်မှုတို့သည် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကို အထောက်အကူပြုခဲ့သည်။

Poddar သည် အိန္ဒိယမော်တော်ယာဉ်လုပ်ငန်းကိုလည်း စိတ်ဝင်စားဖွယ် ဥပမာတစ်ခုအဖြစ်ဖော်ပြထားသည်။ ယခင်က ပြိုင်ဘက်ဝင်ရောက်မှုနည်းပါးပြီး ကာကွယ်ထားသည့် ဈေးကွက်ဖြစ်ခဲ့သော်လည်း ပြိုင်ဘက်အသစ်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာသည့်နောက်ပိုင်း ယှဉ်ပြိုင်မှုပိုမိုပြင်းထန်လာခဲ့သည်။ ထုတ်လုပ်မှုစွမ်းအား တိုးတက်လာပြီး မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းပို့ကုန်များလည်း တိုးတက်လာခဲ့သည်။ Poddar ၏အမြင်တွင် ယှဉ်ပြိုင်မှုဖိအားက လုပ်ငန်းများကို ပြုပြင်ပြောင်းလဲရန်၊ ပိုမိုထိရောက်လာရန်နှင့် နောက်ဆုံးတွင် ပြည်ပဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အရေးပါသော တွန်းအားတစ်ရပ်ဖြစ်ခဲ့သည်။

**ပို့ကုန်တိုးတက်ရေးသည်**
**နယ်စပ်ဂိတ်ရောက်မှ စတင်ခြင်းမဟုတ်**

အိန္ဒိယနိုင်ငံ၏ အတွေ့အကြုံကို မြန်မာနိုင်ငံနှင့် တိုက်ရိုက်တူညီသည်ဟု မဆိုနိုင်ပါ။ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေးအခြေအနေ၊ ဈေးကွက်ဖွဲ့စည်းပုံ၊ အဖွဲ့အစည်းများနှင့် ပြင်ပပတ်ဝန်းကျင်တို့ ကွာခြားကြသည်။ ထို့အပြင် ယှဉ်ပြိုင်မှုမူဝါဒတစ်ခုတည်းဖြင့် ပို့ကုန်တိုးတက်လာမည်ဟုလည်း မဆိုနိုင်ပေ။ သို့ရာတွင် Poddar ၏ လေ့လာချက်မှ အရေးကြီးသည့် အယူအဆတစ်ခု ရယူနိုင်သည်။ ပို့ကုန်တိုးတက်ရေးသည် ကုန်ပစ္စည်းနယ်စပ်ဂိတ်ရောက်မှ စတင်သည့်ကိစ္စမဟုတ်ပါ။ နိုင်ငံတကာဈေးကွက်သို့ မရောက်မီကတည်းက လုပ်ငန်းများသည် မိမိတို့၏ထုတ်လုပ်မှု၊ အရည်အသွေး၊ ကုန်ကျစရိတ်၊ နည်းပညာ၊ ဝန်ဆောင်မှုနှင့် စီးပွားရေးစီမံခန့်ခွဲမှုတို့တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် လိုအပ်သည်။

> **❛Poddar ၏လေ့လာချက်မှ အရေးကြီးသည့်အယူအဆတစ်ခု ရယူနိုင်သည်။ ပို့ကုန်တိုးတက်ရေးသည် ကုန်ပစ္စည်းနယ်စပ်ဂိတ်ရောက်မှ စတင်သည့်ကိစ္စမဟုတ်ပါ။ နိုင်ငံတကာဈေးကွက်သို့ မရောက်မီကတည်းက လုပ်ငန်းများသည် မိမိတို့၏ထုတ်လုပ်မှု၊ အရည်အသွေး၊ ကုန်ကျစရိတ်၊ နည်းပညာ၊ ဝန်ဆောင်မှုနှင့် စီးပွားရေးစီမံခန့်ခွဲမှုတို့တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန်လိုအပ်❜**

ယှဉ်ပြိုင်မှုရှိသည့် ဈေးကွက်တစ်ခုတွင် ဖောက်သည်များကို ထိန်းသိမ်းနိုင်ရန် စီးပွားရေးလုပ်ငန်းများက ပိုမိုကောင်းမွန်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများပေးနိုင်ရန်၊ ကုန်ကျစရိတ်ကို ထိန်းချုပ်ရန်နှင့် နည်းလမ်းအသစ်များရှာဖွေရန် အားထုတ်ရသည်။ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်နှင့် သက်ဆိုင်သည့် တရားဝင်ရှင်းလင်းချက်များတွင်လည်း မျှတသော ယှဉ်ပြိုင်မှုရှိလျှင် ကုန်ပစ္စည်းအရည်အသွေးတိုးတက်ခြင်း၊ ကုန်ပစ္စည်းအသစ်များ ထုတ်လုပ်ရန်ကြိုးပမ်းခြင်းနှင့် ထုတ်လုပ်မှုစွမ်းအား မြင့်တက်နိုင်ခြင်းတို့ကို ယှဉ်ပြိုင်မှု၏ အကျိုးကျေးဇူးများအဖြစ် ဖော်ပြထားသည်။ ထိုအကျိုးကျေးဇူးများသည် ပြည်တွင်းစားသုံးသူများအတွက်သာ အရေးကြီးခြင်းမဟုတ်ဘဲ ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်လိုသည့် လုပ်ငန်းများအတွက်လည်း အရေးကြီးသည်။

**ဒီဂျစ်တယ်စီးပွားရေးခေတ်တွင် ယှဉ်ပြိုင်မှု**

ယနေ့ခေတ်တွင် ယှဉ်ပြိုင်မှုနှင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းတို့၏ ဆက်စပ်မှုကို စဉ်းစားရာ၌ ဒီဂျစ်တယ်စီးပွားရေးကိုလည်း ထည့်သွင်းစဉ်းစားရန်လိုအပ်လာသည်။ လွန်ခဲ့သော ဆယ်စုနှစ် အနည်းငယ်က လုပ်ငန်းတစ်ခု၏ ဈေးကွက်ဝင်ရောက်နိုင်စွမ်းကို စက်ရုံ၊ ဆိုင်ခန်း၊ ဖြန့်ချိရေးကွန်ရက်နှင့် အရင်းအနှီးတို့က အဓိကဆုံးဖြတ်ခဲ့ကြသည်။ ယနေ့တွင်မူ အင်တာနက်ချိတ်ဆက်မှု၊ အွန်လိုင်းဈေးကွက်များ၊ ဒီဂျစ်တယ်ပလက်ဖောင်းများ၊ အွန်လိုင်းကြော်ငြာ၊ အီလက်ထရွန်နစ်ငွေပေးချေမှုနှင့် ဒီဂျစ်တယ်ကုန်သွယ်မှုတို့ကလည်း လုပ်ငန်းတစ်ခု၏ ဈေးကွက်သို့ ဝင်ရောက်နိုင်စွမ်းကို ပိုမိုဆုံးဖြတ်လာကြသည်။

ယင်းသည် အထူးသဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် အခွင့်အလမ်းဖြစ်နိုင်သည်။ ယခင်က ဖောက်သည်အသစ်များထံ ရောက်ရှိရန် ငွေကြေးများစွာသုံးစွဲ၍ ကိုယ်ပိုင်ဖြန့်ချိရေးကွန်ရက်ထူထောင်ရန် လိုအပ်ခဲ့သည့် လုပ်ငန်းတစ်ခုသည် ယနေ့တွင် ဒီဂျစ်တယ်နည်းလမ်းများအသုံးပြု၍ အကွာအဝေး ပိုမိုဝေးကွာသောဖောက်သည်များထံ ရောက်ရှိနိုင်သည်။ ထိုသို့ဖြင့် ဈေးကွက်ဝင်ရောက်မှုအတွက် လိုအပ်သည့် အချို့သောကုန်ကျစရိတ်များကို လျှော့ချနိုင်ပြီး လုပ်ငန်းငယ်များအတွက် ယခင်ကထက် ပိုမိုကျယ်ပြန့်သောဈေးကွက်ကို စမ်းသပ်နိုင်သည့် အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်သည်။ ASEAN SME Policy Index 2024 တွင်ပင် မြန်မာနိုင်ငံရှိ SME များအတွက် ဒီဂျစ်တယ်ပလက်ဖောင်းတစ်ခုသည် ပြည်တွင်းသာမက မြန်မာနိုင်ငံပြင်ပရှိ ဈေးကွက်အသစ်များသို့ ဝင်ရောက်နိုင်ရန် အရေးပါသည့်အကျိုးရှိနိုင်ကြောင်း အကြံပြုထားသည်။ ယင်းအခွင့်အလမ်းကို အသုံးချနိုင်ရန် broadband infrastructure တွင် ရင်းနှီးမြှုပ်နှံမှုနှင့် broadband provider များအကြား ယှဉ်ပြိုင်မှုကောင်းမွန်လာခြင်းတို့က coverage တိုးတက်စေပြီး ကုန်ကျစရိတ် လျှော့ချပေးနိုင်ကြောင်းလည်း ဖော်ပြထားသည်။

ဤအချက်သည် ယှဉ်ပြိုင်မှုမူဝါဒနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးတို့ ဆက်စပ်နေသည့် ရိုးရှင်းသော်လည်း အရေးကြီးသော ဥပမာတစ်ခုဖြစ်သည်။ ဒီဂျစ်တယ်စီးပွားရေးကို ဖွံ့ဖြိုးစေလိုလျှင် နည်းပညာရှိရုံနှင့် မလုံလောက်ပါ။ ထိုနည်းပညာနှင့် ဝန်ဆောင်မှုများကို လုပ်ငန်းများက သင့်တင့်သည့်ဈေးနှုန်းဖြင့် ရယူအသုံးပြုနိုင်ရန်နှင့် ဝန်ဆောင်မှုပေးသူများကလည်း ပိုမိုကောင်းမွန်သော အရည်အသွေး၊ ဈေးနှုန်းနှင့် ဆန်းသစ်တီထွင်မှုတို့ဖြင့် အပြိုင်အဆိုင် ဝန်ဆောင်မှုပေးနိုင်သည့် ပတ်ဝန်းကျင်ရှိရန် လိုအပ်သည်။

**ဒီဂျစ်တယ်ပလက်ဖောင်းများ –**
**အခွင့်အလမ်းနှင့် စိန်ခေါ်မှု**

ဒီဂျစ်တယ်ပလက်ဖောင်းများသည် လုပ်ငန်းငယ်များအတွက် အခွင့်အလမ်းကြီးများ ဖန်တီးပေးနိုင်သော်လည်း ဒီဂျစ်တယ်စီးပွားရေး တိုးတက်လာခြင်းက မျှတသောယှဉ်ပြိုင်မှုကို အလိုအလျောက်ဖြစ်ပေါ်စေမည်ဟု မယူဆသင့်ပေ။ ဒီဂျစ်တယ်ဈေးကွက်အချို့တွင် network effects ဟုခေါ်သည့် သဘောတရားကြောင့် အသုံးပြုသူများလေ ပလက်ဖောင်းတစ်ခု၏ တန်ဖိုးက ပိုမိုမြင့်တက်လာလေဖြစ်နိုင်သည်။ အသုံးပြုသူများနှင့် ရောင်းချသူများ အများအပြားရှိပြီးသား ပလက်ဖောင်းတစ်ခုသည် ပြိုင်ဘက်အသစ်များထက် ပိုမိုအားသာလာနိုင်သည်။

Data များစွာ စုဆောင်းပိုင်ဆိုင်နိုင်ခြင်း၊ algorithm များအသုံးပြုနိုင်ခြင်းနှင့် ဒီဂျစ်တယ် ecosystem တစ်ခုအတွင်း ဝန်ဆောင်မှုများစွာကို ချိတ်ဆက်ထားနိုင်ခြင်းတို့ကလည်း ထိုအားသာချက်ကို ပိုမိုကြီးမားစေနိုင်သည်။ ထိုအခြေအနေတွင် ပလက်ဖောင်းတစ်ခုသည် ဈေးကွက်အတွင်း ပြိုင်ဘက်တစ်ဦးသာမဟုတ်တော့ဘဲ ဈေးကွက်သို့ ဝင်ရောက်ရန် လိုအပ်သည့်လမ်းကြောင်းတစ်ခုအဖြစ်ပါ ဖြစ်လာနိုင်သည်။ ယင်းသည် ယှဉ်ပြိုင်မှုမူဝါဒအတွက် မေးခွန်းအသစ်များ ပေါ်ပေါက်စေသည်။ လုပ်ငန်းတစ်ခုကို ပလက်ဖောင်းပေါ်တွင် မည်မျှမြင်သာစေမည်၊ မည်သည့်စည်းကမ်းများဖြင့် ရောင်းချခွင့်ပြုမည်၊ အခကြေးငွေမည်မျှကောက်ခံမည်၊ ပလက်ဖောင်းပိုင်ရှင်၏ ကိုယ်ပိုင်ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုများနှင့် အခြားလုပ်ငန်းများကို မည်သို့ဆက်ဆံမည် စသည့်အချက်များသည် စီးပွားရေးလုပ်ငန်းတစ်ခု၏ အောင်မြင်မှုနှင့် ဈေးကွက်သို့ဝင်ရောက်နိုင်စွမ်းကို သက်ရောက်စေနိုင်သည်။

United Nations Conference on Trade and Development (UNCTAD ) ကလည်း ဒီဂျစ်တယ်ပလက်ဖောင်းများ၏ ဖွံ့ဖြိုးလာမှုသည် စီးပွားရေးပုံစံအသစ်များ၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအသစ်များကို ဖန်တီးပေးသကဲ့သို့ ယှဉ်ပြိုင်မှုအာဏာပိုင်များအနေဖြင့် ပြောင်းလဲလာသော ယှဉ်ပြိုင်မှုအခြေအနေကိုနားလည်၍ လိုအပ်သည့်နေရာတွင် တုံ့ပြန်နိုင်ရန်လိုအပ်ကြောင်း သုံးသပ်ထားသည်။

စာမျက်နှာ ၁၅ သို့ ❒

> **❛လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို စက်ရုံ သို့မဟုတ် ရုံးခန်းအတွင်းရှိ ထုတ်လုပ်မှုစွမ်းရည်တစ်ခုတည်းဖြင့် မဆုံးဖြတ်တော့ဘဲ အင်တာနက်၊ ပလက်ဖောင်းများ၊ ဒီဂျစ်တယ်ငွေပေးချေမှု၊ ဒီဂျစ်တယ်ဈေးကွက်ဝင်ရောက်မှုနှင့် သတင်းအချက်အလက်တို့ကို မည်မျှထိရောက်စွာအသုံးချနိုင်သနည်း” ဟူသည့် အချက်များကလည်း ဆုံးဖြတ်လာကြသည်။ ထို့ကြောင့် မျှတပွင့်လင်း၍ ယှဉ်ပြိုင်မှုရှိသော ဒီဂျစ်တယ်ဈေးကွက်များ တည်ဆောက်ရေးကိုလည်း နောင်တွင် ပို့ကုန်စွမ်းရည်တည်ဆောက်ရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် မြင်နိုင်မည်❜**

❒ စာမျက်နှာ ၁၄ မှ

ထို့ကြောင့် ဒီဂျစ်တယ်စီးပွားရေးတွင် ယှဉ်ပြိုင်မှုကိုစဉ်းစားရာ၌ **“ဒီဂျစ်တယ် ပလက်ဖောင်းများ ကောင်းသလား၊ မကောင်းသလား”** ဟူသော မေးခွန်းထက် **“ဒီဂျစ်တယ်ပလက်ဖောင်းများ၏ အကျိုးကျေးဇူးကို ထိန်းသိမ်းထားရင်း လုပ်ငန်းအသစ်များ ဝင်ရောက်နိုင်စွမ်း၊ ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် မျှတစွာယှဉ်ပြိုင်နိုင်စွမ်းတို့ကို မည်သို့ထိန်းသိမ်းပေးနိုင်မည်နည်း”** ဟူသောမေးခွန်းက ပိုမိုအသုံးဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်က ကျင်းပပြုလုပ်သွားမည့် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်တွင်လည်း ဒီဂျစ်တယ်စီးပွားရေးကြောင့် စီးပွားရေးလုပ်ငန်းများနှင့် စားသုံးသူများအတွက် ပေါ်ပေါက်လာသည့် အခွင့်အလမ်းသစ်များ၊ ဒီဂျစ်တယ်ပလက်ဖောင်းများနှင့်အတူ ပြောင်းလဲလာသည့် ယှဉ်ပြိုင်မှုဆိုင်ရာ စိန်ခေါ်မှုများနှင့် မျှတပွင့်လင်း၍ ယှဉ်ပြိုင်မှုရှိသော digital market များ တည်ဆောက်ရေးတို့ကို အဓိကအကြောင်းအရာများအဖြစ် သတ်မှတ်ထားသည်။ ယင်းအကြောင်းအရာများသည် စားသုံးသူအကျိုးစီးပွားအတွက်သာမက စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်နိုင်စွမ်း၊ ဆန်းသစ်တီထွင်နိုင်စွမ်း၊ ဈေးကွက်ဝင်ရောက်နိုင်စွမ်းနှင့် အနာဂတ်ပို့ကုန် ယှဉ်ပြိုင်နိုင်စွမ်းတို့နှင့်ပါ ဆက်စပ်၍ စဉ်းစားနိုင်သည်။

**ယှဉ်ပြိုင်မှုမူဝါဒသည် ပို့ကုန်မူဝါဒ၏ တစ်စိတ်တစ်ပိုင်းဖြစ်နိုင်သလား**

ယှဉ်ပြိုင်မှုမူဝါဒ၏ အကျိုးကျေးဇူးများကို ဈေးနှုန်း၊ အရည်အသွေးနှင့် စားသုံးသူရွေးချယ်ခွင့်တို့ဖြင့် ရှင်းပြလေ့ရှိကြသည်။ ယင်းတို့သည်လည်း ဆက်လက်အရေးကြီးနေမည်ဖြစ်သည်။ သို့သော် Poddar ၏ အိန္ဒိယနိုင်ငံဆိုင်ရာ လေ့လာမှုက နောက်ထပ်ရှုထောင့်တစ်ခုကိုလည်း စဉ်းစားမိစေသည်။ မျှတသောယှဉ်ပြိုင်မှုသည် လုပ်ငန်းများကို ပိုမိုထိရောက်၍ ဆန်းသစ်တီထွင်နိုင်အောင် တွန်းအားပေးခြင်းအားဖြင့် ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း အထောက်အကူပြုနိုင်သည်။ ဒီဂျစ်တယ်စီးပွားရေးခေတ်တွင် ယင်းဆက်စပ်မှုသည် ပိုမိုကျယ်ပြန့်လာသည်။

**“လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို စက်ရုံသို့မဟုတ် ရုံးခန်းအတွင်းရှိ ထုတ်လုပ်မှုစွမ်းရည်တစ်ခုတည်းဖြင့် မဆုံးဖြတ်တော့ဘဲ အင်တာနက်၊ ပလက်ဖောင်းများ၊ ဒီဂျစ်တယ်ငွေပေးချေမှု၊ ဒီဂျစ်တယ်ဈေးကွက်ဝင်ရောက်မှုနှင့် သတင်းအချက်အလက်တို့ကို မည်မျှထိရောက်စွာအသုံးချနိုင်သနည်း”** ဟူသည့်အချက်များကလည်း ဆုံးဖြတ်လာကြသည်။ ထို့ကြောင့် မျှတပွင့်လင်း၍ ယှဉ်ပြိုင်မှုရှိသော ဒီဂျစ်တယ်ဈေးကွက်များ တည်ဆောက်ရေးကိုလည်း နောင်တွင် ပို့ကုန်စွမ်းရည်တည်ဆောက်ရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် မြင်နိုင်မည်ဖြစ်သည်။

ပို့ကုန်တိုးတက်ရေးအတွက် ငွေလဲနှုန်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်၊ အခြေခံအဆောက်အအုံ၊ ကုန်သွယ်မှုဘဏ္ဍာငွေ၊ သယ်ယူပို့ဆောင်ရေး၊ အရည်အသွေးနှင့် နိုင်ငံတကာဈေးကွက်အခြေအနေများကဲ့သို့ အခြားအချက်များစွာလည်း အရေးကြီးနေဆဲဖြစ်သည်။ ယှဉ်ပြိုင်မှုမူဝါဒသည် ယင်းတို့ကို အစားထိုးနိုင်မည့် မူဝါဒမဟုတ်ပါ။ သို့သော် အိန္ဒိယနိုင်ငံ၏ အတွေ့အကြုံက သတိပေးနေသည့်အချက်မှာ ပြည်ပတွင် အောင်မြင်စွာယှဉ်ပြိုင်နိုင်သည့် လုပ်ငန်းများကို တည်ဆောက်ရာတွင် ပြည်တွင်း၌ ယှဉ်ပြိုင်မှု၏ စည်းကမ်းနှင့် ဖိအားကို ကြုံတွေ့ရခြင်းကလည်း အရေးပါနိုင်သည်ဟူသောအချက်ဖြစ်သည်။ ပို့ကုန်ကို မြှင့်တင်လိုလျှင် ပြည်ပဈေးကွက်ကိုသာမကြည့်ဘဲ မိမိတို့၏ ပြည်တွင်းဈေးကွက်များက မည်သည့်လုပ်ငန်းအမျိုးအစားကို မွေးထုတ်ပေးနေသနည်းဟုလည်း မေးမြန်းသင့်သည်။

ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းသည် နယ်စပ်မှာ စတင်ခြင်းမဟုတ်ပါ။ မျှတစွာယှဉ်ပြိုင်နိုင်ပြီး ထိရောက်မှု၊ အရည်အသွေးနှင့် ဆန်းသစ်တီထွင်မှုတို့ဖြင့် အောင်မြင်နိုင်သော ပြည်တွင်းဈေးကွက်တစ်ခုမှ စတင်နိုင်ပါသည်။ ။

**References**

Poddar, T. (2004). Domestic Competition Spurs Exports: The Indian Example. IMF Working Paper No. 04/173, International Monetary Fund.

ASEAN. (2024). SME Policy Index: ASEAN 2024 — Enabling Sustainable Growth and Digitalisation.

UNCTAD. Global Competition Law and Policy Approaches to Digital Markets.

Ministry of Commerce, Myanmar. Vision, Mission and National Economic Policy; National Export Strategy



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး သရက်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာန၌ စက်တင်ဘာ ၂၆ ရက်တွင် သရက်ခရိုင်ရဲတပ်ဖွဲ့က စုပေါင်းသွေးလှူဒါန်းမှုပြုလုပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်လှိုင်၊ မြို့နယ်ရဲမှူးနှင့် ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ အုပ်စိုးလင်းတို့ ကြည့်ရှုအားပေးကြစဉ်။ ဇော်ထက်(သရက်)



## မန္တလေးရှေ့နေအသင်း စစ်တုရင်ပြိုင်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၇**

မန္တလေးရှေ့နေများစစ်တုရင်ပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် နံနက် ၉ နာရီမှစတင်၍ ချမ်းအေးသာစံမြို့နယ် ၂၉ လမ်းနှင့် လမ်း ၃၀ ကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား ဗထူးအားကစားကွင်းအတွင်း မန္တလေးတိုင်းဒေသကြီးစစ်တုရင်ကော်မတီရုံးခန်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် အလုပ်သင်ရှေ့နေများပါဝင်ယှဉ်ပြိုင်ကြပြီးပြိုင်ပွဲကို Swiss System ဖြင့် ကျင်းပသည်။

မန္တလေးရှေ့နေအသင်းစစ်တုရင်ပြိုင်ပွဲ ၂၀၂၆ ဖွင့်ပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီးစစ်တုရင်ကော်မတီရုံး၌ ကျင်းပရာ မန္တလေးရှေ့နေအသင်းဥက္ကဋ္ဌ တရားလွှတ်တော်ရှေ့နေ ဦးဝမ်းမောင်က အမှာစကားပြောကြားပြီး စစ်တုရင်ရုပ်ကိုရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားသို့ မန္တလေးရှေ့နေအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေနှင့် အမှုဆောင်များ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**မောင်ပြည်သူ**

## မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၅၉၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်အထိ ကျင်းပသွားမည်

**မကွေး စက်တင်ဘာ ၂၇**



မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၅၉၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်အထိ ရက် ၂၀ ကျော်ကြာ ကျင်းပသွားမည် ဖြစ်ကြောင်း ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗုဒ္ဓပူဇနီယပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

ညှိနှိုင်း အစည်းအဝေးတွင် မြသလွန် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုက ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်နိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များ မဖြစ်ပေါ်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြရန်၊ ယခုနှစ်တွင် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်းအပြင် မီးပုံးပျံလွှတ်တင်ခြင်း အစီအစဉ်များ ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် မီးဘေးအန္တရာယ်မဖြစ်စေရေးအတွက်လည်း သက်ဆိုင်ရာ တာဝန်ရှိများက တာဝန်ယူဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းအစီအမံများ ဆွေးနွေးတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အစည်းအဝေးအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မကွေးမြသလွန်ဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် မီးပုံးပျံလွှတ်တင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဘုရားပွဲတော်ကွင်း၌ လုပ်ငန်းများ စတင်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘုရားဖူးပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှု လွယ်ကူစွာရရှိနိုင်ရေးအတွက် ကျန်းမာရေးစခန်းများ ဖွင့်လှစ်ပေးရန်၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိရန်၊ ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချရာတွင် စနစ်တကျရှိစေရေးနှင့် စားသောက်ကုန်များ သန့်ရှင်းလတ်ဆတ်မှု ရှိစေရေးတို့ကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ပဲဆီနှင့်နှမ်းဆီ ဈေးကွက်တွင် အရောအနှောဆီများ လိမ်လည်ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး



**မင်းလှ စက်တင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ၌ ပဲဆီနှင့်နှမ်းဆီများတွင် အရောအနှောဆီများ ရောနှောကာ လိမ်လည်ရောင်းချမှုမရှိစေရေး၊ ဈေးနှုန်းမှန်ကန်မှုရှိစေရေးတို့ကို တာဝန်ရှိသူများက စက်တင်ဘာ ၂၅ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ဆီအသင်းတို့ပူးပေါင်း၍ မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များတွင် ပြည်သူများသို့ ရောင်းချပေးရာ၌ မှန်ခြောက်မှန်ဖြင့် ရောင်းချပေးနိုင်ရေးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ထားဝယ်မြို့နယ်အတွင်း ယမန်နေ့ညနေပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထားဝယ်မြို့အတွင်းရှိ လမ်းအချို့ ရေကြီးရေလျှံမှုနှင့် လမ်းရေကျော်လျက်ရှိပြီး ရေကြီးရေလျှံမှု၊ မြေပြိုမှုဖြစ်ပွား

ထားဝယ် စက်တင်ဘာ ၂၇

ထားဝယ်မြို့နယ်အတွင်း ယမန်နေ့ ညနေပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထားဝယ်မြို့အတွင်းရှိလမ်းအချို့ ရေကြီးရေလျှံလျက်ရှိပြီး ရေကြီးရေလျှံမှု၊ မြေပြိုမှုကြုံတွေ့နေရသည့် မြို့ရွာများသို့ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများ၊ သောက်သုံးရေ၊ အစားအစာနှင့် ဆေးဝါးများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် ထိရောက်စွာ ကူညီဆောင်ရွက်ပေးလျက်ရှိရာ သွားရောက်ရန်ခက်ခဲသော နေရာများသို့လည်း ပရဟိတလူမှုကူညီရေးအသင်းများ၊ ဒေသခံများမှတစ်ဆင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ပေါက်တိုင်းတံတား၊ မြို့တွင်းရှိဆေးရုံကြီးလမ်း၊ မြို့သစ်(၈)လမ်း၊ ထားဝယ်ကမ်းနားလမ်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှေ့တို့တွင် ရေကျော်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေကာနံရံများကို စနစ်တကျဖြင့် အမြန်ဆုံးအကောင်ထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုရက်သည် လပြည့်ရက်ဖြစ်သောကြောင့် ဒီရေအတက်အကျကိုလည်း အထူးဂရုပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ရေစီးနှင့်အတူပါလာသော အမှိုက်များကိုလည်း စနစ်တကျ သိမ်းဆည်းသွားရန်လိုအပ်ကြောင်းနှင့် ထားဝယ်မြို့နည်းတူ အခြားမြို့နယ်များတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ချက်ချင်းဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် စက်တင်ဘာ ၂၆ ရက် ညနေပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပလောက်ချောင်းရေ မြင့်တက်၍ ပလောက်မြို့ အမှတ်(၁)ရပ်ကွက်အတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အလားတူ ထားဝယ်ခရိုင် သရက်ချောင်းမြို့နှင့် လောင်းလုံးမြို့တို့တွင်လည်း စက်တင်ဘာ ၂၆ ရက်နှင့် ယနေ့နံနက်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်း၍ ထားဝယ်မြစ်ရေ မြင့်တက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် နေရာများရှိ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကူညီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



လောင်းလုံးမြို့ အမှတ်(က)ရပ်ကွက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။



ပလောက်မြို့ အမှတ်(၁)ရပ်ကွက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။





သရက်ချောင်း မြို့ပေါ်ရပ်ကွက်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။

## ၂၀၂၆ ခုနှစ် အောက်တိုဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၃)ကြိမ် ဖြစ်ပေါ်နိုင်ပြီး (၂)ကြိမ်တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် အောက်တိုဘာ ၁ ရက်မှ ၅ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊ အောက်တိုဘာ ၆ ရက်မှ ၁၀ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ လည်းကောင်း အသီးသီးဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၁၄ ရက်မှ ၂၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၈ ရက်မှ ၁၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက် ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန် ခန့်သာရှိနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အောက်တိုဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် (၁) ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် (၁) ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် (၁) ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် (၁) ကြိမ်ခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် (၁) ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသည်။ **မိုး/ဇလ**

## ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ မရမ်းကုန်းမြို့နယ်ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အမှတ် (၁၃) အခြေခံပညာ မူလတန်းကျောင်း (လွန်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယမန်နေ့က ရန်ကုန်မြို့ အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက်လေ့လာကြသည်။



**ချီးမြှင့်ပေးအပ်**

ထို့နောက် မော်ကွန်းတိုက် တာဝန်ရှိသူများက မော်ကွန်းပြခန်းရှိ မော်ကွန်းနမူနာများနှင့် မြန်မာ့ သမိုင်းကြောင်းကာလ တစ်လျှောက်ထိန်းသိမ်းထားသည့် မော်ကွန်းများ အကြောင်း၊ မော်ကွန်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဖြစ်သော စာရွက်စာတမ်းများ ထိန်းသိမ်းခြင်းအား လေ့လာခြင်း၊ Microfilming အခန်းတွင် မိုက်ခရိုဖလင်၏ အလုပ်လုပ်ပုံအကြောင်းအရာများ၊ ရိုက်ကူးခြင်း၊ အသုံးပြုခြင်းအကြောင်းအရာများနှင့် သုတေသီစာဖတ်ခန်းတို့ကို လိုက်လံပြသရှင်းလင်း ပြောကြားခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ပျော်ရွှင်ဖွယ် ဉာဏ်စမ်းပြိုင်ပွဲများကို ကျင်းပဆောင်ရွက်ခဲ့ရာ အမှတ်တရ လက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၁၂ဦးနှင့် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက်လေ့လာကြသည်။

**ရှင်းလင်းပြောကြား**

ထိုသို့သွားရောက်လေ့လာစဉ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောနန်းနွယ်က အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် သမိုင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်မှ တာဝန်ရှိသူများက ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမကြီးဦးဆောင်သော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မော်ကွန်းတိုက်၏ စာရွက်စာတမ်းများ ထိန်းသိမ်းခြင်း၊ လုပ်ငန်းများကို လေ့လာခြင်း၊ စာရွက်စာတမ်းများ၊ သတင်းစာများ သို့မဟုတ် စာအုပ်များကို အရွယ်အစား အလွန်သေးငယ်အောင် (Microfilm ဖလင်ပေါ်သို့) ဓာတ်ပုံရိုက်ကူးသိမ်းဆည်းခြင်း၊ မိုက်ခရိုဖလင်ရိုက်ကူးခြင်းလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **ခင်ဝင်း(ပြန်/ဆက်)**



## အမျိုးသားပြတိုက်(ရန်ကုန်)သို့ တာမွေမြို့နယ်ရှိ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ



**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းသားကျောင်းသူများသည် ဆရာဆရာမများနှင့်အတူယမန်နေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)သို့ သွားရောက်လေ့လာကြသည်။

သွားရောက် လေ့လာရာတွင် ကျောင်းသားကျောင်းသူများသည် အမျိုးသားပြတိုက် (ရန်ကုန်)ရှိ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီခေတ်ပြခန်း၊ မြန်မာ့မြို့ပြ ယဉ်ကျေးမှုပြခန်း၊ မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့သုခုမအနုပညာပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ မြန်မာ့ရှေးဟောင်း အဆင်တန်ဆာ ရတနာပြခန်း၊ မြန်မာပန်းချီခန်းမဆောင်၊ ဗုဒ္ဓအနုပညာပြခန်း၊ အာဆီယံနိုင်ငံများအကြောင်းပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှု ပြခန်းများကို ကြည့်ရှုလေ့လာခဲ့ကြရာ အမျိုးသားပြတိုက်(ရန်ကုန်)မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးသည်။

**လေ့လာကြည့်ရှု**

အမျိုးသားပြတိုက်(ရန်ကုန်)ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပေးထားရာ ဝင်ကြေးအနေဖြင့် လူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပြီး သံဃာတော်၊ သီလရှင်၊ ကျောင်းသားကျောင်းသူများနှင့် အသက် (၁၂) နှစ်အောက် ကလေးငယ်များ အနေဖြင့် (အခမဲ့) လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း၊ နိုင်ငံခြားသားဖြစ်ပါက တစ်ဦးလျှင် ဝင်ကြေးငွေကျပ် ၁၀၀၀၀ ဖြင့် လာရောက်ကြည့်ရှုနိုင်ကြောင်းနှင့် လက်မှတ်များကို ညနေ ၄ နာရီအထိ နောက်ဆုံးထား၍ ဝယ်ယူနိုင်ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

### ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

# A Basic Spoken English Course

အရင်တစ်ပတ်က Lesson 8 – Hobbies and Free Time (အားလပ်ချိန်နှင့် ဝါသနာများ) နဲ့သက်ဆိုင်တဲ့ လေ့ကျင့်ခန်းများကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ Lesson 9: Time and Date (အချိန်နှင့်ရက်စွဲ) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Lesson 9: Time and Date (အချိန်နှင့် ရက်စွဲ)

### 1. Days of the Week — ရက်သတ္တပတ်၏ နေ့များ

| English | Myanmar |
|---|---|
| Monday | တနင်္လာနေ့ |
| Tuesday | အင်္ဂါနေ့ |
| Wednesday | ဗုဒ္ဓဟူးနေ့ |
| Thursday | ကြာသပတေးနေ့ |
| Friday | သောကြာနေ့ |
| Saturday | စနေနေ့ |
| Sunday | တနင်္ဂနွေနေ့ |

**Useful Sentences**

- Today is Monday. → ဒီနေ့သည် တနင်္လာနေ့ ဖြစ်သည်။
- Tomorrow is Tuesday. → မနက်ဖြန်သည် အင်္ဂါနေ့ ဖြစ်သည်။
- Yesterday was Sunday. → မနေ့က တနင်္ဂနွေနေ့ ဖြစ်ခဲ့သည်။

**မှတ်ရန်**

- **today** = ဒီနေ့
- **tomorrow** = မနက်ဖြန်
- **yesterday** = မနေ့က
- **day** = နေ့
- **week** = ရက်သတ္တပတ်

### 2. Months of the Year — နှစ်တစ်နှစ်၏ လများ

| No. | English | Myanmar |
|---|---|---|
| 1 | January | ဇန်နဝါရီ |
| 2 | February | ဖေဖော်ဝါရီ |
| 3 | March | မတ် |
| 4 | April | ဧပြီ |
| 5 | May | မေ |
| 6 | June | ဇွန် |
| 7 | July | ဇူလိုင် |
| 8 | August | ဩဂုတ် |
| 9 | September | စက်တင်ဘာ |
| 10 | October | အောက်တိုဘာ |
| 11 | November | နိုဝင်ဘာ |
| 12 | December | ဒီဇင်ဘာ |

**Useful Sentences**

- My birthday is in May. → ကျွန်တော့်မွေးနေ့သည် မေလတွင် ဖြစ်သည်။
- Christmas is in December. → ခရစ်စမတ်သည် ဒီဇင်ဘာလတွင် ဖြစ်သည်။

**မှတ်ရန်**

in + month (လများကိုဖော်ပြရာတွင် "in" ကိုသုံးရသည်။)

- in January
- in March
- in July
- in December

### 3. Date — ရက်စွဲ

ရက်စွဲရေးရာ၌ ordinal numbers ကို အသုံးပြုသည်။

| Number | Date |
|---|---|
| 1 | 1st |
| 2 | 2nd |
| 3 | 3rd |
| 4 | 4th |
| 5 | 5th |
| 10 | 10th |
| 20 | 20th |
| 21 | 21st |
| 22 | 22nd |
| 23 | 23rd |
| 30 | 30th |
| 31 | 31st |

**Example:**

1st January → ဇန်နဝါရီလ ၁ ရက်

15th June → ဇွန်လ ၁၅ ရက်

25th December → ဒီဇင်ဘာလ ၂၅ ရက်

**မှတ်ရန်**

အများအားဖြင့်—

**on + date** (ရက်စွဲကိုဖော်ပြရင် "on")

- on 1st January
- on 10th May
- on 25th December

**in + month/year** (လနဲ့ နှစ်ကို ဖော်ပြရင် "in")

- in May
- in 2026

### 4. Asking About the Date — ရက်စွဲမေးခြင်း

**Question: What is the date today?** → ဒီနေ့ ရက်စွဲက ဘာလဲ။

**Answers: It is 5th May.** → မေလ ၅ ရက် ဖြစ်ပါတယ်။

**: Today is 5th May.** → ဒီနေ့သည် မေလ ၅ ရက် ဖြစ်သည်။

**More Questions**

**When is your birthday?** → မင်းမွေးနေ့က ဘယ်တော့လဲ။

**My birthday is on 10th June.** → ကျွန်တော့်မွေးနေ့က ဇွန်လ ၁၀ ရက်နေ့ပါ။

### 5. Asking the Time — အချိန်မေးခြင်း

**Question: What time is it?** → ဘယ်နှနာရီရှိပြီလဲ။

**Answer: It is three o'clock.** → သုံးနာရီတိတိ ဖြစ်ပါတယ်။

### 6. O'clock — နာရီတိတိ

When the minute hand is at **12**, we use **o'clock**.

| Time | English |
|---|---|
| 1:00 | one o'clock |
| 2:00 | two o'clock |
| 3:00 | three o'clock |
| 4:00 | four o'clock |
| 5:00 | five o'clock |
| 6:00 | six o'clock |
| 7:00 | seven o'clock |
| 8:00 | eight o'clock |
| 9:00 | nine o'clock |
| 10:00 | ten o'clock |
| 11:00 | eleven o'clock |
| 12:00 | twelve o'clock |

### 7. Half Past — နာရီဝက်ကျော်

**30 minutes = half past**

Examples:

- 2:30 = half past two
- 5:30 = half past five
- 8:30 = half past eight

**half past two**

→ နှစ်နာရီခွဲ

### 8. Quarter Past — ၁၅ မိနစ်ကျော်

**15 minutes = quarter**

Examples:

- 3:15 = **quarter past three**
- 6:15 = **quarter past six**

quarter past three → သုံးနာရီ ၁၅ မိနစ်

### 9. Quarter To — နောက်တစ်နာရီမတိုင်မီ ၁၅ မိနစ်

Examples:

- 4:45 = **quarter to five**
- 7:45 = **quarter to eight**

**quarter to five**

→ ငါးနာရီမတိုင်မီ ၁၅ မိနစ်

→ ၄ နာရီ ၄၅ မိနစ်

**အလွယ်မှတ်ရန်**

- :00 → o'clock (နာရီထိုးပြီ။)
- :15 → quarter past (ထိုးပြီး ၁၅ မိနစ်)
- :30 → half past (ခွဲ)
- :45 → quarter to (ထိုးဖို့ ၁၅ မိနစ်)

### 10. a.m. and p.m.

**a.m.** = မနက်ပိုင်း

**p.m.** = နေ့လယ်ပိုင်း / ညနေပိုင်း / ညပိုင်း

**Examples:**

- 7:00 a.m. → မနက် ၇ နာရီ
- 10:00 a.m. → မနက် ၁၀ နာရီ
- 2:00 p.m. → နေ့လယ် ၂ နာရီ
- 7:00 p.m. → ည ၇ နာရီ

******************

Exercise 1 — Days

**Fill in the blanks.**

1. Monday, Tuesday, __________
2. Wednesday, Thursday, __________
3. Friday, __________, Sunday
4. __________ comes after Sunday.
5. __________ comes before Friday.

**Exercise 2 — Months**

**Fill in the blanks.**

1. January, February, __________
2. March, April, __________
3. May, June, __________
4. September, __________, November
5. November, __________

**Exercise 3 — Choose the Correct Answer**

1. Today is Monday. Tomorrow is ________.
   A. Sunday B. Tuesday C. Wednesday
2. Christmas is in ________.
   A. January B. June C. December
3. My birthday is ________ May.
   A. in B. on C. at
4. The date is ________ 10th June.
   A. in B. on C. at
5. We use o'clock for ________.
   A. 3:00 B. 3:15 C. 3:30

**Exercise 4 — Write the Time**

**Write the time in words.**

1. 1:00 = ____________________
2. 4:00 = ____________________
3. 2:30 = ____________________
4. 6:30 = ____________________
5. 3:15 = ____________________
6. 8:15 = ____________________
7. 5:45 = ____________________
8. 10:45 = ____________________

**Exercise 5 — Match**

| A | B |
|---|---|
| 1. 2:00 | a. half past five |
| 2. 5:30 | b. quarter past four |
| 3. 4:15 | c. two o'clock |
| 4. 7:45 | d. quarter to eight |

**Exercise 6 — Complete the Sentences**

**Use in / on / at.**

1. My birthday is ________ July.
2. I go to school ________ Monday.
3. School starts ________ 8 o'clock.
4. Christmas is ________ December.
5. My birthday is ________ 15th August.
6. I get up ________ 6:30 a.m.

**Exercise 7 — Answer the Questions**

1. What day is it today?
2. What day is tomorrow?
3. What day was yesterday?
4. What month is it now?
5. When is your birthday?
6. What time is it?

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၇ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

## ဘာသာစကားသိမှတ်ဖွယ်

# ကြိယာထောက်နှင့် ကြိယာနောက်ဆက်သုံးစွဲပုံ

လှသမိန်

မြန်မာကြိယာများတွင် လိုရာအဓိပ္ပာယ်ကို ဖြည့်တင်းပေးသော ကြိယာထောက်စကားလုံးများရှိရာ ထိုကြိယာထောက်စကားလုံးများ၏ အသုံးလည်းများယွင်းတတ်ပေသည်။ အချို့က ကြိယာထောက်အချို့မှာ အဝိုင်ဖြစ်သည်ဟု အထင်ရှိတတ်ကြပေသည်။ ထို့ကြောင့် အသုံးတွင်၍ လိုအပ်သော ကြိယာထောက်အချို့၏ သဘောအဓိပ္ပာယ်နှင့်အသုံးကို အောက်တွင်ဖော်ပြလိုက်ပေသည်။

ဦး။ (က)။ ထပ်မံပြုစေရန် နှိုးဆော်တိုက်တွန်းခြင်းသဘော။
ပုံစံ။ မြန်မာနည်း ချက်သည့်ဟင်းကို စားဖူးပြီ၊ တရုတ်နည်း ချက်သည့်ဟင်းကို စားပါဦး။
ပြန်မည်ဆိုသည်ကား ဟုတ်ပြီ၊ ထမင်းစားသွားပါဦး။
(ခ)။ ဦးစွာပြုလုပ်သည်ကို ထင်ရှားစေသည့်သဘော။
ပုံစံ။ သူ၏အမည်ကိုမေးဦးအံ့။
သင်သွားနှင့် ဦး၊ ကျွန်ုပ်လိုက်ခဲ့မည်။

ချေ။ (က)။ မမျှော်လင့်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက်ဖြစ်လာခြင်းကို ပြသည့်သဘော။
ပုံစံ။ ယနေ့ နေသာမည် ထင်ခဲ့၏၊ ယခုမိုးရွာချေ၏။
သူကား ရဲရင့်၏၊ သို့ရာတွင် ရန်သူလက်ချက်နှင့်ပင် ဆုံးချေသည်။
(ခ)။ အခွင့်အခါဆိုက်သည့်၌ ဖြစ်ပျက်ခြင်းသဘော။
ပုံစံ။ ယခုပင် စားချေ။
ဤသူကား အိုမင်းခြင်းသို့ရောက်ချေပြီ။
(ဂ) အဝေးသို့ စေခိုင်းခြင်းသဘော။
ပုံစံ။ စာအုပ်ကို သွား၍ယူချေ။
(ဃ) ညည်းညူခြင်းသဘော။
ပုံစံ။ နာလှချေရဲ့။
(င) အဖန်တလဲလဲ ပြုခြင်းသဘော။
ပုံစံ။ အိမ်နှင့်ဈေးကို သွားချေ လာချေပြုနေသည်။

အား။ (က)။ အားလပ်ခြင်းသဘော။
ပုံစံ။ ယနေ့ သူမလာအားချေ။
သူမလုပ်အားလျှင် သင်လုပ်ပါ။
(ခ)။ ပြုလုပ်သည့်သဘော။
ပုံစံ။ ကျွန်ုပ်က ဖိတ်ခေါ်သော်လည်း သူမလာဘဲ နေအားသည်။
ဒုက္ခရောက်သူကို မကူညီဘဲ နေအားကြသည်။

တော့။ (က)။ မရပ်မဆိုင်း၊ ဆိုက်မြိုက်စွာ ပြုလုပ်ခြင်းသဘော။
ပုံစံ။ မိုးရွာလျှင် သူရေချိုးတော့သည်။
ကျွန်တော် ယခု စောင်းတီးသင့်တော့မည်။
(ခ) အချိန်နီးကပ်ကြောင်း သဘော။
ပုံစံ။ ရထား ထွက်တော့မည်။
မင်းသား ထွက်တော့မည်။
(ဂ) ညွှန်ကြားခြင်း၊ မရပ်မဆိုင်း စတင်ပြုစေခြင်းသဘော။
လာပါတော့။
သုံးရက်ကြာလျှင် ရေချိုးတော့။

နှင့်။ (က) ကြိုတင်ပြုလုပ်သည့်သဘော။
ပုံစံ။ ခင်ဗျားနေရစ်ပါ၊ ကျွန်တော်သွားနှင့်မည်။
အလျင်သွား၍ လက်မှတ်ဝယ်နှင့်ပါ။
(ခ) တားမြစ်ခြင်းသဘော၊ (ကြိယာနောက်ဆက်)။
ပုံစံ။ ဤအရပ်ကို မသွားနှင့်။
အသံမြည်အောင် မစားနှင့်။

ပါ။ (က) တိုက်တွန်းခြင်းသဘော။ (ကြိယာနောက်ဆက်)
ပုံစံ။ ဤစာအုပ်ကို ဖတ်ပါ။
သုံးနာရီထိုးလျှင် လာပါ။
(ခ) လေးစားရိုသေစွာ ပြောဆိုတင်ပြခြင်းသဘော။
ပုံစံ။ သူ ယနေ့ရုံးတက်ပါ၏။
ကျွန်တော် မပြောတတ်ပါပေ။

ပေ။ (က) ဝန်ခံသော သဘော။
ပုံစံ။ ဤကလေးကား အမှန်ပင်လိမ္မာပေ၏။
ဤသူသည် အကျင့်နှင့်ပြည့်စုံပေ၏။
(ခ) အခြေအနေတစ်ခုသို့ ရောက်ရှိနေခြင်းသဘော။
ပုံစံ။ ကျွန်ုပ်သင့်ကို မယုံကြည်တော့ပေ။
ဤသူငယ်ကား အောင်မြင်မှုရပေပြီ။
(ဂ) ချီးမွမ်းခြင်းသဘော။
သူ၏ စိတ်ထားသည် ကောင်းပါပေသည်။

မိ။ (က)။ မဖြစ်သင့်ဘဲ ဖြစ်ခြင်းသဘော။
ပုံစံ။ သူသည် ကြောင်ကိုသတ်မိကြောင်း ဝန်ခံ၏။
လူနာသည် တားမြစ်သော အစားအစာကို စားမိ၏။
(ခ) မလိုလားဘဲ ဖြစ်စေခြင်းသဘော။
ပုံစံ။ သူ့အား ဤစာအုပ်ကို ငှားမည်ဟုဝန်ခံလိုက်မိ၏။
မပြောချင်ဘဲ နှုတ်မှ ထွက်သွားမိ၏။
(ဂ) အရအဓိ ဖြစ်ခြင်းသဘော။
ပုံစံ။ သူ့စကားကို ကောင်းစွာသတိထားလိုက်မိ၏။
ယခုဆိုလျှင် သူ့ရိပ်စားမိပေတော့မည်။

ရ။ (က)။ မလွဲသာသည်ကို ပြုခြင်းသဘော။
ပုံစံ။ သူသည် မိဘ၏တိုက်တွန်းချက်အရ လက်ထပ်ရသည်။
အစောင့်သည် တစ်ညလုံးမအိပ်ဘဲ နေရသည်။
(ခ) အခွင့်ရရှိကြောင်း ပြသည့်သဘော။
ပုံစံ။ သူကောင်းမွန်စွာ နေရသည်။
မိုးပေါ်မှ လေယာဉ်ပျံကို မြင်ရသည်။
(ဂ) တားမြစ်ခြင်းသဘော(ကြိယာနောက်ဆက်)
ပုံစံ။ ဘတ်စ်ကားပေါ်တွင် ဆေးလိပ်မသောက်ရ၊ ကျယ်လောင်စွာ စကားမပြောရ။

လေ။ (က) ကြိယာ၏အနက်ကို အထူးပြုရန်မဟုတ်ဘဲ၊ ပြုလုပ်ကြောင်း သာမန်ကိုဆိုလိုသည့်သဘော။
ပုံစံ။ ဆရာမေးသောအခါ ကျောင်းသားတို့ ဖြေလေ၏။
မှတ်ချက်။ ကျောင်းသားတို့ အခြားအမှုအရာမပြု ပြောဆိုခြင်းကိုသာ ထင်ရှားစေလိုလျှင်ဖြစ်စေ၊ ဖြေသလော၊ မဖြေသလောခွဲခြား ထင်ရှားစေလိုလျှင်ဖြစ်စေ၊ လေကို မထည့်ရချေ။
ပုံစံ။ ဆရာမေးသောအခါ ကျောင်းသားတို့က ဖြေ၏။
ဆရာမေးသောအခါ ကျောင်းသားတို့ ဖြေ၏။
(ခ) ညည်းတွားခြင်းသဘော။
ပုံစံ။ သနားဖွယ် ဖြစ်ရလေသည်။ (ဖြစ်မှဖြစ်ရလေ)
သူကား ကံဆိုးလှလေသည်။ (ကံဆိုးလေခြင်း)
(ဂ) တိုက်တွန်းလှုံ့ဆော်ခြင်းသဘော။
ပုံစံ။ ထိုဆေးကို တစ်နေ့တစ်ကြိမ် စားလော။
(ဃ) ဆင့်ကဲခြင်းသဘော။
ပုံစံ။ သူကြောက်၍လေ၊ စကားမထွက် လေဖြစ်၏။
(င) ပြေပြစ်စေခြင်းသဘော။
ပုံစံ။ စာမေးပွဲပြီးသောအခါခရီးထွက်ကြလေ၏။
(ဂ) တိုက်တွန်းခြင်းသဘော။(ကြိယာနောက်ဆက်)
ပုံစံ။ ဤဆေးကို တစ်နေ့သုံးခွက် သောက်လော။
အောင်မြင်သည်အထိ ကြိုးစားလော။
(ဃ) ထပ်ဆင့်၍ ဖြစ်ခြင်းသဘော။
ပုံစံ။ ဆိုလေကဲလေ၊ မန်းလေပြုလေ။
ဆင်းရဲလေလေ၊ သံဝေရ၊။

လိုက်။ (က) ဆောင်ရွက်ပြီးခြင်းသဘော။
ပုံစံ။ ဤစာတစ်အုပ်လုံးကို ကူးလိုက်ပြီ။
သစ်သီးကို ခူးလိုက်ပြီ။
(ခ) အာရုံရှေးရှုရောက်မိခြင်းသဘော။
ပုံစံ။ ကျွန်တော် သူ့ကိုမြင်လိုက်သည်။
သူ၏အဘွားကို သူမီလိုက်သည်။
(ဂ) စေခိုင်းခြင်းသဘော။
ပုံစံ။ ထမင်းခူးလိုက်ပါ။
ဤစာအုပ်ကို ယူလိုက်စမ်း။

ပြီ။ (က) ရရှိဖြစ်မြောက် အောင်မြင်ခြင်းသဘော။ အခြေအနေ တစ်ခုသို့ရောက်ခြင်းသဘော။
ပုံစံ။ မိုးရွာပြီ၊ ပျိုးကြရတော့မည်။
အမေဈေးကလာပြီ။
သူအရွယ်ရောက်ပြီ။
(ခ) ဖြစ်ဆဲသဘော။
ပုံစံ။ ယခု လေးနာရီထိုးပြီ။
ဘတ်စ်ကားရပ်ပြီ၊ ဆင်းပေရော့။

တည်း။ (က) ပြီးပြတ်ခြင်း၊ ဆိုဖွယ်အဆုံးသတ်ခြင်း
ပုံစံ။ အားလုံး သာခုခေါ်ကြသတည်း။
ဤသို့အကြံပေးလိုက်ရပေသတည်း။
(ခ) ထင်ရှားစေခြင်းသဘော။
ပုံစံ။ ဆရာသူကား ဤသူတည်း။
ပညာရှိက ကြီးပွား၏တည်း။

တကား။(က) အံ့သြခြင်းသဘော။
ပုံစံ။ သင်ကားမိုက်မဲလှချေ၏ တကား။
သုံးနှစ်ရွယ်ကပင် စာဖတ်တတ်၏ တကား။
(ခ) တိုက်တွန်းတင်ပြခြင်းသဘော။
ပုံစံ။ အရှင်ဤသူကို အမတ်မြောက်သင့်ပါ၏တကား။
ငါ့အား ဆွမ်းကိုပေးစေလို၏ တကား။

ပင်။ (က) စင်စစ်ဖြစ်သော သဘော။
ပုံစံ။ ကလေးဟူက ငိုတတ်သည်ပင်။
ဤသူကား မျက်လှည့်ဆရာပင်တည်း။
(ခ) ကတ္တားနှင့် ကံတစ်ခုတည်းကိုပင် ထပ်၍ညွှန်းသော သဘော။
ပုံစံ။ ဤစာအုပ်ကိုပင် ကလေးဖတ်၏။
ထိုလက်သမားပင် ဤအိမ်ကို ဆောက်၏။

သည်။ သာမန်အားဖြင့် ကြိယာကိုဖော်သောသဘော။
ပုံစံ။ ကလေးငိုသည်။ (မည်သူ ငိုသနည်း၊ ကလေး ဘာပြုသနည်း)။
ယနေ့ပို၍ ချမ်းသည်။

၏။ ကြိယာ၏အထူးဆိုလိုရင်း၏ ဝန်ခံသည့်သဘော။
ပုံစံ။ ကလေးငို၏။ (ငိုသည်မှန်သလော၊ ငိုမှ ငိုပါ၏လော)။
ယနေ့ပို၍ချမ်း၏။

ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူဖော်ပြပါသည်။

---

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ပါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှု မရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စိမ်ဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# တစ်ကျော့ပြန် နျူကလီးယား နည်းပညာ (၇)

နီဇော်သစ်

ဖျူရှင်နည်းပညာတွင် လေဆာနည်းနှင့် သံလိုက်နည်း နှစ်မျိုးရှိပြီး သူ့နည်းနှင့်သူ တိုးတက်မှုများရှိနေသည်ကို ရှေ့အပိုင်းများတွင် တင်ပြခဲ့ပါသည်။ အဓိကအားဖြင့် အမေရိကန်၏ လေဆာနည်းနှင့် တရုတ်၏ သံလိုက်နည်းကိုပြခဲ့သည်။ သို့သော် ဖျူရှင်နည်းပညာ၏ အဓိကလမ်းကြောင်းဖြစ်သည့် သံလိုက်တိုကာမက်နည်းပညာကို ကြည့်မည်ဆိုလျှင် ဥရောပ၊ ဂျပန်နှင့် တောင်ကိုရီးယားတို့သည်လည်း ကိုယ်ပိုင်အားသာချက်များဖြင့် အရေးပါသည့်နေရာတွင် ရှိနေကြသည်။

ဥရောပက စပါမည်။ အပိုင်း(၃)တွင် ဥရောပ၌ ဖျူရှင်နည်းပညာ စတင်အခြေတည်သည့်အကြောင်းနှင့် အပိုင်း(၄) တွင် ဥရောပ၏ အကြီးဆုံး ဖျူရှင်သုတေသနလုပ်ငန်းအဖြစ်မှ နောက်ပိုင်းတွင် နိုင်ငံစုံ ဖျူရှင် သုတေသနလုပ်ငန်းကြီးဖြစ်လာသည့် အီတာ(ITER) ဖြစ်တည်လာသည့်အကြောင်းကို တင်ပြခဲ့ပြီးပါပြီ။ အီတာသည် ဥရောပ၏ ဖျူရှင်နည်းပညာလမ်းကြောင်း အလယ်ဗဟိုတွင်ရှိသည်။

ပြင်သစ်နိုင်ငံ ကာဒါရာချေးတွင် တည်ဆောက်နေသည့် အီတာသည် ကမ္ဘာ့အကြီးဆုံး တိုကာမက်။ အဓိကရည်ရွယ်ချက်မှာ ဖျူရှင်ပလာစမာထဲသို့ ထည့်သွင်းပေးရသည့် အပူစွမ်းအင်ထက် အဆများစွာပိုမိုသော ဖျူရှင်အပူစွမ်းအင်ကို ထုတ်ပေးနိုင်ကြောင်း သက်သေပြရန်။ ထို့ကြောင့် အီတာသည် ဖျူရှင်လျှပ်စစ်ဓာတ်အားပေးစက်ရုံ သုတေသနမဟုတ်။ ဖျူရှင်ဓာတ်အားပေးစက်ရုံတစ်ခု တည်ဆောက်ရန် လိုအပ်သည့် ပလာစမာ ရူပဗေဒနှင့် ဓာတ်ပေါင်းဖိုတည်ဆောက်ပုံတို့ကို သက်သေပြပေးမည့် စမ်းသပ်ချက်ဖြစ်သည်။




ပြီးခဲ့သည့် ဇူလိုင်က အီတာ၏ တိုကာမက်ဗဟိုချက်ကို ဖွဲ့စည်းပေးမည့် မော်ဂျူးကိုးခုအနက် ခြောက်ခုမြောက်ကို တပ်ဆင်ပြီးစီးခဲ့သည်။ ယင်းမှာ လက်ရှိ နောက်ဆုံးအခြေအနေ။ အူတိုင်၏ သုံးပုံနှစ်ပုံတည်ဆောက်ပြီးပြီ။ နောက်ဆုံးအပိုင်းကို လာမည့်နှစ်ထဲတွင် အပြီးတည်ဆောက်ရန် ရည်မှန်းထား၏။

အီတာက သုတေသန အလွန်ဆန်သည်။ စက်ကို တစ်ခါတည်း အပြည့်အဝတပ်ဆင်ပြီးမှ စမ်းသပ်မှုစတင်မည့်လမ်းကြောင်းကို ရွေးချယ်ထားသည်။ ထို့ကြောင့် ဒူတီရီယံ-ထရစ်တီယံ ပလာစမာလုပ်ငန်းစဉ်ကို ၂၀၃၉ ခုနှစ်မှ စတင်မည်။

ဥရောပ၏ နောက်တစ်ဆင့်မှာ ဒီမို(DEMO)။ ဒီမိုကတော့ သရုပ်ပြ ဓာတ်အားပေးစက်ရုံ (Demonstration Power Plant)။ ဖျူရှင်စွမ်းအင်ကို လျှပ်စစ်ဓာတ်အားပြောင်းပြီး ဓာတ်အားပေးလိုင်းကွန်ရက်ထဲသို့ ထည့်နိုင်ရန်အထိ ရည်ရွယ်ထားသည်။ သို့သော် မှန်းထားသည်က ၂၀၅၀ ဝန်းကျင်မှ လည်ပတ်မည်။ လျှပ်စစ်ဓာတ်အား ၃၀၀ မဂ္ဂါဝပ်မှ ၅၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ရန် ရည်မှန်းထားသည်။

သို့သော် ယခုနှစ်မှစတင်၍ ဥရောပသည် အီတာ-ဒီမိုလမ်းကြောင်းကိုသာ အာရုံစိုက်နေခြင်း မဟုတ်တော့။ ဥရောပသမဂ္ဂသည် ပထမဆုံး ဥရောပတိုက်လုံးဆိုင်ရာ ဖျူရှင်မဟာဗျူဟာကို စီစဉ်နေပြီး အီတာနှင့် အစိုးရသုတေသနကိုသာ အားထားခြင်းမပြုတော့ဘဲ ပုဂ္ဂလိကစက်မှုလုပ်ငန်းများနှင့် လုပ်ငန်းသစ်များပါ ပါဝင်နိုင်မည့် ဖျူရှင်ဂေဟစနစ်တစ်ခုတည်ဆောက်ရန် ပြင်ဆင်နေပြီဖြစ်သည်။ ၂၀၂၆-၂၀၂၇ ယူရာတွမ် စီမံကိန်းမှ စတင်ကာ ဥရောပ အစိုးရ-ပုဂ္ဂလိက မိတ်ဖက်စနစ်ကို စတင်အသုံးပြုပြီး အနာဂတ် ဖျူရှင် ဓာတ်အားပေးစက်ရုံများအတွက် နည်းပညာရင့်ကျက်လာအောင် စတင်လုပ်ဆောင်နေပြီဖြစ်သည်။

ဂျပန်ကို ဆက်ကြည့်ပါမည်။ ဂျပန်နိုင်ငံ၏ ဖျူရှင်စီမံကိန်းတွင် အရေးကြီးဆုံးစက်များထဲမှ တစ်ခုက JT-60SA။ ဂျပန်နှင့် ဥရောပတို့ ပူးပေါင်းတည်ဆောက်ထားသည့် စူပါကွန်ဒတ်တာ သံလိုက်သုံးတိုကာမက်။ အီဘာရာခိပြည်နယ် နာကာမြို့တွင် တည်ထားသည်။ ဥရောပ၏ အီတာ(ITER)နှင့် တရုတ်နိုင်ငံ၏ ဘက်စ်(BEST)တို့လောက် အရွယ်အစားမကြီးသော်လည်း လက်ရှိလည်ပတ်နေသည့် စူပါကွန်ဒတ်တာ တိုကာမက်များထဲတွင် အကြီးဆုံး။

ဘာကြောင့် သူကဦးဆောင်နေတာလဲဆိုလျှင် ဥရောပနှင့် ဂျပန်တို့ပေါင်းပြီး အီတာအတွက် ရှေ့ပြေးအဖြစ် စမ်းသပ်နေခြင်းကြောင့်ဟု ဆိုနိုင်သည်။ ၂၀၂၃ ခုနှစ် တွင် ပထမဆုံး ပလာစမာကို စတင်ထုတ်လုပ်နိုင်ခဲ့ပြီး အပြည့်အဝ အပူပေးစမ်းသပ်နိုင်ရန် မွမ်းမံမှုများလုပ်ခဲ့သည်။ ယခုနှစ်အတွင်း ပလာစမာအပူပေး စမ်းသပ်မှုများ လုပ်ဆောင်သွားဖို့ စီစဉ်ထားသည်။ ထူးခြားသည်မှာ ထိုလုပ်ငန်းစဉ်များထဲတွင် အေအိုင် နည်းပညာကို ထည့်သွင်းအသုံးပြုရန် စီစဉ်ထားခြင်းဖြစ်သည်။ ဖိအားမြင့် ပလာစမာကို စက္ကန့် ၁၀၀ ထိန်းထားနိုင်ရန် ရည်ရွယ်ချက်လည်း ပါဝင်သည်။

ဒါပေမဲ့ ဂျပန်ရဲ့ ရည်မှန်းချက်က JT-60SA တွင် ရပ်နေသည်မဟုတ်။ ယခင်က JA-DEMO ဟု အမည်ပေးထားသည့် သရုပ်ပြလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ရည်ရွယ်ထားခဲ့သည်။ ယင်းမှာ အီတာထက်ပင် တစ်ဆခွဲနီးပါးပိုကြီးပြီး လုပ်ဆောင်စရာများစွာလိုသဖြင့် Q-DEMO ဟု အမည်ပေးထားပြီး အီတာနှင့် ရွယ်တူလောက် သရုပ်ပြ လျှပ်စစ်ဓာတ်အားပေးစက်ရုံအဖြစ် ယခုနှစ်တွင် သဘောတရား ပြန်လည်ပြင်ဆင်ထားသည်။ ၂၀၃၀ ပြည့်နှစ်လောက်တွင် လည်ပတ်နိုင်ရန် ရည်မှန်းထားသည်။

တောင်ကိုရီးယားဆီသို့ သွားပါမည်။ တောင်ကိုရီးယား၏ အဓိကလက်နက်က KSTAR။ KSTAR သည် ၂၀၀၇ ခုနှစ်ကတည်းက လည်ပတ်နေသည့် စူပါကွန်ဒတ်တာ တိုကာမက်။ အလွန်မြင့်မားသော အပူချိန်ပလာစမာကို အချိန်ကြာကြာ ထိန်းသိမ်းနိုင်ရေးတွင် ကမ္ဘာ့ထိပ်တန်းရလဒ်များ ရရှိထားသည်။ ၂၀၂၁ ခုနှစ်တွင် 100 million °C အိုင်ယွန်အပူချိန်ရှိ ပလာစမာကို စက္ကန့် ၃၀ ကြာ ထိန်းသိမ်းနိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ၄၈ စက္ကန့်ကြာ ထိန်းသိမ်းနိုင်ခဲ့သည်။ အခြားနိုင်ငံများကဲ့သို့ပင် တောင်ကိုရီးယားသည်လည်း KSTAR တစ်ခုတည်းကို တည်ထားခြင်းမဟုတ်။

တောင်ကိုရီးယား၏ လက်ရှိ ဖျူရှင်နည်းပညာလမ်းပြမြေပုံတွင် ယခုနှစ်အတွက် KSTAR ၏ ပလာစမာ အပူချိန်ထိန်းသိမ်းမှုစီမံကိန်းအပြင် တန်စတင်ဒိုင်ဗာတာ၊ အပူပေးခြင်းနှင့် လျှပ်စီးကြောင်းမောင်းနှင်ရေးစနစ်များ၊ စူပါကွန်ဒတ်တာ သံလိုက်များ၊ ထရစ်တီယံ မွေးထုတ်ပေးမည့် ခြုံလွှာ၊ ဖျူရှင်ဒြပ်ပစ္စည်းများ၊ လောင်စာသံသရာ၊ ဘေးကင်းလုံခြုံရေးနှင့် လိုင်စင်ဆိုသည့် ကဏ္ဍရှစ်ခုကို အပြိုင်မောင်းနှင်နေသည်။ ၂၀၃၅ ခုနှစ်တွင် ပိုမိုမြင့်မားသော နည်းပညာအဆင့်တစ်ခု၌ အဆင်သင့်ဖြစ်နေရန် ရည်မှန်းထားသည်။

ထို့ပြင် ပြီးခဲ့သည့် ဩဂုတ်တွင် တောင်ကိုရီးယားအစိုးရက ဖျူရှင်ဓာတ်ပေါင်းဖိုတိုးတက်မှု ပိုမိုမြန်ဆန်စေရန် အေအိုင်အခြေပြု ပုံရိပ်ယောင် ဖျူရှင်ဓာတ်ပေါင်းဖိုဖန်တီးမှုကိုစတင်ခဲ့ပြီး ကိုရီးယားနိုင်ငံပိုင် ဖျူရှင်ဓာတ်ပေါင်းဖိုတစ်ခုကို ၂၀၃၅ ခုနှစ်တွင် သရုပ်ပြအဆင့်ရပြီး ၂၀၄၀ ပြည့်နှစ်တွင် စီးပွားဖြစ် ထုတ်လုပ်နိုင်ရန် ရည်မှန်းထားသည်။

အားလုံးကိုခြုံကြည့်လျှင် ဖျူရှင်နည်းပညာပြိုင်ဆိုင်မှုလောကထဲမှ နိုင်ငံများသည် ယခုနှစ်ပိုင်းတွင် သုတေသနနှင့် စီးပွားဖြစ် ရည်ရွယ်ချက်နှစ်မျိုးလုံးအတွက် ရည်မှန်းချက်များ ထားလာကြပြီဆိုသည်ကို တွေ့နိုင်သည်။ ယခင်ကလို သုတေသနသက်သက်မဟုတ်ကြတော့။ ယင်းမှာ ဖျူရှင်နည်းပညာ၏ စိတ်ဝင်စားဖို့အကောင်းဆုံး တိုးတက်မှုဟုဆိုနိုင်သည်။ ယခုအတိုင်း ဆက်သွားလျှင် ၂၀၄၀ ပြည့်လွန်နှစ်များအတွင်းမှာပင် ကမ္ဘာပေါ်၌ ဖျူရှင်နည်းပညာသုံး စီးပွားဖြစ်လျှပ်စစ်ဓာတ်အားပေးစက်ရုံများပေါ်လာမည်မှာ သေချာသလောက်ရှိသည်။ ထိုအချိန်ရောက်လျှင်တော့ နည်းပညာနှင့် စရိတ်ကာမိရဲ့လားဆိုသည်ကို လက်တွေ့မြင်ရပါလိမ့်မည်။

# ရုပ်ပျိုကိုယ်နုနည်းလမ်းအတွက် ခြေတစ်လှမ်းရှေ့တက်



ရုပ်ပျိုကိုယ်နုနည်းလမ်းဆိုသည်မှာ သမိုင်းမတင်မီခေတ်ကတည်းက လူသားတို့ မက်မောခဲ့ကြသောနည်းလမ်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ယခု သိပ္ပံခေတ်တွင်လည်း ထိုနည်းလမ်းကို သိပ္ပံပညာရှင်များက ရှာဖွေဖို့ လက်မတွန့်ခဲ့ကြ။

ယေးလ်တက္ကသိုလ်မှ သုတေသနတစ်ဖွဲ့က သက်ရှည်ကျန်းမာ သုတေသန ၅၁ ခု၊ သွေးနမူနာ ၃၁၂၈ ခုတို့ကို စုစည်းပြီး ဒီအင်န်အေ နည်းပညာကို အခြေခံသည့် ဇီဝနာရီ ၁၆ မျိုးနှင့် ပြန်လည်ဆန်းစစ်ခဲ့ရာ ရုပ်ပျိုကိုယ်နုစေဖို့ ခြေလှမ်းတစ်လှမ်း ရှေ့တိုးနိုင်ခဲ့ပြီဟု ဆိုနိုင်သည်။

ယေးလ်ဆေးကျောင်းမှ သုတေသီ ရာဂက်ဗ် ဆာဂယ်က “ပထမဆုံးအကြိမ်အနေနဲ့ ကုသမှုတချို့မှာ တိုင်းတာလို့ရတဲ့ အကျိုးသက်ရောက်မှုတွေ ရှိနေတာ ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်” ဟု ဆိုသည်။

ယခု တွေ့ရှိမှုအရ စမ်းသပ်ထားသော နည်းလမ်း ၅၁ ခုတွင် ၁၉ ခုသည် ဇရာထောင်းမှုကို သိသိသာသာ သက်ရောက်သည်ဟုဆိုသည်။ ပြင်ဆင်တွက်ချက်မှုများပြုလုပ်ပြီးချိန်၌ ၁၃ ခုက ခိုင်မာသော သက်ရောက်မှုများရှိကြောင်း သက်သေပြနိုင်ခဲ့သည်။ လေ့လာမှုတွင် အမူအကျင့်ပိုင်းဆိုင်ရာနှင့် ဆေးဝါးပိုင်းဆိုင်ရာ နှစ်မျိုးစလုံးပါဝင်ရာ နှစ်မျိုးလုံး၌ ထိရောက်မှုများရှိသည်ကို တွေ့ခဲ့ရခြင်းလည်းဖြစ်သည်။

တကယ်တော့ ယခုတွေ့ရှိမှုမှာ ရုပ်ပျိုကိုယ်နုနည်းလမ်းထက် ဒီအင်န်အေ နည်းပညာသုံး ဇီဝနာရီတိုင်းတာမှုက ပိုပြီး အဓိကကျသည်။ ထိုနည်းလမ်းမရှိခဲ့သည့် ယခင်က လေ့လာမှုများတွင် အမူအကျင့်တစ်ခု သို့မဟုတ် ဆေးဝါးတစ်မျိုးက အရွယ်ရင့်လာခြင်းအပေါ် မည်သို့ သက်ရောက်မှုရှိသည်ကို တိုင်းတာဖို့မဖြစ်နိုင်ခဲ့ပေ။ တစ်ဖက်တွင် ဗီတာမင်များ၊ အိုမီဂါသရီး အစရှိသည့် ဖြည့်စွက်စာများမှာ ဇရာအတွက် ထိရောက်မှုမရှိကြောင်းကို ပြနိုင်ခဲ့သည်။

ယခုတွေ့ရှိမှုက ရုပ်ပျိုကိုယ်နုနည်းလမ်းအတွက် ကဏ္ဍလေးခု ထုတ်ပြသည်။ နေထိုင်မှုပုံစံပြောင်းလဲခြင်း၊ ဓာတ်စာများ၊ ဖြည့်စွက်စာများနှင့် ဆေးဝါးတို့ဖြစ်သည်။ လေ့ကျင့်ခန်း၊ စားသောက်နေထိုင်ပုံနှင့် ညွှန်ကြားချက်အလိုက် သောက်ရသည့်ဆေးဝါးများပေါင်းလိုက်လျှင် အရွယ်ကြီးရင့်နှုန်းကို လျော့ကျစေနိုင်ကြောင်း သက်သေပြနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

Ref: scitechdaily

# (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲ စာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည် ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကိုဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကိုကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက် မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသောလက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၂။ စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀,၀၀၀ | ကျပ် |

၁၃။ ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၄။ ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၅။ ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀,၀၀၀ | ကျပ် |

၁၆။ ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀,၀၀၀ | ကျပ် |

၁၇။ ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀,၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀,၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀,၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀,၀၀၀ | ကျပ် |

၁၈။ ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁,၀၀၀,၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀,၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀,၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀,၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀,၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## လူငယ်နှင့်ဘဝ အောင်မြင်ရေး

# ဆွေမျိုးချစ်မှ မျိုးချစ်

**ပီမိုးနှင်း**

ဉာတကာနုဇ္ဇ သင်္ဂဟောဟူသော ဘုရားဟောဒေသနာရှိသည့်အတိုင်း ထိုတရားတော်၏ ထူးမြတ်ခြင်းကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးဟူသမျှ ကောင်းစွာ သိကြလေသည်။

သို့ပင် သိကြငြားသော်လည်း အများအားဖြင့် မြန်မာလူမျိုးများသည် ဉာတိ သင်္ဂဟ-ဆွေမျိုးသားချင်းတို့ကို ကူညီရိုင်းပင်းဖို့ မဆိုထားဘိ၊ ဆွေမျိုးသားချင်းများ ချမ်းသာမှာကိုပင် စိုးရိမ်တတ်ကြလေသည်။

အကြောင်းမူကား အများအားဖြင့် ဆွေမျိုးပေါက်ဖော်များအထဲတွင် ငါသာထိပ်တန်းဖြစ်ရမည်။ မည်သူမျှ ငါ့ကို လွှမ်းမိုးခြင်းမပြုရ။ ငါသည် ငါ၏ အမျိုးစု၌ နေမင်း၊ လမင်းပမာ တစ်ဦးတည်း ထွန်းလင်းတောက်ပသူဖြစ်ရမည်ဟူသော စိတ်မျိုးရှိသူတွေ များကြလေသည်။

ထိုကဲ့သို့ တစ်ဦးတည်း ကြီးကျယ်၍နေသော အခါ၌ကား ထိုမင်္ဂလာတရားကို သတိမမေ့တတ်ကြပေ။ သို့ပင် သတိမမေ့သဖြင့် ဆင်းရဲသောဆွေမျိုးများ၏ ဆင်းရဲသော ကလေးသူငယ်များကို အိမ်သို့ ခေါ်ကာကျွန်လိုခိုင်းပြီး အကြွင်းအကျန်ကို ကျွေးမွေးတတ်ကြလေသည်။ ထိုကဲ့သို့ ခိုင်းစေ၊ ကျွေးမွေးခြင်းကို ဉာတကာနုဇ္ဇ သင်္ဂဟော ဟူသောပုဒ်နှင့် ညီလှပြီဟု မှတ်ထင်ကြလေသလား မသိရပေ။

အချို့ မိမိ၏အမျိုးကိုမကြည့်၊ ဂုဏ်ပကာသနအတွက်ကား အကြီးအကျယ် ပေးကမ်းလှူဒါန်းတတ်ကြ၏။ ဂုဏ်အသရေရှိရှိ အစိုးရအရာရှိ၊ လူကြီးလူကောင်းများက ဘာအရေး ညာအရေးဟု စာကလေးများနှင့် လာရောက်ပြောသည့်အခါ ငါးရာပက်ခနဲ၊ တစ်ထောင် ပက်ခနဲ ပေးလှူနိုင်သော်လည်း ဆင်းရဲသောဆွေမျိုးများကိုမူကား ရော့ .. ငါးဆယ်ရင်း၊ ရော့ ... တစ်ရာရင်းဟု ပေးစွန့်လေ့မရှိကြပေ။ ချေးငှားခြင်းကိုလည်းမယုံကြည်၍ မပြုကြပေ။

၎င်းတို့အား တစ်စုံတစ်ယောက်က ထိုအပြစ်ကို ပြောချေက "လူမွဲတစ်အိမ်ထောင်ကို လူချမ်းသာ ဆယ်အိမ်ထောင် ဝိုင်းမသော်လည်း မပြောင်နိုင်"ဟု ပြောတတ်ကြပေလိမ့်မည်။

ထိုစကားအတိုင်း သိကြား မသော်လည်း မချမ်းသာနိုင်သူများလည်း အမှန်ရှိကြပေမည်။ ထိုကဲ့သို့ မ၍ မဖြစ်သောသူများကား တစ်သက်လုံး ပေးကမ်း၍နေမှ ကျေနပ်ကြ၏။ နေ့စဉ်ပေးကမ်း၍ ကျွေးမွေးသော်လည်း မပေးမကမ်းနိုင်သော တစ်နေ့၌ ကျေးဇူးမဲ့စကားကို ပြောတတ်ကြ၍ ရန်လိုတတ်ကြလေသည်။ ဆင်းရဲစုတ်ပွဲ ညံ့ဖျင်းသော ဆွေမျိုးများသည် ဆွေမျိုးတိုင်းမှာ ရှိမည်ကား အမှန်ဖြစ်လေသည်။

သို့သော်လည်း ဆွေမျိုးစုတစ်စု၌ ပါရှိသော ဆင်းရဲသူဟူသမျှသည် သိကြား'မ'၍ မဖြစ်သော

> **အများအားဖြင့် လူတစ်ယောက်ချမ်းသာသည့်အခါ ရင်းနှီးသော ဆွေမျိုးများထဲမှ မိမိနှင့် မတိမ်းမယိမ်း အလားတူအခြေအနေ ရှိသူများကိုသာ အသိအမှတ်ပြုကြလေသည်။ အချို့လည်း ဂုဏ်ပြိုင်၍ နေကြ၏။ အများအားဖြင့်ကား ဆင်းရဲသောဆွေမျိုးများကို ဆွေမျိုး မတော်လိုကြဘဲ မိမိထက်သာသော သူစိမ်းလူကုံထံများနှင့် စပ်ကာ ဟပ်ကာ ဆွေမျိုးဖွဲ့တတ်ကြလေသည်။ ဆင်းရဲသောဆွေမျိုးများကိုကား ဆွေမျိုးဟူ၍ ပြောရမှာပင် ရှက်တတ်ကြ**

ထိုလူမျိုးသာရှိသည်မဟုတ်။ ယုံယုံကြည်ကြည်နှင့် အကြံကောင်း ဉာဏ်ကောင်းကိုပေးကာ အဟုတ်တကယ် လုပ်ကိုင်ကြံစည် ကြီးကျယ်စေလိုသော စိတ်နှင့် ကူညီစောင်မက ကြီးပွားနိုင်သော သူဆင်းရဲတွေလည်းရှိကြပေမည်။ တစ်မျိုးလုံး အကုန်အစင် အလေ့အညံ့တွေသာ ဖြစ်ကြမည်မဟုတ်ပေ။ ထိုကဲ့သို့ သဘောထားချေက ပစ္စည်းရှိသော ဆွေမျိုးသည် မိမိ၏မျိုးရိုးကို ရှုတ်ချရာကျဖို့သာ ရှိလေသည်။

အများအားဖြင့် လူတစ်ယောက်ချမ်းသာသည့်အခါ ရင်းနှီးသော ဆွေမျိုးများထဲမှ မိမိနှင့် မတိမ်းမယိမ်း အလားတူ အခြေအနေရှိသူများကိုသာ အသိအမှတ်ပြုကြလေသည်။ အချို့လည်း ဂုဏ်ပြိုင်၍ နေကြ၏။ အများအားဖြင့်ကား ဆင်းရဲသောဆွေမျိုးများကို ဆွေမျိုးမတော်လိုကြဘဲ မိမိထက်သာသော သူစိမ်းလူကုံထံများနှင့် စပ်ကာဟပ်ကာ ဆွေမျိုးဖွဲ့တတ်ကြလေသည်။ ဆင်းရဲသော ဆွေမျိုးများကိုကား ဆွေမျိုးဟူ၍ ပြောရမှာပင် ရှက်တတ်ကြလေသည်။

Charity Begins at Home ဟူသော စကားရှိ၏။ ကောင်းမှုကို နီးစပ်ရာ၌ စ၍ပြုရမည်။ ရင်းနှီးသူတို့အပေါ်၌ မကောင်းသူသည် လူကောင်းစင်စစ် မဖြစ်နိုင်ပေ။ ထိုလူမျိုးသည်လည်း အများအားဖြင့် ကြာမြင့်စွာ ကောင်းစားလေ့မရှိပေ။ အများအားဖြင့် ဆင်းရဲသောဆွေမျိုးများကို မကြည့်လိုသူတို့သည် ဆင်းရဲသောဆွေမျိုးများအပေါ်၌ အပြစ်ကို ရှာတတ်ကြလေသည်။

လူမျိုး၏ စည်းလုံးခြင်း၊ လူမျိုး၏ ညီညွတ်ခြင်း၊ လူမျိုး၏ တိုးတက်ခြင်း၊ လူမျိုး၏အားသည်ဆွေမျိုးစုများ၏ ကူညီရိုင်းပင်းခြင်း၌ တည်လေသည်။

သံကြိုးတစ်ခုလုံး၏အားသည် ကွင်းဆက်တစ်ခုခိုင်သလောက်သာ ခိုင်နိုင်၏။ လူမျိုးတစ်မျိုးလုံး၏အားသည် အမျိုးစု၏အားရှိသလောက်သာ ရှိနိုင်လေသည်။

အမျိုးစုဟူသမျှသည် မိမိ၏အမျိုးဟူသမျှ ကြီးပွားနိုင်သမျှ ကြီးပွားအောင် ဂရုစိုက်ကြချေက မြန်မာလူမျိုးဟူသမျှ၏ အမျိုးအဆွေဟူသမျှသည် ကြီးပွားချမ်းသာရမည်သာတည်း။

"အရေးကြီးတော့ .. သွေးနီးရာ"ဟူသော စကားရှိလေရာ၊ တကယ့်အားကိုးရာသည် အားရှိသော ဆွေမျိုးသားချင်းများသာဖြစ်၍ မည်သူမဆို သူစိမ်းများကို ကြည့်ရှုထောက်ပံ့ခြင်းမပြုမီ မိမိ၏ ဆွေမျိုးစု၌ မည်သူဖြင့် ငါကြည့်ရှုရလျှင် ကြီးပွားဖြစ်ထွန်းလိမ့်မည်ဟူ၍ ရှာကြံကာ မိမိ၏သားချင်း ပေါက်ဖော်သွေးစပ်သူများကို ရှေးဦးပထမ ကူညီရိုင်းပင်းသင့်ကြလေသည်။

သို့မှသာ အတုံ့အလှည့်၏ အကျိုးဖြင့် ဆွေမျိုး၏အားသည် တိုးတက်နိုင်လေသည်။ မြန်မာလူမျိုးဟူသမျှ မိမိ၏ဆွေမျိုးအင်အားကို တိုးအောင် ကြိုးစားကြချေက တစ်မျိုးလုံး၏ အင်အားသည် သိသိသာသာ တိုးရမည်မဟုတ်ပါလော။

ဂျပန်ပြည်၌ မစ်ဆီအမျိုးစုသည် နှစ်ပေါင်းသုံးရာကျော်အခါမှစ၍ ကြီးပွားပြီးလာလေရာ ယခုတိုင်မပျက်မစီး ကြီးကျယ်၍နေသဖြင့် ကမ္ဘာတစ်ဝန်းလုံးပင် ၎င်းတို့၏ အကြောင်းကို သိကြလေသည်။

မျိုးချစ်စိတ်၊ အမျိုးသားကို စောင့်ရှောက်ခြင်းဟူသော စကားအရ ထိထိရောက်ရောက် ကျင့်လိုက မည်သူမဆို မိမိနှင့်သွေးစပ်ရာကို ကူညီ၍ ရိုင်းပင်းဖို့သာ လိုလေသည်။

သွေးနီးစပ်သူထက် သူစိမ်းကို ပိုမိုခင်မင်သည်ဟူသော စကားသည် မဟုတ်မမှန်၊ အချို့အဝက်သာ မှန်လေသည်။ တကယ့်အရေးကြုံသည့်အခါ ဆွေမျိုးအရင်းအချာအတွက်သာ အကုန်အကျ အနစ်အနာခံလေ့ရှိကြလေသည်။ ဆွေမျိုးရင်းချာအတွက် အနစ်နာမခံသူများသည် သူစိမ်းအတွက် ခံကြရမည် မဟုတ်ပေ။

သို့ဖြစ်လေရာ ဆွေမျိုးရင်းချာကို မချစ်သူသည် မျိုးချစ်စိတ်ရှိပါသည်ဟု အဘယ်မျှပင် ပြောစေကာမူ၊ မျိုးချစ်တကယ်မဖြစ်နိုင်။ အတုအယောင်မျှသာ ဖြစ်ဖို့ရှိလေသည်။ အကြောင်းမူကား ဆွေမျိုးရင်းချာကိုမျှ မချစ်နိုင်သူသည် ဆွေမျိုးမတော်သော အမျိုးသားအပေါ်၌ အဘယ်မှာ ချစ်နိုင်ပါမည်နည်း။ ထိုလူမျိုးသည် အဘယ်သို့လျှင် မျိုးချစ်စိတ်ရှိသူ ဖြစ်နိုင်ပါမည်နည်း။

ဘားမားဂျာနယ်၊
ဒုတိယတွဲ အမှတ် ၇၊ ၇-၈-၁၉၃၇။

## မရမ်းကုန်းခရိုင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)က ကြီးမှူး၍ (၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၌ ယနေ့နံနက် ၁၀ နာရီက စုပေါင်းသွေးလှူဒါန်းကြသည်။

မရမ်းကုန်းခရိုင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)က ကြီးမှူး၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းသူ အသင်းသား ၁၃၀ ခန့်က စုပေါင်းသွေးလှူဒါန်းခဲ့ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးသူနှင့် အဖွဲ့ဝင်များ၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အဖွဲ့တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားပြီး သွေးလှူဒါန်းသူများအား အာဟာရ ဖြည့်စွက်စာများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## သန်လျင်မြို့၌ စာအောင်သံဃာတော်အရှင်သူမြတ်တို့အား ဂုဏ်ဝိသိဋ္ဌ ပူဇာမင်္ဂလာပွဲ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၇**

ရန်ကုန် တိုင်းဒေသကြီး သန်လျင်မြို့ မဟာခေမိကာရာမ ရွှေကျင် စာသင်တိုက်ကြီးတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပရိယတ္တိစာမေးပွဲ အသီးသီးတို့တွင် အောင်မြင်တော်မူကြသော ကျောင်းတိုက်အတွင်းရှိ စာအောင်သံဃာတော်တို့အား ဂုဏ်ဝိသိဋ္ဌ ပူဇာမင်္ဂလာပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကွမ်းခြံကုန်း ဆရာတော်ကြီးထံမှ ဂုဏ်ဝိသိဋ္ဌ ပူဇာပွဲဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အကျိုးဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး သန်လျင်မြို့ ရွှေကျင်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မဟာခေမိကာရာမ ရွှေကျင် စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော်ကြီးထံမှ သာရဏီယ ဩဝါဒကထာနာကြားကြကာ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စာအောင်အရှင်သူမြတ်တို့အား စာအောင်လက်မှတ်နှင့် စာအောင်ဓမ္မပူဇာဝတ္ထုများကို ဂုဏ်ဝိသိဋ္ဌပူဇာပွဲ ဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တော်သလင်းလပြည့်ကျော်တစ်ရက်နေ့၌ မြန်မာပြည်အရပ်ရပ်မှဘုရားဖူးများဖြင့် စည်ကားလျက်ရှိ

ညောင်ဦး စက်တင်ဘာ ၂၇

တော်သလင်းလပြည့်ကျော် တစ်ရက်နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ပုဂံ – ညောင်ဦး ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း ပုဂံမြို့ လောကနန္ဒာစွယ်တော်မြတ်စေတီ ဂေါပကအဖွဲ့ထံမှ သိရသည်။



ပုဂံ – ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်)နေ့နှင့် တနင်္ဂနွေ ရုံးပိတ်ရက်ဆက်သွားခြင်းနှင့်အတူ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများပြားလျက်ရှိရာ သမိုင်းအထင်ကရဘုရားများဖြစ်သည့် တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ရွှေစည်းခုံစေတီ၊ အာနန္ဒာဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ သဗ္ဗညုဘုရား၊ ငှက်ပစ်တောင်ဘုရား၊ မဟာဗောဓိဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ပြာသာဒ်ကြီးဘုရား၊ ဓမ္မရာဇကဘုရား၊ ရွှေဆံတော်စေတီ၊ မနူဟာဘုရား၊ မြစေတီဘုရားတို့တွင်သာ ဘုရားဖူးလာရောက်သူများပြားသည်သာမကပဲ ရှင်အဇ္ဇဂေါဏဘုရား၊ ဝိနည်းဓိုရ်ဘုရား၊ နရသီဟပတေ့ဘုရား၊ လေးမျက်နှာဆုတောင်းပြည့်ဘုရား၊ ဆင်ဖြူရှင်အုတ်ကျောင်းတိုက်၊ ရင်မနားဘုရားစု၊ ဆူးလေကုန်းဘုရားစု၊ ခေမင်္ဂဘုရားစု၊ ဝတ္တနထေ၀ဘုရားစု၊ သစ္စာမဏ္ဍိုင်ဘုရား၊ တာမဏီဆုတောင်းပြည့်ဘုရား၊ မလုံးဖြစ်၊ မလာဖြစ်ဘုရားတို့တွင်လည်း ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ဘုရားဖူးလာရောက်သူများသည် မြင်းလှည်းစီးခြင်း၊ လက်အလှပန်းချီဆွဲခြင်း၊ ရိုးရာသနပ်ခါးလိမ်းခြယ်ခြင်း၊ ပုဂံဒေသထွက် တူညီဝတ်စုံများဝတ်၍ဘုရားဖူးထွက်ကြခြင်းများကြောင့် အီးဗိုက်အငှားလိုက်သူများ၊ မီနီအိုးဝေအငှားလိုက်သူများ၊ ဧည့်ကားအငှားလိုက်သူများ၊ စားသောက်ဆိုင်များ ဝင်ငွေတွက်ခြေကိုက်လျက်ရှိကာ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းတို့တွင်လည်း တည်းခိုသူများပြားလျက်ရှိနေကာ တော်သလင်းလပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**



## ပန်းတောင်းမြို့နယ် ဥသျှစ်ပင်တိုက်နယ် ဆေးရုံတွင် ပြည်မြို့အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး

ပန်းတောင်း စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်တိုက်နယ်ဆေးရုံတွင် ပြည်မြို့ခုတင်(၅၀၀) အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စိုးမင်း ဦးဆောင်ကာ ဒုတိယဆေးရုံအုပ်ကြီး ဒေါက်တာ ကေသီဝင်းမောင်၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် အထွေထွေလူနာ ၇၃ ဦး၊ ခွဲစိတ်လူနာ ၂၂ ဦး၊ သားဖွားမီးယပ်ရောဂါလူနာ ၁၄ ဦး၊ ကလေးလူနာ ၁၀ ဦး၊ မျက်စိရောဂါလူနာ ၄၇ ဦး၊ သွားရောဂါလူနာ ၁၀ ဦး၊ အရိုးအကြောလူနာ ၅၉ ဦး၊ အာထွာဆောင်းရိုက်လူနာ ၃၃ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး စုစုပေါင်းလူနာ ၂၈၅ ဦးအား စမ်းသပ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ၃ ဒသမ ၈ ပေ ဆက်လက်ရေကျော်စီးဆင်းလျက်ရှိ

ပွင့်ဖြူ စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများ စိုက်ပျိုးရေအတွက် မှီခိုအားထားရသည့် ကြီးအုံကြီးဝတမံမှာ ယနေ့နံနက် ၆ နာရီ တိုင်းထွာရာတွင် တမံရေပိုလွှဲမှ ၃ ဒသမ ၈ ပေ ဆက်လက်ရေကျော်စီးဆင်းလျက်ရှိသည်။



### ကောင်းမွန်လျက်ရှိ

ပွင့်ဖြူမြို့နယ် အတွင်းရှိ ကြီးအုံကြီးဝတမံမှာ ရေပြည့်အမှတ်ပေ ၃၄၀ ဖြစ်ပြီး ဩဂုတ်လပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တမံအတွင်း မိုးရေများ ဝင်ရောက်ခဲ့ကာ တမံရေပိုလွှဲမှ ရှစ်ပေကျော်အထိ ရေကျော်စီးဆင်းမှု ရှိခဲ့ကြောင်း၊ အဆိုပါတမံရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေများကို တာဝန်ရှိသူများက အများပြည်သူ သိရှိနိုင်ရန်အတွက် နေ့စဉ်အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ မိုးရွာသွန်းမှု ရပ်တန့်သွားခဲ့သဖြင့် တမံရေပိုလွှဲမှ ရေကျော်ကျမှု ပြန်လည်လျော့နည်းကျဆင်းလာရာ တမံရေပြည့်အမှတ်ဖြစ်သည့် ပေ ၃၄၀ အထက် တမံရေပိုလွှဲမှ ၃ ဒသမ ၈ ပေခန့်သာ ဆက်လက်ရေကျော်စီးဆင်းလျက်ရှိကြောင်းနှင့် တမံနှင့် ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်လျက်ရှိသည်။

အဆိုပါ ကြီးအုံကြီးဝတမံသည် မင်းဘူးခရိုင်အတွင်း ဆည်ရေအများဆုံး သိုလှောင်ထားနိုင်သည့် တမံတစ်ခုဖြစ်ကာ ဒေသခံပြည်သူများအတွက် (နွေ၊ မိုး၊ ဆောင်း) စိုက်ပျိုးရေနှင့် သီးနှံအောင်ရေဖူလုံစွာ အကျိုးပြုပေးလျက်ရှိပြီး ယခုနှစ်တွင် မိုးရွာသွန်းမှု ကောင်းမွန်ခဲ့သဖြင့် တောင်သူများအတွက် စိုက်ပျိုးရေဖူလုံစွာ အကျိုးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ )**

## ရေကြီးနစ်မြုပ်မှုဘေးဒဏ်ခံခဲ့ရသည့် ငါးမွေးမြူကန်များ ပြန်လည်မွေးမြူနိုင်ရန် လိုက်နာရမည့်အချက်များ

- ❖ ရေကြီးနစ်မြုပ်မှုကြောင့် ငါးမွေးမြူကန်ပတ်ဝန်းကျင်မှ အမှိုက်သရိုက်ဆွေး၊ အနည်အနှစ်များ၊ ဘေးအန္တရာယ်ရှိသော အညစ်အကြေးများ၊ အဆိပ်အတောက်ဖြစ်စေနိုင်သည့်အရာများ (ပိုးသတ်ဆေးဓာတ်ကြွင်း)၊ ရောဂါဖြစ်စေနိုင်သည့်ဗိုင်းရပ်စ်နှင့် ဗက်တီးရီးယားပိုးမွှားများကြောင့် အနီးဝန်းကျင်နေထိုင်သည့် လူများသည် အသုံးပြုမည့်ရေအား သေချာစွာ ကျိုချက်သန့်စင် အသုံးပြုကြပါရန်၊
- ❖ ရေကြီးဖုံးလွှမ်းခဲ့သည့် ငါးမွေးမြူကန်အတွင်းရှိ ငါးများအား ပြန်လည်ဖမ်းယူစစ်ဆေးခြင်း၊ ရောနှောသွားသောငါးများ အရွယ်အစားအလိုက်၊ ငါးမျိုးအလိုက်ခွဲခြားခြင်း၊ ပြင်ပမှဝင်ရောက်လာသည့် သားစားငါးများ၊ သဘာဝငါးရိုင်းများအား ဖယ်ရှားခြင်းတို့ လုပ်ဆောင်ပါရန်၊
- ❖ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုကြောင့် ပြိုကျနိမ့်ဆင်းသွားသောကန်ပေါင်များအား အမြန်ဆုံးပြန်လည်ဆည်ဖို့ခြင်း၊ ရေရှည်ခိုင်ခံ့မှုအားကောင်းစေရန် သေချာစွာပြုပြင်ခြင်း၊ ရေတိုက်စားမှုနှင့် မိုးများခြင်းကြောင့် ကန်ပေါင်မြေသားများ မပြိုစေရန် တုတ်များ၊ မြေထိန်းနံရံများဖြင့် ခိုင်ခံ့စွာပြုပြင်ပြီး မြေထိန်းနိုင်မည့် မြက်ပင်များစိုက်ပျိုးထားရှိရန်၊ ကန်ပေါင်ခိုင်ခံ့မှုအား ပျက်စီးစေနိုင်မည့် တိရစ္ဆာန် (ကျွဲ၊ နွား၊ ဝက်များ) မဝင်ရောက်စေနိုင်ရန် ခြံစည်းရိုးအကာအရံများ ထားရှိပါရန်၊
- ❖ ရေသွင်းမြောင်း၊ ရေထုတ်မြောင်းများရှိ အနည်အနှစ်များ၊ အမှိုက်သရိုက်များဖယ်ရှားခြင်း၊ ရေဝင်ရေထွက်ကောင်းမွန်အောင် လိုအပ်သော ရေမြောင်းအနက်၊ ရေမြောင်းအကျယ်အား သေချာစွာပြုပြင်ခြင်း၊ ငါးမွေးကန်၏ရေဝင်ပိုက်လိုင်းများနှင့် ရေထုတ်ပိုက်လိုင်းများ အမှိုက်ဖယ်ရှား၍ သေချာစွာပြန်လည်တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရန်နှင့် အနီးဝန်းကျင်ရှိ ရေသွယ်မြောင်း၊ တံတားများ၌ အမှိုက်များ ပိတ်ဆို့ခြင်းအား အမြဲပုံမှန်စစ်ဆေး၍ သေချာစွာဖယ်ရှားပါရန်၊
- ❖ ရေကြီးနစ်မြုပ်စဉ် ကာရံထားသောပိုက်များအား ပေါက်ပြဲဆွေးမြည့်မှု သေချာစွာစစ်ဆေး၍ တစ်နှစ်တစ်ကြိမ် အသစ်လဲလှယ်ကာရံထားရန်၊ ကာရံထားသောသဲအိတ်များအား ပြန်လည်စစ်ဆေး၍ အသစ်လဲလှယ်ရန်နှင့် ထပ်မံလိုအပ်မည့်သဲအိတ်များ အဆင်သင့် ပြင်ဆင်ထားရှိပါရန်၊
- ❖ ငါးမွေးကန်ပတ်ဝန်းကျင်ရှိ ချုံနွယ်သစ်ပင်ပေါင်းပင်များနှင့် ရေမြောင်းများနှင့် ကန်အတွင်းရှိ ရေပေါက်ပင်များ (ဗေဒါပင်၊ ရေမှော်ပင်၊ တက်ပြားပင်များ) ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အတွင်းရှိငါးများနှင့် အသုံးပြုရေများအား ငါးရောဂါစစ်ဆေးခြင်းနှင့် ရောဂါမပြန့်ပွားရေး ငါးအသေများ သေချာစနစ်ကျစွာ ဖယ်ရှားရှင်းလင်းပါရန်၊
- ❖ ရေအရင်းအမြစ်ရယူသောနေရာ (မြစ်၊ ချောင်း)များနှင့် ရေစွန့်ထုတ်မည့်မြောင်းများအား အတားအဆီးဖြစ်စေနိုင်မည့်နေရာ၌ ပိတ်ဆို့စေနိုင်သောအဆောက်အအုံ၊ ကန်များ တည်ဆောက်ခြင်း မပြုလုပ်ရန်၊ ငါးမွေးကန်များအား သေချာသောမြေနေရာချထားတည်ဆောက်မှု (Layout Plan)ဖြင့် ရေဝင်ရေထွက်ကောင်းမွန်အောင်၊ လုပ်ငန်းသုံးပစ္စည်း (အစာ၊ ဆေးဝါးများစသည့်)များ လွယ်လင့်တကူသယ်ယူရွှေ့ပြောင်းနိုင်မည့် လမ်း၊ ချောင်းတို့အား ပြင်ဆင်ထားရှိပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား မွေးမြူမည့် ငါးများအတွက် သင့်တော်သောရေအရည်အသွေးရှိစေရန် တိုင်းတာစစ်ဆေးခြင်းနှင့် ရေပြင်ခြင်း(ထုံးထည့်ခြင်း၊ ရေဩဇာထည့်ခြင်းတို့ ပြုလုပ်ပေးပါရန်၊
- ❖ ရေကြီးနစ်မြုပ်ပြီးနောက် ငါးမွေးကန်အား အမြန်ပြန်လည်မွေးမြူနိုင်ရေး သင့်တော်မည့်ငါးအရွယ်များ ထည့်သွင်းမွေးမြူနိုင်ရန် သွင်းအားစုများ (ငါးအစာ၊ ငါးသားပေါက်)များ ဖြည့်ဆည်းနိုင်မည့် အစီအမံများ ချိတ်ဆက်ဆောင်ရွက်ပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



ဒဂုံစတားယူနိုက်တက်အသင်းနှင့် Galaxy အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ကြိုကန်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်း နောက်ကျဂိုးဖြင့် အနိုင်ရ

ရန်ကုန် စက်တင်ဘာ ၂၇

M-League ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၃) မှ ကြိုကန်ပွဲဖြစ်သည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် Galaxy အသင်းပွဲကို စက်တင်ဘာ ၂၇ ရက်က YUSC ကွင်း၌ ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းဖြစ်သော Galaxy အသင်းသည် နိုဝင်ဘာလတွင် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲကစားရန်ရှိသောကြောင့် ပွဲစဉ် (၂၃) မှ ဒဂုံစတားယူနိုက်တက်အသင်းပွဲကို ကြိုကစားခြင်းဖြစ်သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ယခုပွဲတွင် အပြန်အလှန်သွင်းဂိုးများ တွေ့မြင်ခဲ့ရပြီး နောက်ကျဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၃၁ မိနစ်တွင် သက်နိုင်ဦးက Galaxy အသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း သုံးမိနစ်အကြာတွင် ညီနိုင်က ဒဂုံစတားယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းသဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ မိနစ် ၆၀ တွင် ညီနိုင်က ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးပြန်သွင်းသော်လည်း ၇၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် သက်နိုင်ဦးက Galaxy အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး မိနစ် ၉၀ တွင် ဇော်ဘိုထွဋ်က ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၃၂ မှတ်၊ Galaxy အသင်းက ၁၇ ပွဲကစား ၂၂ မှတ် ရရှိထားသည်။

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ML

## M-League ရပ်နားထားသည့်ကာလတွင် ဟံသာဝတီယူနိုက်တက်နှင့် ရန်ကုန်စီးတီး ခြေစမ်းပွဲကစား

ရန်ကုန် စက်တင်ဘာ ၂၇

စက်တင်ဘာနိုင်ငံတကာရက်သတ္တပတ်ကြောင့် M-League ပြိုင်ပွဲ ခေတ္တရပ်နားထားသည့်ကာလတွင် မြန်မာလိဂ်ကလပ်နှစ်သင်းဖြစ်သော ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ စက်တင်ဘာ ၂၆ ရက် ညနေပိုင်းက တောင်ဥက္ကလာပမြို့နယ်ရှိမြသီတာကွင်း၌ ခြေစမ်းကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။

နှစ်သင်းစလုံးတွင် မြန်မာ့လက်ရွေးစင်အသင်းသို့ ပေးထားရသည့် ကစားသမားများမှလွဲ၍ ကျန်ကစားသမားများဖြင့် ယှဉ်ပြိုင်ကစားခဲ့သည်။ ရန်ကုန်စီးတီးအသင်းတွင် နိုင်ငံခြားသားကစားသမားများလည်း ပါဝင်ကစားခဲ့ပြီး သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

ယခုရာသီ M-League ပြိုင်ပွဲကို ပွဲစဉ် (၂) အပြီးတွင် ခေတ္တရပ်နားထားခြင်းဖြစ်ပြီး ရန်ကုန်စီးတီးအသင်းက နှစ်မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက တစ်မှတ်ရရှိထားသည်။ ပွဲစဉ် (၃) ကို အောက်တိုဘာ ၉ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-ML



## ရန်ကုန်မြို့၌ ၅ ကီလိုမီတာ ဗစ်ဆစ် ဘာရတ် အပြေးပြိုင်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၇

အိန္ဒိယ လူမှုအသိုက်အဝန်းအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးက ကြီးမှူး၍ ၅ ကီလိုမီတာ အပြေးပြိုင်ပွဲဖြစ်သည့် ဗစ်ဆစ် ဘာရတ် အပြေးပြိုင်ပွဲ (Viksit Bharat Run – 2026) ကို ယနေ့နံနက် ၆ နာရီက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ပြုလုပ်သည်။



အဆိုပါ အပြေးပြိုင်ပွဲကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ အဘေးသာကူးနှင့် ရန်ကုန်တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးစိုးဦးတို့က ပြေးပွဲစတင်ရန် အလံများ အချက်ပြဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်များက ပြည်သူ့ရင်ပြင်မှ စတင်ထွက်ခွာပြီး ပြေးလမ်းတစ်လျှောက်တွင် ရွှေတိဂုံစေတီတော်၊ မြို့တော်ခန်းမနှင့် ကန်တော်ကြီး စသည့် နေရာများကို ဖြတ်သန်း၍ ပြိုင်ပွဲဝင်ကြသည်။

မြန်မာနိုင်ငံမှ ကြံ့ခိုင်ရေးနှင့် အားကစားကို ဝါသနာပါသူများ၊ လူငယ်များ၊ အိန္ဒိယနိုင်ငံ၏မိတ်ဆွေများ၊ အိန္ဒိယနွယ်ဖွားများ၊ Swami Vivekanand ယဉ်ကျေးမှုစင်တာ (SVCC) မှကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ အပါအဝင် ပါဝင်ယှဉ်ပြိုင်သူ ၅၀၀ နီးပါးခန့် အဆိုပါပြိုင်ပွဲကို ပါဝင်ဆင်နွှဲခဲ့ကြပြီး ပထမဆုရရှိသော အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဗစ်ဆစ် ဘာရတ် အပြေးပြိုင်ပွဲသည် "နိုင်ငံတော်ကို အကျိုးပြုရန်အတွက် ပြေးကြစို့" (Run to Serve the Nation) ဟူသော ဆောင်ပုဒ်ဖြင့် ကမ္ဘာတစ်ဝန်း ကျင်းပပြုလုပ်သည့် လူထုလှုပ်ရှားမှု အစီအစဉ်တစ်ခုဖြစ်ပြီး အိန္ဒိယအစိုးရ လူငယ်ရေးရာနှင့် အားကစားဝန်ကြီးဌာနက စတင်ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် သက်ဆိုင်ရာ အိန္ဒိယသံရုံးများနှင့် သံတမန်ရုံးများက ပြည်ပနိုင်ငံများတွင် စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် နှစ် (၁၀၀) ပြည့်မြောက်မည့် ၂၀၄၇ ခုနှစ်တွင် ဖွံ့ဖြိုးတိုးတက်သော အိန္ဒိယနိုင်ငံဖြစ်လာစေရန် ရည်မှန်းချက်ကို ချိတ်ဆက် ဆောင်ရွက်ရန်နှင့် အိန္ဒိယလူမျိုးများ၊ အိန္ဒိယနွယ်ဖွားများအားလုံး စုစည်းမိစေရန် (Seva Pakhwada – စက်တင်ဘာ ၁၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ) ယင်းပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း အိန္ဒိယသံရုံးမှ သိရသည်။

ကိုထက်

## Myanmar Fight (35) မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ကျင်းပ



ဝေါယောဇက် (ရိုးရာကျား)နှင့် ကျားမာန်ဟိန်း(Smart Fight)တို့ ယှဉ်ပြိုင်စဉ်။

ရန်ကုန် စက်တင်ဘာ ၂၇

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG)တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီကာ 2026 Myanmar Fight (35) မျိုးဆက်သစ်မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ တွဲဆိုင်း ၁၀ ဆိုင်းကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများ၌ ဇေယျာနိုင် (ပဲခူးကလပ်)နှင့် ယောရိ (Nina Club)ပြိုင်ပွဲတွင် ဇေယျာနိုင်လက်သီးထိုးချက်ကြောင့် ဒုတိယအချီ၌ ယောရိအနားတောင်းခဲ့ကာ ဆက်လက်မယှဉ်ပြိုင်၍ အရှုံးပေးလိုက်ရသည်။ ကျားပေါက် (Tiger King) နှင့် ဖွဲ့ဘိုဘိုအောင် (Nline Club) ပြိုင်ပွဲတွင် သူတင်ကိုယ်တင် ထိုးကြရာ တတိယအချီ၌ ကျားပေါက်က ဘိုဘိုအောင်ကို အလဲထိုးနိုင်ခဲ့သည်။ စိုင်းစန်းထူး (MK1)နှင့် နိုင်မင်းဟိန်း (Vanguard)ပြိုင်ပွဲမှာ လည်း နိုင်မင်းဟိန်းက စိုင်းစန်းထူးကို တတိယအချီတွင် အလဲထိုးနိုင်ခဲ့သည်။

ဆက်လက်၍ ဒေးဗစ်ချင်း(MK1 )နှင့် မွန်လေး (ဇာတိမြန်မာ)၊ ဖြိုးမင်းသန်း (ပဲခူးကလပ် )နှင့် ထွန်းလင်းအောင် (Smart Fight) တို့ပြိုင်ပွဲများ၌ အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။

ကျော်ဇင်နိုင်(ဇာတိမြန်မာ) နှင့် လောဆိုင် (MK1 )တို့ပြိုင်ပွဲတွင် ကျော်ဇင်နိုင်လက်သီးကြောင့် ဒုတိယအချီ၌ လောဆိုင်ဒဏ်ရာရ၍ အရှုံးပေးလိုက်ရသည်။

ကျော်မင်းလွင် (Unity Seven)နှင့် အောင်မြင့်မြတ် (Vanguard )တို့ ပြိုင်ပွဲတွင် ကျော်မင်းလွင်က အောင်မြင့်မြတ်ကို တတိယအချီ၌ အလဲထိုးနိုင်ခဲ့သည်။

အောင်အောင်ဟိန်း (Smart Fight ) နှင့် တိုးမောင် ( အဖြူရောင်သွေးသစ်)တို့ ပြိုင်ပွဲတွင် အောင်အောင်ဟိန်းက တိုးမောင်ကို ဒုတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့်နိုင်ခဲ့သည်။

ထို့ပြင် ကောင်းလင်းဆက် (ပဲခူးကလပ်) နှင့်ဟိန်းထက်အောင် (Smart Fight)၊ ဝေါယောဇက်(ရိုးရာကျား)နှင့် ကျားမာန်ဟိန်း (Smart Fight)တို့ ပြိုင်ပွဲများ၌ အချီပြည့်ပရိသတ်အကြိုက်ထိုးကြကာ ပူးတွဲသရေများကျခဲ့သည်။

ယင်းပြိုင်ပွဲသည် ၃ မိနစ်ထိုး ၂ မိနစ်နားသုံးချီစိန်ခေါ်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

အာကာ

## အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းပွဲစဉ်များတွင် မြန်မာအသင်းများ ရလဒ်မကောင်း

ရန်ကုန် စက်တင်ဘာ ၂၇

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း နှစ်ယောက်တွဲနှင့် သုံးယောက်တွဲပြိုင်ပွဲ အုပ်စုပွဲများကို စက်တင်ဘာ ၂၇ ရက်က ပြုလုပ်ရာ မြန်မာအသင်းများ ရလဒ်မကောင်းဘဲ ရှုံးပွဲကြုံတွေ့ခဲ့သည်။

အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုနှစ်ပွဲစလုံးအရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲတွင် မလေးရှားအသင်းကို ၂-၁ ပွဲဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅-၉ မှတ်ဖြင့် အနိုင်ရသော်လည်း ပွဲငယ်နှစ်ပွဲဆက် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဒုတိယပွဲငယ်တွင် ၁၅-၁၇ မှတ်၊ အဆုံးအဖြတ်ပွဲဖြစ်သည့် တတိယပွဲငယ်တွင် ၁၃-၁၅ မှတ်ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပွဲဖြစ်သည့် ဗီယက်နမ်အသင်းနှင့်ပွဲတွင်လည်း နှစ်ပွဲပြတ် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅-၉ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၁၃ မှတ်ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၂၈ ရက်တွင် လာအိုအသင်းနှင့် ကစားရမည်ဖြစ်သည်။

အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် အဖွင့်ပွဲယှဉ်ပြိုင်ကစားရာ နှစ်ပွဲပြတ်အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅-၉ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅-၁၃ မှတ်ဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် စက်တင်ဘာ ၂၈ ရက်တွင် မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

# စပိန်အသင်းက အင်္ဂလန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ



အင်္ဂလန်အသင်းနဲ့ စပိန်အသင်းတို့ စက်တင်ဘာ ၂၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်မှာ စပိန်အသင်းက အင်္ဂလန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ စပိန်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်း ပွဲကစားချိန် ၁၂ မိနစ်မှာ လာမိုင်းယာမယ်က တစ်ဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၆၀ မှာ အဲလက်ဇ်ဘေနာက တစ်ဂိုး၊ ၇၄ မိနစ်မှာ အိုယာဇာဘယ်က တစ်ဂိုး သွင်းယူပေးခဲ့ပြီး အင်္ဂလန်အသင်းအတွက် ချေပဂိုးတွေကိုတော့ ဂေါ်ဒွန်နဲ့ ဟယ်ရီကိန်းတို့က တစ်ဂိုးစီသွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စပိန်အသင်းဟာ အင်္ဂလန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ယူအီးအက်ဖ်အေ နေးရှင်းလိဂ် အုပ်စုအဆင့်ပထမပွဲစဉ်ယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယား ထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာလည်းဖြစ်ပါတယ်။

အင်္ဂလန်အသင်းနဲ့ စပိန်အသင်းတို့ဟာ ထိပ်တိုက်တွေ့ဆုံမှု ၂၈ ကြိမ်အထိရှိခဲ့ပြီး အင်္ဂလန်အသင်းက ၁၃ ကြိမ်အနိုင်ရကာ စပိန်အသင်းက ၁၁ ကြိမ်အနိုင်ရရှိပြီး လေးကြိမ်က သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

အခြားသော ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ပွဲစဉ်တွေမှာတော့ ဖင်လန်အသင်းက မာရီနိုအသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ဆွစ်ဇာလန်အသင်းက မြောက်မက်ဆီဒိုးနီးယားအသင်းကို သုံးဂိုး-ဂိုးမရှိ၊ အယ်လ်ဘေးနီးယား အသင်းက ဘီလာရုစ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ခရိုအေးရှားအသင်းက ချက်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဆလိုဗက်ကီးယားအသင်းက မက်ဆီဒိုးနီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ လူဇင်ဘတ်အသင်းက ဘူလ်ဂေးရီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အိုက်စ်လန်အသင်းနဲ့ အက်စ်တိုးနီးယားအသင်းတို့ပွဲစဉ်မှာ တစ်ဖက် တစ်ဂိုးစီသရေ၊ ဖာရိုးကျွန်းစုအသင်းနဲ့ ကာဇက်စတန်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေ၊ ဆလိုဗေးနီးယားအသင်းနဲ့ စကော့တလန်အသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေစသဖြင့် ရလဒ်အသီးသီးထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ **ငွေကြယ်**

○ (၅၈)ကြိမ်မြောက်မှ

အဆိုပါ ဆုများအား Men's Bodybuilding up to 65 kg ပြိုင်ပွဲတွင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့မှ ကစားသမား ရှစ်ဦးဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာကစားသမား ဟိန်းဇော်လင်းက ရွှေတံဆိပ်ဆွတ်ခူးခဲ့ပြီး Men's Sports Physique up to 170 cm ပြိုင်ပွဲတွင်လည်း အာဖဂန်နစ္စတန်၊ ထိုင်း၊ ပါကစ္စတန်၊ မြန်မာ၊ အိန္ဒိယ၊ မလေးရှား၊ လာအိုနှင့် မော်လဒိုက်နိုင်ငံတို့မှ ပြိုင်ပွဲဝင်ကစားသမား ၁၃ ဦး ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာကာယဗလကစားသမား နေမျိုးထွဋ် က ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

ထို့အတူ Men's Bodybuilding up to 60 kg ပြိုင်ပွဲတွင် အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ဟောင်ကောင် (တရုတ်)တို့မှ ကစားသမား ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာကစားသမား အောင်ထွဋ်က ကြေးတံဆိပ်တစ်ခုနှင့် ယနေ့ယှဉ်ပြိုင်သည့် Women's Wellness Physique ပြိုင်ပွဲ၌ မွန်ဂိုလီးယား၊ ဥဇဘက်ကစ္စတန်၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ ဟောင်ကောင်(တရုတ်)၊ ဥဇဘက်ကစ္စတန် နိုင်ငံတို့မှ ကစားသမား ကိုးဦး ယှဉ်ပြိုင်ကြရာ မိုးသက်ခိုင်က တတိယ ကြေးတံဆိပ်ဆွတ်ခူးရရှိပြီး မြန်မာကစားသမား ဟိန်းဇော်လင်း သည် ကာယဗလမောင်ဖြေ ကိုလိုတန်းတွင်အကောင်းဆုံးကိုယ်ဟန်ပြဆု(Best Poser 2026 Asia)ကို ရရှိခဲ့သည်။

အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားချန်ပီယံရှစ် ၂၀၂၆ ပြိုင်ပွဲသို့ မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးဦးချိုထွန်းအောင် ဦးဆောင်ကာ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း(အုပ်ချုပ်သူ)၊ ဒေါ်ရီရီဝင်း (နည်းပြ)၊ ဦးနေလင်း(နည်းပြ)၊ ဦးအောင်နိုင်(ဒိုင်)၊ ဒေါ်နန်းလောင်ခမ်း(ဒိုင်)နှင့် ပြိုင်ပွဲဝင်ကစားသမား ခြောက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆုတံဆိပ်လေးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

■ **FIFA–Asean Cup မှ**

မြန်မာအသင်းနည်းပြချုပ် ယော်အန်ဒါဆင်သည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဇင်ညီညီအောင်(ဂိုး)၊ ဖွဲခန့်မင်း၊ ဟိန်းဇေယျာလင်း၊ စိုးမိုးကျော်၊ မြတ်ဘုန်းခန့်၊ ဝေလင်းအောင်၊ ကျော်မင်းဦး၊ ဟိန်းထက်အောင်၊ မြတ်ကောင်းခန့်၊ ဝင်းနိုင်ထွန်း၊ သန်းပိုင်တို့ကို အသုံးပြုခဲ့သည်။ ပထမပိုင်းတွင် အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး မြန်မာအသင်းအနေဖြင့် ဂိုးရနိုင်သည့် အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် ကမ္ဘောဒီးယားအသင်း ပိုဖိကစားနိုင်ခဲ့ပြီး မြန်မာအသင်း တိုက်စစ်မှာ ပထမပိုင်းလောက် ထိရောက်မှုမရှိခဲ့ပေ။ ပွဲပြီးခါနီးတွင် ကမ္ဘောဒီးယားအသင်း အနိုင်ဂိုးရခဲ့ပြီး ကာကာဒါက ပင်နယ်တီဧရိယာစည်းအပြင်ဘက်မှ ကန်သွင်းခဲ့ခြင်းဖြစ်သည်။

အုပ်စု (B) တွင် ကမ္ဘောဒီးယားအသင်းက တစ်ပွဲကစား သုံးမှတ်၊ မြန်မာအသင်းက ပွဲကုန် နှစ်ပွဲကစား သုံးမှတ်ရထားပြီး တီမောအသင်းမှာမူ တစ်ပွဲကစား အမှတ်မရသေးပေ။ စက်တင်ဘာ ၃၀ ရက်တွင် အုပ်စုနောက်ဆုံးပွဲအဖြစ် တီမောအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ကစားရမည်ဖြစ်ပြီး မြန်မာအသင်းသည် တီမောအသင်း အနိုင်ရမှသာ ဗိုလ်လုပွဲတက်ရောက်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ ကမ္ဘောဒီးယားအသင်းသည် အနိမ့်ဆုံးသရေကစားနိုင်ရုံဖြင့် ဗိုလ်လုပွဲ တက်ရောက်နိုင်မည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

❖ **ကမ္ဘောဒီးယားမှ**

မြန်မာနိုင်ငံအသင်းက ဒုတိယနှင့် အိမ်ရှင်တရုတ်နိုင်ငံအသင်းက တတိယ ရရှိခဲ့ကြသည်။

အဆိုပါ ကမ္ဘောဒီးယား နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအသင်းအနေဖြင့် စက်တင်ဘာ ၂၅ ရက်က ငွေတံဆိပ်တစ်ခု၊ စက်တင်ဘာ ၂၆ ရက်က ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု ရရှိခဲ့ပြီး ယနေ့တွင် ငွေတံဆိပ် တစ်ခု ထပ်မံရရှိကာ စုစုပေါင်း ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ်နှစ်ခု ရရှိခဲ့သည်။

မြန်မာနိုင်ငံအသင်းသည် တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော်လက်ရည်စစ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန် ယွမ်လင်မြို့မှ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**


**ပြင်ဆင်ဖတ်ရှုပါရန်**

(၂၄-၉-၂၀၂၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၃၀)ပါ ကန့်ကွက်နိုင်ပါကြောင်း တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမော်(ခ)ဒေါ်အိသဉ္ဇာအောင်၏ ကြော်ငြာတွင် သာကေတမြို့နယ်၊ ၁/ထူပါရုံ ရပ်ကွက်၊ ထူပါရုံ(၆)လမ်း၊ အမှတ်(၄၃/ခ)၊ မြေကွက်အမှတ် (၁၂၈)၊ (၆ ထပ်) တိုက်၊ ဒုတိယထပ်၊ တိုက်ခန်း၏ အလျားxအနံ (၃၄x၅၄)ပေအစား အလျား x အနံ (၁၇x၅၄)ပေဟု ပြင်ဆင်ဖတ်ရှုပါရန်။



# နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့



**သက်ဆိုင်သူများနှင့် အများသိစေရန်အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စီမံကိန်း-၂၊ အပိုင်း-၅၊ မြဝတီလမ်း၊ အမှတ်(၂၃၃)နေ ဦးဇော်ဝင်း[၁၂/သဃက(နိုင်)၀၅၁၅၄၀] မကွယ်လွန်မီက ဖွဲ့စည်းတည်ထောင်ခဲ့သော ဒြောင်ငွေဘုံသာစေတီတော် တာဝန်ရှိအဖွဲ့အစည်းမှ ကောက်ခံရရှိထားသည့် အလှူငွေကျပ်သိန်း (၁၁၀)အား ကျွန်ုပ်၏အမှုသည်ဖြစ်သူ မောင်လှိုင်ဖြိုးသူ[၁၂/သဃက(နိုင်)၁၈၂၉၆၀]၏ လက်ဝယ်သို့ (ဦးဇော်ဝင်း)မကွယ်လွန်မီက လက်ထိလက်ရောက် လွှဲပြောင်း အပ်နှံခဲ့သောကြောင့် အလှူရှင်များ၏ကိုယ်စား ခေတ္တ(ယာယီ)ထိန်းသိမ်းထားရှိပါသည်။ ယခုအခါ (၁၂-၉-၂၀၂၆)နေ့က ကွယ်လွန်သွားသူ အန္တိမဆရာကြီး-ဆရာကျော်(ခ)ဦးဇော်ဝင်း(ဥက္ကဋ္ဌ) ကွယ်လွန်စဉ် ကျန်ရစ်ခဲ့သည့်အလှူငွေများအား စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့က ရွေးချယ်ခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိသော ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ (သို့မဟုတ်) အသင်းအဖွဲ့အမည်ဖြင့် ဘဏ်အပ်ငွေစာရင်း(Bank Account)အသစ် ရရှိပါက ကျွန်ုပ်အမှုသည်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည်၏ ကိုယ်စား ကျွန်ုပ်ထံသို့ဖြစ်စေ ဆက်သွယ်အကြောင်းကြား၍ လာရောက်လက်ခံရယူနိုင်ပါကြောင်းနှင့် အဆိုပါအလှူငွေများအား ထည့်ဝင်လှူဒါန်းကြသူ အလှူရှင်များ၏ မူလရည်ရွယ်ချက်အတိုင်းမဟုတ်ဘဲ အခြားမည်သည့်အကြောင်းကိစ္စတစ်စုံတစ်ရာအတွက် ထုတ်ယူသုံးစွဲခွင့် (လုံးဝ)မပြုကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြိုတင်သတိပေးတားမြစ်လိုက်ပါသည်။

(မှတ်ချက်-မည်သူမဆို ဖုန်း-၀၉-၅၁၈၀၁၈၅ သို့ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။)

လွှဲအပ်ညွှန်ကြားချက်အရ-

တရားလွှတ်တော်ရှေ့နေများ / အထက်တန်းရှေ့နေများ

ဦးဝဏ္ဏဇော်(စဉ်-၉၇၈၀)၊ ဒေါ်စိုးစိုးနွယ်(စဉ်-၁၄၁၈၃) ဦးမင်းမင်း(စဉ်-၂၇၃၂၀)

ဒေါ်စန်းစန်းနု(စဉ်-၁၄၁၈၄)၊ ဒေါ်အိအိစံ(စဉ်-၁၀၂၁၈) ဒေါ်နွေးနွေးအိ(စဉ်-၄၉၄၇၁)

ဒေါ်အေးမွန်သိန်း(စဉ်-၁၆၂၆၉)

အမှတ်(၁၆၁/ခ+ဂ)၊ အခန်း(၂-ဘီ)၊ ဒုတိယထပ်၊ ရေစက်လမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

ဖုန်း-၀၉-၅၁၈၀၁၈၅၊ ၀၉-၅၁၄၃၈၀၂



# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ခတ္တာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၅ ၊ မြေကွက်အမှတ်-၂၂၉ ၊ အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိ ပါမစ်မြေကွက်မှာ ရန်ကုန်မြို့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတို့တွင် ဦးလှမြင့် (ISN-၂၃၁၅၁၉)အမည်ဖြင့် မှတ်သားထားရှိပါသည်။ ပါမစ်အမည်ပေါက် ဦးလှမြင့်ထံမှ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် နေထိုင်ခွင့်ကို အဆင့်ဆင့်အရပ်ကတိအရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမြင့်ကိုကို (၁၂/ဒဂမ(နိုင်)၀၀၈၅၁၁)မှ လက်ရှိပိုင်ဆိုင်၍ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ကတိပြုရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ဖြူဖြူစိုး (LL.B, D.B.L)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၄)

တိုက်-၉/၁၁၊ အခန်း(၂၀၂/အေ)၊ ဒုတိယထပ်၊ ၃၆-လမ်းထိပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



**အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ ငွေပုလဲလမ်း၊ မြေကွက်အမှတ်(၃၃၆/ခ)၊ မြေအကျယ်အဝန်း (၂၂ပေ x ၆၀ပေ)၊ ဧရိယာ-၁၃၂၀ စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြေအမည်ပေါက် ဦးပြည်ကျော်စိုး [၆/တသရ(နိုင်)၀၄၁၃၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုခိုင် [၆/ထဝန(နိုင်)၀၀၈၂၉၇]က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီး ယခုအခါ ယင်းမြေကွက်+နေအိမ်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်လိုအပ်ပါသဖြင့် ဦးပြည်ကျော်စိုးအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံ ဆက်သွယ်၍ အဆိုပါမှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်ကိစ္စအား ဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်သီရိဝင်း (LL.B, D.B.L, D.I.L)

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၁၀) (၂၉-၇-၂၀၁၄)

အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

ဖုန်း- ၀၉-၄၅၀၀၁၉၇၄၅



**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်ဗထူးအိမ်ရာ(၂) U/900၊ တိုက်(DD3)၊ အခန်း(၄၀၂)ဟုခေါ်တွင်သော ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာ(ဒုတိယအဆင့်) တိုက်ခန်း(၁)ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာချက်"**

အထက်ဖော်ပြပါလိပ်စာရှိတိုက်ခန်းသည် ဦးအောင်ကျော်ညွန့်[၁၂/စခန(နိုင်)၀၀၂၄၆၀]အမည်ဖြင့် တည်ရှိပြီး ဒေါ်အေးစုဝင်း[၁၃/မဆတ(နိုင်)၀၄၂၃၃၅]မှ ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်ခွင့်ရှိသူမှာလည်း မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း၊ မည်သူ့ကိုမျှ ကြိုတင်လွှဲပြောင်း ရောင်းချထားခြင်းတို့မရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းထွဋ်နေ [၁၂/ဗတထ(နိုင်)၀၃၇၁၉၉]မှ (၂၅-၉-၂၀၂၆) ရက်စွဲဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းထွဋ်နေ ၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်ဝါဝါလွင်

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)

အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂

## ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကွဲကူးကျေးရွာအုပ်စု၊ နဲ့ရွဲကွင်း၊ ဦးပိုင်အမှတ်-၂၀၊ ၂၁၊ ၂၂၊ ၃၀ ရှိ ဦးခင်ကြည် အမည်ဖြင့် အခြားနည်းအသုံးပြုခွင့်(ငါးကန်)လုပ်ကိုင်ခွင့်ရရှိထားသော စုစုပေါင်း ဧရိယာ(၃၀)ကေနှင့် ဦးခင်အောင် အမည်ပေါက် လယ်ယာမြေ(ပုံစံ-၇) (၂)စောင်ထွက်ရှိထားသော လယ်မြေအမျိုးအစားမြေကွက်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်များ၏ စုစုပေါင်းဧရိယာ (၄၀)ကေအား ပိုင်ဆိုင်သူပိုင်ရှင် ဦးခင်အောင် [၁၂/ဒဂတ(နိုင်)၀၂၀၁၀၈]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအာကာကြယ်စင်ကိုယ်စား ဦးအောင်လှိုင်ထွန်းမှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးအာကာကြယ်စင်** | **ဒေါ်ခင်လေးငယ် (LL.B)** |
| **[၅/ရဘန(နိုင်)၂၂၀၉၄၁]** | **အထက်တန်းရှေ့နေ (စဥ်- ၅၅၉၆၈)** |
| **အမှတ်-၂၅၀၁၊ Time City၊** | **အမှတ်- ၁၉၇၊ သဇင်အောင်လမ်း၊ (၂)ရပ်ကွက်၊** |
| **ကမာရွတ်မြို့နယ်။** | **ရွှေပြည်သာမြို့နယ်။ ဖုန်း- ၀၉-၄၂၀၂၉၅၆၀၁** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၈၀)၊ မြေကွက်အမှတ် (၈ အိုင် ၈ ဂျေ)ပေါ်တွင် ဆောက်လုပ်ထားသော တိုက်အမှတ် (၃၁/၈၇)ရှိ (၇)ခန်းတွဲ၊ (၅)ထပ်တိုက် အဆောက်အဦ၏ အခန်းအမှတ် (5F) (စတုတ္ထထပ်-အက်ဖ်) အကျယ်အဝန်း (၁၀၂၆ စတုရန်းပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ရောင်းချခြင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်သီသီနွယ် [၆/သရခ (နိုင်) ၀၇၁၂၉၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းဇေယျာ [၂/ဒမဆ(နိုင်) ၀၃၄၅၅၃]မှ အဆိုပါတိုက်ခန်းအား အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းဇေယျာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ခင်အေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ် - ၁၆၀၉၃)**
**အင်းစိန်ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၁၁၆၇၀၁၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၂၁၄)၊ သမာဓိလမ်းနှင့်နတ်သျှင်နောင်လမ်းထောင့်၊ မြေအကျယ်အဝန်း (၄၅ပေx ၆၀ပေ)၊ (၀.၀၆၂)ကေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်နိုင် (DD-002337) [၈/ပခက(နိုင်)၀၂၂၇၀၇] အမည်ဖြင့် မှတ်သားထားပြီး၊ မြေအမည်ပေါက်ဖြစ်သည့် ဦးကျော်နိုင်မှ မိမိသာလျှင် တရားဝင်အမည်ပေါက်၍ ပိုင်ဆိုင်ထားကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းအစရှိသည့် အရှုပ်အရှင်းတို့ကင်းရှင်းကြောင်းဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရွှေယဥ်စံ LL.B အထက်တန်းရှေ့နေ (စဥ်- ၅၀၉၉၉)**
**အမှတ်(၁၅၆) မြေတိုင်းလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉- ၄၂၁၇၃၇၉၀၆၊ ၀၉-၉၈၀၀၄၈၃၃၉**

## “အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၄) ရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အမှတ် (၉၉၇) နေ (ဘ) ဦးသိန်းဝင်း၏ သားဖြစ်သူ ဦးလင်းကျော့မှူး [၁၀/မလမ(နိုင်)၂၀၅၆၀၀]မှ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်သည်မှာ -

ကျွန်တော် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သည့် အိမ်မြေကွက်ဖြစ်သည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဇေယျာမြိုင်ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အကွက်အမှတ် (၃၅၈)၊ ဦးပိုင်အမှတ်(၈၁)၊ မြေချိန်ဧရိယာ (၀.၀၈၂)ကေ၊ မြေကွက်အကျယ် (၆၀x၆၀)ပေ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်သည့် ဂရန်မူရင်းမှာ ပျောက်ဆုံးခဲ့သောကြောင့် ကျွန်တော်မှ (၁၄-၆-၂၀၂၆)ရက်နေ့စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၄)၌ “အများသိစေရန်ကြေညာခြင်း”ဖြင့် သတင်းစာကြော်ငြာ ထည့်သွင်းခဲ့ပါသည်။ ယခုအခါတွင် အဆိုပါ ဂရန်မူရင်းမှာ ကျွန်တော်၏ လက်ဝယ်သို့ပြန်လည်ရောက်ရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလင်းကျော့မှူး [၁၀/မလမ (နိုင်) ၂၀၅၆၀၀]**

## တောင်ကြီးမြို့ ရိုးရာမီးပုံးပျံပွဲတော်အတွက် ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် တောင်ကြီးမြို့ ရိုးရာမီးပုံးပျံပွဲတော်ကို ၁၈-၁၁-၂၀၂၆ ရက်နေ့မှ ၂၄-၁၁-၂၀၂၆ ရက်နေ့အထိ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ လုပ်ငန်း (၄)မျိုးအတွက် လေလံလျှောက်လွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဈေးဆိုင်ခန်းများ ၊ ပျံကျဈေးနှင့် လက်ပွေ့ဈေးသည်များလုပ်ငန်း၊
(ခ) ချားရဟတ်ကွင်း၊ ကလေးကစားကွင်းနှင့် ပျော့ပျော့အိအိကစားကွင်း လုပ်ငန်း၊
(ဂ) ယာဉ်ရပ်နားစခန်းလုပ်ငန်း(၁)၊ (၂)၊ (၃)၊ (၄)
(ဃ) သန့်စင်ခန်းလုပ်ငန်း

| | | | |
|---|---|---|---|
| ၂။ | လေလံလျှောက်လွှာစတင် ရောင်းချမည့်ရက် | - | ၂၅-၉-၂၀၂၆ ရက် (ရုံးချိန်အတွင်း) |
| ၃။ | လေလံလျှောက်လွှာ ပိတ်မည့် ရက်နှင့်အချိန် | - | ၇-၁၀-၂၀၂၆ ရက် (၁၆:၃၀ နာရီ) |
| ၄။ | လေလံလျှောက်လွှာစတင် ရောင်းချမည့်နေရာနှင့် လေလံတင်သွင်းရမည့်နေရာ | - | ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်း ကော်မတီရုံး (ရှမ်းပြည်နယ်အခွန်ဦးစီး ဌာနမှူးရုံး) |
| ၅။ | လေလံဖွင့်လှစ်မည့်ရက် အချိန်နှင့်နေရာ | - | ၈-၁၀-၂၀၂၆ ရက် (၀၉:၃၀ နာရီ) ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေး ခန်းမ(၂) |

၆။ ကုမ္ပဏီများမှ ကြော်ငြာဆိုင်းဘုတ်များဆောင်ရွက်ခြင်း ဆက်သွယ်ရေး ကုမ္ပဏီများမှ ဆက်သွယ်ရေးကွန်ရက်လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရန် ယာယီရွှေ့ပြောင်းနိုင်သည့် Mobile Tower များ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာငွေ ကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံးသို့ ဆက်သွယ်လျှောက်ထား ဆောင်ရွက်သွားရမည်။

၇။ လေလံလျှောက်လွှာတင်သွင်းသူများသည် သတ်မှတ်ရက်၊ သတ်မှတ်ချိန် အတွင်း လာရောက်တင်သွင်းရန်နှင့် ၎င်းနေ့ရက်၊ အချိန်ထက်နောက်ကျ၍ တင်သွင်းလာသော လေလံတင်လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ၊ သတ်မှတ်စည်းကမ်းချက်များနှင့် မပြည့်စုံသည့် လျှောက်လွှာများအားလည်း လက်ခံစဉ်းစားမည်မဟုတ်ပါ။ လေလံလျှောက်လွှာနှင့်ပတ်သက်၍ အသေးစိတ် သိရှိလိုပါက ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံး၊ ဖုန်း-၀၉-၇၉၂၇၃၃၃၅၆၊ ၀၉-၄၀၂၅၇၆၂၈၃၊ ၀၉-၄၄၅၁၃၁၆၉၂၊ ၀၉-၂၆၁၇၄၆၁၉၉ အား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် (၅၀)၊ နေကြာလမ်း၊ မြေကွက်အမှတ် (၃၂၁)ဟုခေါ်တွင်သော အလျားxအနံ (၄၁x၆၀)ပေ ဦးလှကြည် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ကြီးအနက်မှ (ခြေရင်းခြမ်း) တရားဝင်မခွဲစိတ်ရသေးသော အလျားxအနံ (၂၀.၆x၆၀)ပေ ဂရန်မူရင်းခြမ်း မြေကွက်နှင့် နေအိမ်+ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ပိုင်ရှင် ဦးလှကြည်နှင့် ဇနီး ဒေါ်ခင်စော အပါအဝင် ၎င်းတို့၏ သားဖြစ်သူ ဦးသက်ဦးတို့ (ကွယ်လွန်)၍ အမွေဆက်ခံခွင့်ရှိသူ ချွေးမ/ဇနီးဖြစ်သူ ဒေါ်စန်းတင့်ထံမှ ဦးမင်းညွန့်မောင် [၁၂/ရကန(နိုင်) ၀၀၀၆၃၀]မှ ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လင်းလင်း [၁၄/ဟသတ(နိုင်) ၀၀၀၇၇၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင်အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်လင်းလင်း၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင့်ဝင့်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ် - ၁၈၀၆၉)**
**၀၉-၂၆၁၁၀၁၁၃၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆၈)၊ လူနေရပ်ကွက်အမှတ် (၁၆၈)၊ ရဲကျော်သူရလမ်းသွယ်(၂)၊ မြေကွက်အမှတ်(၉၂၆)၊** အကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးအောင်ဆင့် [၁၂/ သဃက(နိုင်)၁၀၆၄၇၇]အမည်ပေါက် မြေချပါမစ်အမျိုးအစားမြေကွက် အနက်မှ တရားဝင် မခွဲစိတ်ရသေးသည့် မြေကွက်အမှတ်(၉၂၇)ကပ်လျက်ဘက်ခြမ်း အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ၎င်းမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **စိုးစိုး (ဘ) ဦးကျော်မြိုင် [၁၂/ဒဂဆ(နိုင်)၀၂၆၈၅၂]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေသီလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၅၆၁၀/၂၀၁၉)**
**အမှတ်(၁၂၂)၊ ငမိုးရိပ်(၉)လမ်း၊ အပိုင်း(၁)၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၀၃၇၂၂၇၆၂**

## အသင်းသူ/အသင်းသားများနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း Yangon Region Real Estate Services Association in- corporated (YRESA)သည် (၃-၁၀-၂၀၁၈)ရက်နေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA)၏ Company Registration No. 106276781 ဖြင့် အသင်းမှတ်ပုံတင်နှင့် လိုင်စင်ခွင့်ပြုမိန့် ရရှိခဲ့ပြီးဖြစ်ပါသည်။

အသင်းသည် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)၏ အကြံပြုချက်များကိုရယူ၍ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များ အောင်မြင်အောင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ (၂၀၂၆-၂၀၂၉) သက်တမ်းကာလအတွက် ရွေးချယ်တင်မြှောက်ခြင်းခံရသော အလုပ်အမှုဆောင်၊ အမှုဆောင် (၃၉)ဦးဖြင့် တရားဝင်ဖွဲ့စည်းထားရှိပြီး အသင်းကိစ္စရပ်များအား ဆက်လက်စီမံလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

| | | | | |
|---|---|---|---|---|
| ၁။ | ဦးအောင်ကျော်မျိုး | ဥက္ကဋ္ဌ | ၂၁။ ဒေါ်ယဉ်မြတ်သွယ် | အမှုဆောင် |
| ၂။ | ဦးဝင်းသူရဆွေ | ဒု-ဥက္ကဋ္ဌ-၁ | ၂၂။ ဒေါ်နန္ဒာအောင် | အမှုဆောင် |
| ၃။ | ဦးနေဝင်းမောင် | ဒု-ဥက္ကဋ္ဌ-၂ | ၂၃။ ဦးကျော်သန်းဝင်း | အမှုဆောင် |
| ၄။ | ဒေါ်အေးအေးမော် (ခ) ဒေါ်တိုးတိုး | ဒု-ဥက္ကဋ္ဌ-၃ | ၂၄။ ဒေါ်ကေခိုင်စုကလျာဝင်း | အမှုဆောင် |
| | | | ၂၅။ ဦးကျော်ကျော်လှိုင် | အမှုဆောင် |
| ၅။ | ဒေါ်စုစန္ဒာမော် | အတွင်းရေးမှူး | ၂၆။ ဒေါ်ခြူးရတနာငွေ | အမှုဆောင် |
| ၆။ | ဒေါ်ခင်ခင်သွဲ့ | တွဲဖက်အတွင်းရေးမှူး-၁ | ၂၇။ ဦးတင်ထူးအောင် | အမှုဆောင် |
| ၇။ | ဒေါ်မြင့်မြင့်ဌေး | တွဲဖက်အတွင်းရေးမှူး-၂ | ၂၈။ ဦးတင်ကိုလွင် | အမှုဆောင် |
| ၈။ | ဦးအောင်ကျော်ဝင်း | တွဲဖက်အတွင်းရေးမှူး-၃ | ၂၉။ ဒေါ်ဌေးဌေးသစ် | အမှုဆောင် |
| ၉။ | ဦးကျော်စွာဝင်း | တွဲဖက်အတွင်းရေးမှူး-၄ | ၃၀။ ဒေါ်ရွှေရည်ဖူး | အမှုဆောင် |
| ၁၀။ | ဦးမင်းထက်အောင် | တွဲဖက်အတွင်းရေးမှူး-၅ | ၃၁။ ဦးဝင်းမင်းသိန်း | အမှုဆောင် |
| ၁၁။ | ဦးစည်သူထွန်း | ဘဏ္ဍာရေးမှူး | ၃၂။ ဦးနိုင်လင်းထွန်း | အမှုဆောင် |
| ၁၂။ | ဒေါ်လှလှကြူ | တွဲဖက် ဘဏ္ဍာရေးမှူး -၁ | ၃၃။ ဦးဝေယံမင်းဦး | အမှုဆောင် |
| ၁၃။ | ဦးဌေးဝင်း | တွဲဖက် ဘဏ္ဍာရေးမှူး - ၂ | ၃၄။ ဒေါ်ရွှန်းလဲ့လဲ့လွင် | အမှုဆောင် |
| ၁၄။ | ဒေါ်တင်တင်အေး | စာရင်းစစ် | ၃၅။ ဒေါ်မဥ္ဇူထိုက် | အမှုဆောင် |
| ၁၅။ | ဒေါ်အေးသီတာခင် | တွဲဖက်စာရင်းစစ်-၁ | ၃၆။ ဦးနေဝင်းအောင် | အမှုဆောင် |
| ၁၆။ | ဒေါ်အိအိမာ | တွဲဖက်စာရင်းစစ် - ၂ | ၃၇။ ဒေါ်သင်းနွယ်မိုး | အမှုဆောင် |
| ၁၇။ | ဦးအောင်ကိုကိုလေး | အလုပ်အမှုဆောင် | ၃၈။ ဒေါ်အိမင်းကြူ | အမှုဆောင် |
| ၁၈။ | ဦးဝင်းနိုင် | အလုပ်အမှုဆောင် | ၃၉။ ဦးသီဟ(ခ) ဦးဟိန်းအောင်အောင် | အမှုဆောင် |
| ၁၉။ | ဦးညီညီလွင် | အလုပ်အမှုဆောင် | | |
| ၂၀။ | ဦးမြင့်လွင် | အလုပ်အမှုဆောင် | | |

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း (YRESA)သည် (၁၉-၉-၂၀၂၆)ရက်နေ့တွင် (၂၀၂၆-၂၀၂၉) ရွေးကောက်ပွဲအား ရန်ကုန်မြို့၊ ယုဇနဟိုတယ်၌ အောင်မြင်စွာကျင်းပခဲ့ပြီးစီးပြီး ဖြစ်ပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါကြောင်း အသင်းသူ/အသင်းသားများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်၊ အမှုဆောင်များ**
**ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်း**

**အသင်းရုံးလိပ်စာ-** **ညောင်ပင်လေးဈေးပလာဇာ၊ အဆောင်(C)၊၅လွှာ(B)**
**ကမ်းနားလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**09-51658131, 09-443040707**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အ.ထ.က(ခွဲ)၊ မြို့မ (၃)ကျောင်း ၊ Grade-11 တွင် ပညာသင်ကြားနေသော မအိဖူးခိုင်၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်း [၁၄/ အဂပ(နိုင်) ၂၃၄၀၉၅] ဖြစ်ပါကြောင်း။

**ဦးနိုင်လင်း**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မန္တလေးတိုင်း ဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အထက(ခွဲ) သဖန်းပင်ရိုးမှ အထက်တန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်စန်း(ခ) ဒေါ်ခင်မာအေး [၉/မထလ (နိုင်) ၂၁၆၇၄၀]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ပဲခူးမြို့၊ Best Choice ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော ဦးသူရလင်း၏သမီးဖြစ်သူ မသင်းသူသူထက်လွင် နှင့် မဆုရှင်းထက်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## “ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ် (၅၁၇) တွင် နေထိုင်သော ဒေါ်အုံးတင် [၁၂/သကတ (နိုင်) ၁၁၁၂၅၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ မြေကွက်အမှတ် (၅၁၇)၊ ဧရိယာ (၀.၀၆၄)ကေ၊ အကျယ်အဝန်း(၄၀ပေx၇၀ပေ) (၂၈၀၀-စတုရန်းပေ)ရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေ မြေကွက်စီမံခန့်ခွဲမှု ဌာနရှိ မြို့မြေစာရင်းတွင် ဦးဘသိန်း [၁၂/သကတ(နိုင်) ၁၀၉၉၂၀]တရားဝင် အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။ ဦးဘသိန်းသည် (၈-၆-၂၀၁၆) ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ဒေါ်အုံးတင်သည် ဦးဘသိန်း၏ တရားဝင်ဇနီး ဖြစ်ပါသည်။ ဦးဘသိန်း ကွယ်လွန်ပြီးနောက် တရားဝင်ဇနီးဖြစ်သူ ဒေါ်အုံးတင်သည် မြန်မာ့ဓလေ့ထုံးထမ်းဥပဒေနှင့် အမွေဆက်ခံခြင်း ဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သူဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်သည့် နှစ်(၆၀) မြေငှားဂရန်မူရင်းမှာ နေအိမ်တွင် သိမ်းဆည်းထားရာ၌ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့၍ ဂရန် မိတ္တူလျှောက်ထားရန်နှင့် ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် ဆောင်ရွက် မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဂရန်မြေကွက်နှင့် မြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြေညာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံပိုင်ဆိုင်မှုအထောက် အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိလျှင် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အုံးတင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပွင့်ဖြူဖြူလွင်**
**(LL.B, MA Business Law, DBL, D.I.L, WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၈၇၈၈)**
**တိုက် L 9၊ အခန်း 04၊ သုခတော်ဝင်အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်၊**
**နေပြည်တော်။ ဖုန်း- ၀၉-၇၈၉၄၄၄၄၈၄**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နှင်းယုဝါ [၁၂/လသယ(နိုင်) ၀၂၆၅၇၂]၊ ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာမြို့နယ် (၁/၁၃) ရပ်ကွက်၊မြို့ပတ်လမ်း၊ အမှတ်(၄၂၇)နေသူသည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၂)ရပ်ကွက်၊ အလောင်းဘုရားလမ်းသွယ်(၇)လမ်း၊ အိမ်ခြံမြေကွက်အမှတ် (BG-14)၊မြေအကျယ် (အလျား ၆၀ပေx အနံ ၂၀ပေ) မြေကွက်သည် မှော်ဘီ ကိုယ်ထူကိုယ်ထအိမ်ရာချထားရေးကော်မတီ၊ အိမ်ရာအဆင့်(BG)တွင် အိမ်ရာကွက်အမှတ် (၁၄)၊ အမည်ပေါက် ဦးတင်စိုးဝင်း ဖြစ်ပြီး အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးမောင်မောင်မြင့် [၉/ပမန(နိုင်) ၀၆၀၈၃၅]ထံက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်စာချုပ်တစ်ရပ် ချုပ်ဆိုသွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းယုဝါ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မိုင်ကြည်ကြည်မြိုင် (LL.B, DBL, DIL)** | **ဒေါ်ရွှေလ (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၅၁၄၉)** | **တရားလွှတ်တော်ရှေ့နေ (စဥ်- ၂၀၄၁၇)** |

**အမှတ်(၇၀၂/ခ)၊ ရုံးပေါင်းစုံလမ်း၊ မြို့နယ်တရားရုံးရှေ့၊ မှော်ဘီမြို့။ ၀၉-၄၂၀၁၃၆၄၄၄**

## အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နေ အဖ ဦးဗညားအောင် [၇/ရကန (နိုင်) ၀၅၂၈၇၃]၏သမီး အ.လ.က(ခွဲ) ပျဉ်းမပင်ကျောင်း Grade-1 အတန်းမှ မဖူးခက်ဝေအား မမေရှင်းသန့် အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မမေရှင်းသန့်အောင်**

## ဥတုရာသီ တောကို မှီ၏

## “ကန့်ကွက်နိုင်ကြောင်းကြော်ငြာ”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်- ရလပ-၂၅၊ မြေကွက်အမှတ် ၁၇၇၊ ဧရိယာ (၁.၄၃၃)ကေရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မောင်ကြံသီးလမ်း၊ အမှတ် (၁၇၇) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမောင်မောင်ခင် [၁၂/လသန(နိုင်) ၀၀၂၈၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်တို့ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်စုလွင်မောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၆၆၆၄)**
**ရုံးခန်းအမှတ်- ၅၊ ပထမထပ်၊ Strand Condominium ၊ အမှတ်- ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၅၀၀၉၈၉၃**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ | ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ | ❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ယနေ့ ဖတ်စရာ


**ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ခတ္တာလမ်းအမှတ်(၂၃)ရှိ ရှိုင်ရယ်ခတ္တာဟိုတယ်သည် ဓာတ်အားခိုးယူသုံးစွဲနေကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်**

စာမျက်နှာ » ၁၈

**ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ၃ ဒသမ ၈ ပေ ဆက်လက်ရေကျော်စီးဆင်းလျက်ရှိ**

စာမျက်နှာ » ၂၆

**ရန်ကုန်မြို့၌ ၅ ကီလိုမီတာ ဗစ်ဆစ်ဘာရတ် အပြေးပြိုင်ပွဲ ကျင်းပ**

စာမျက်နှာ » ၂၇


# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၇

၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက် အမှာစကားပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# (၅၈)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာကာယဗလအသင်း ရွှေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု ဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၂၇

(၅၈)ကြိမ်မြောက် အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစား ချန်ပီယံရှစ် ၂၀၂၆(58th ASIAN BODYBUILDING AND PHYSIQUE SPORTS CHAMPIONSHIPS 2026)ပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် ဘန်ကောက်မြို့၌ စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိရာ မြန်မာကာယဗလ အသင်းသည် ရွှေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိခဲ့ကြသည်။

စာမျက်နှာ ၂၈ ကော်လံ ၅ သို့ ○




# FIFA-ASEAN Cup ပြိုင်ပွဲတွင် ကမ္ဘောဒီးယားကို မြန်မာအသင်းရှုံးနိမ့်

ရန်ကုန် စက်တင်ဘာ ၂၇

FIFA–ASEAN Cup 2026 ပြိုင်ပွဲ Division 2 အုပ်စုဒုတိယနေ့ကို စက်တင်ဘာ ၂၇ ရက်က ဟောင်ကောင်၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

**ရှုံးပွဲကြုံတွေ့**

မြန်မာအသင်းသည် ယခုပွဲအနိုင်ရပါက ဗိုလ်လုပွဲတက်ရောက်ခွင့်ရမည်ဖြစ်သော်လည်း အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲတက်ရောက်ခွင့်ရရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။ မြန်မာအသင်း၏ ယခုပြိုင်ပွဲကစားနေသည့်ခြေစွမ်းမှာ အားရစရာမရှိဘဲ ပထမပွဲတွင် တီမောကို အနိုင်ရသော်လည်း ခြေစွမ်းအရ အားရစရာမရှိသကဲ့သို့ ယခုပွဲတွင်လည်း ခြေစွမ်းမကောင်းဘဲ ရှုံးပွဲပါကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရကစားသမားအချို့ရှိနေသော်လည်း မြန်မာအသင်း၏ကစားပုံမှာ ပြီးခဲ့သည့် အာဆီယံဖလားပြိုင်ပွဲနှင့် ကွာခြားခဲ့ပြီး ကမ္ဘောဒီးယားအသင်းကိုပင် အရေးနိမ့်သည်အထိ ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ■



မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ကမ္ဘာ့ဖလားနဂါးလှေလှော်ပြိုင်ပွဲ တတိယနေ့တွင် မြန်မာအသင်းက ငွေတံဆိပ်တစ်ခု ထပ်မံရရှိ၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရရှိခဲ့




ရန်ကုန် စက်တင်ဘာ ၂၇

တရုတ်နိုင်ငံ ယွမ်လင်မြို့တွင် စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်၏ ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲ တတိယနေ့ နောက်ဆုံးပွဲစဉ် အမျိုးသားအလွတ်တန်း (၁၀) တက်လှော် ကီလိုမီတာ ၁၄၀၀၀ မာရသွန် နဂါးလှေလှော်ပြိုင်ပွဲတွင် ယူကရိန်းနိုင်ငံအသင်းက ပထမ၊

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❖